# ချင်းအမျိုးသားရေးရာ စာစောင်



**စာစီစာရိုက်၊ တည်းဖြတ်**

ဗိုလ်ကြီး ခင်မောင်လေး

**စီစဉ်ထုတ်ဝေသူ**

သတင်းနှင့်ပြန်ကြားရေးဌာန

ချင်းအမျိုးသားတပ်ဦး

**မူပိုင်**

ချင်းအမျိုးသားတပ်ဦး

**အယ်ဒီတာချုပ်**

ပူးသောမတ်(စ်) ထန်နိုး

**မီဒီယာ ဆက်သွယ်ရန်**

**Editor;** Cpt. Khin Mg Lay

cnfinfo88@gmail.com
bhmaunglay@gmail.com
&
+91 8415 851 622
www.chinland.org
http://cnfinfo88.blogspot.in

**ပုံနှိပ်**

KL Offset Printers
M.G. Road, Tuikhuahtlang, Aizawl, Mizoram

---

**ချင်းအမျိုးသားတပ်ဦး၊ သတင်းနှင့်ပြန်ကြားရေးဌာနမှ လေးလတစ်ကြိမ်ထုတ်ဝေသည်။**

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ၁။ ပါတီအာဘော် | ၀၁ |
| ၂။ ထုတ်ပြန်ကြေညာချက် | ၀၃ |
| ၃။ သဂၤဏ်လွှာ နှင့် မိန့်ခွန်း | ၀၇ |
| ၄။ ကာတွန်း | ၁၆ |
| ၅။ ရယ်စရာ | ၂၂ |
| ၆။ သတင်းထိုထွာ | ၂၅ |
| ၇။ ကဗျာ | ၃၂ |
| ၈။ ဓါတ်ပုံမှတ်တမ်း. | ၄၁ |
| ၉။ ဆောင်းပါး | |
| - ခရီးသွားလာရေး စက်မှုဇုန်ပြည် (Tourism Industerial State) | ၄၅ |
| - ကီမိုတောင်၏ ဖိတ်ခေါ်သံ | ၄၈ |
| - ဖွံ့ဖြိုးတိုးတက်မှု သတိပေး ခေါင်းလောင်းသံ | ၅၃ |
| - ဒီမိုကရေစီ အခြေခံတရားများ | ၅၇ |
| - မွေးရပ်မြေက ချိုမြိန်သော ချစ်မျက်ရည်စက်များ | ၆၃ |
| - ချင်းအမျိုးသားများနှင့် ချင်းလူငယ်များထံ သတိပေးချက် | ၆၉ |
| - ကိုယ်ပိုင်ပြဌာန်းခွင့်နှင့် ခွဲထွက်ခွင့် | ၇၂ |
| - ပထမအကြိမ် ချင်းအမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ | ၇၉ |
| - ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- ၂၁ ရာစုပင်လုံ (ဒုတိယအစည်းအဝေး) | ၉၆ |

ပါတီအာဘော်

# ချင်းအမျိုးသားနေ့ကို နိုင်ငံရေးအနှစ်သာရ ပြည့်ဝစွာ ကျင်းပနိုင်ရေး

ပြည်ထောင်စုမြန်မာနိုင်ငံသည် သီးခြားပြည်ထောင်များအဖြစ် ရပ်တည်လာခဲ့ကြသော ချင်းတောင်တန်းဒေသ၊ ကချင်တောင်တန်းဒေသ၊ ပြည်ထောင်စု ရှမ်းပြည်နှင့် ဗမာပြည်မတို့မှ ခေါင်းဆောင်ကြီးများတို့က ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂) ရက်နေ့တွင် ချုပ်ဆိုခဲ့သော "ပင်လုံစာချုပ်" အရ စုပေါင်း၍ ဖွဲ့စည်းတည်ထောင်ထားသော နိုင်ငံဖြစ်သည်။ ပင်လုံညီလာခံကြီးတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားပေါင်းစုံ ရည်မှန်းခဲ့ကြသော လွတ်လပ်ရေးကို အတူတကွ ရယူရန်၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံချက်ပေးသည့် ဒီမိုကရေစီကို အခြေခံသော ဖက်ဒရယ်ပြည်ထောင်စု တည်ထောင်ရန် သဘောတူညီကြခြင်း ဖြစ်သည်။ ချင်း၊ ကချင်၊ ရှမ်း နှင့် ဗမာလူမျိုးများတို့သည် အင်္ဂလိပ်တို့ထံမှ သီးခြားစီ လွတ်လပ်ရေး ရယူနိုင်သော အခွင့်အရေးကို ထားခဲ့ပြီး ပူးပေါင်းနိုင်ငံတစ်ခု ထူထောင်ရန် မိမိတို့ ဆန္ဒအရ သဘောတူညီခဲ့ကြခြင်းပင် ဖြစ်သည်။

တန်းတူရေးဟု ဆိုရာတွင် သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးများ အပြန်အလှန်အသိအမှတ်ပြုမှုသာဖြစ်နိုင်သည်။ လူမျိုးရေး၊ နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာများတွင် အဆင့်အတန်းမခွဲဘဲ အခွင့်အရေးတူ၊ အခွင့်အလမ်းတူ၊ ရပိုင်ခွင့်တူ၊ ဒီမိုကရေစီကျကျ ခံစားခွင့်ရှိရမည် ဆိုသည်ကို အသိအမှတ်ပြု လက်ခံထားကြရမည်။ လူမျိုးအရ အနည်းအများ၊ ဆင်းရဲချမ်းသာ၊ ပညာအရည်အချင်း၊ အကြီးအသေး၊ အဆင့်အတန်းမခွဲဘဲ နိုင်ငံဖွဲ့စည်းမှုနှင့် အာဏာကျင့်သုံးမှုတွင် တန်းတူမှု ရှိရပါမည်။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ပတ်သက်၍ ဖက်ဒရယ်ပြည်ထောင်စုအတွင်း ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်သာ ဖြစ်သင့်ပါသည်။ ပြည်နယ်/တိုင်းအတွင်း ဖက်ဒရယ် ပြည်ထောင်စု ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ရေးဆွဲသော ပြည်နယ် ဖွဲ့စည်းအုပ်ချုပ်ပုံနှင့်အညီ ဥပဒေပြုအာဏာ၊ တရားစီရင်ရေးအာဏာနှင့် အုပ်ချုပ်ရေးအာဏာ အပြည့်အဝ ရှိရမည်။ ပင်လုံစာချုပ် အချက် (၅) တွင် နယ်စပ်ဒေသများအတွက် နယ်တွင်းအုပ်ချုပ်ရေးတွင် ကိုယ်ပိုင်အုပ်ချုပ်ရေးရာခိုင်နှုန်းအပြည့် ရှိစေရမည်ဟူသော မူကို သဘောတူခဲ့ကြသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ တိုင်းရင်းသားခေါင်းဆောင်ကြီးများ သဘောတူခဲ့ကြသော အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံချက်ပေးသော ဒီမိုကရေစီကို အခြေခံသည့်

ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရာတွင် ၁၉၄၇ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေက သော်လည်းကောင်း၊ ၁၉၇၄ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကသော်လည်းကောင်း၊ ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေက သော်လည်းကောင်း လုံး၀ အာမခံချက် မပေးနိုင်ခဲ့ပေ။ အမျိုးသား တန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်ဆိုင်ရာ မူများ အပြည့်အ၀ မကျင့်သုံးနိုင်သေးသောကြောင့် ချင်းအမျိုးသားနေ့သည် ယနေ့ထိတိုင် နိုင်ငံရေးအနှစ်သာရ ပြည့်၀စွာ ကျင်းပနိုင်ခြင်း မရှိသေးပေ။

၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ (၉) ရက်နေ့တွင် ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီနှင့် ချင်းအမျိုးသားတပ်ဦး တို့အကြား နှစ်ဖက်သဘောတူညီချက် အမှတ် (၂)တွင် "ချင်းအမျိုးသားတို့၏ အမြတ်တနိုး တန်ဖိုးထားသည့် နေ့ရက်ဖြစ်သော ဖေဖော်ဝါရီလ (၂၀) ရက်နေ့ကို ချင်းအမျိုးသားနေ့အဖြစ် ပြန်လည်သတ်မှတ်ရန်နှင့် ချင်းပြည်နယ်တွင် ယင်းနေ့ရက်အား ရုံးပိတ်ရက်အဖြစ် သတ်မှတ်ရန်တို့ကိုပြည်နယ်အစိုးရမှတဆင့် ဆက်လက်ဆောင်ရွက်ရန် သဘောတူသည်" ဟု ပါရှိသည့်အတိုင်း ချင်းအမျိုးသားတပ်ဦးနှင့် အရင် ချင်းပြည်နယ်အစိုးရတို့ တွေ့ဆုံခဲ့ကြပြီး လက်တွေ့ဆောင်ရွက်သည့်အခါ ဟိုမရောက်ဒီမရောက် တန်းလန်းကျန်ရစ်ခဲ့သည်။ ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေက ချင်းအမျိုးသားတို့၏ တန်းတူညီမျှမှုနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို လုံး၀အာမခံချက် မပေးသောကြောင့် ဖြစ်သည်။ ချင်းအမျိုးသားနေ့နှင့် ၎င်းနေ့ရက်ကို ရုံးပိတ်ရက်အဖြစ် သတ်မှတ်ရေးနှင့် ပတ်သက်၍ ချင်းပြည်နယ်လွှတ်တော်၊ ချင်းပြည်နယ်အစိုးရတို့ထံ လုပ်ပိုင်ခွင့်အာဏာ လုံး၀မရှိခြင်းကြောင့် ဖြစ်သည်။ ထို့အပြင် ချင်းအမျိုးသားအရေး၊ ချင်းအမျိုးသားနေ့ .. စသဖြင့် ချင်းအမျိုးသား နိုင်ငံရေးအစည်းအဝေး၊ ဟောပြောပွဲ၊ သတင်းမီဒီယာ၊ စာအုပ်ထုတ်လုပ်မှုများနှင့် ပတ်သက်၍ ယနေ့အထိ လွတ်လပ်မှု အပြည့်အ၀ မရှိသေး၊ အစိုးရ ကြိုးနီစနစ်၏ ကန့်သတ်ချက်များ၊ ချုပ်ချယ်မှုများ ရှိနေသေးသည်။

ထို့ကြောင့် ချင်းလူမျိုးကို အသိအမှတ်ပြုရာရောက်သည့် ချင်းအမျိုးသား တန်းတူညီမျှမှုနှင့် ချင်းကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ကို အာမခံချက်ပေးသော ဒီမိုကရေစီအခြေခံ ဖက်ဒရယ်ပြည်ထောင်စု တည်ထောင်ရန် လိုအပ်သည်။ ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေက အာမခံချက် ပေးရမည်။ သို့မှသာ ချင်းအမျိုးသားနေ့ကို နိုင်ငံရေးအနှစ်သာရ ပြည့်၀စွာ ကျင်းပနိုင်မည် ဖြစ်သည်။

**အယ်ဒီတာ**

******************

CHIN NATIONAL FRONT
General Headquarters
Chinland

# ၆၉ နှစ်မြောက် ချင်းအမျိုးသားနေ့ ထုတ်ပြန်ကြေညာချက်

ယနေ့တွင် ကျရောက်သည့် ချင်းအမျိုးသားနေ့သည် ချင်းလူမျိုးတို့၏ သီးခြားဂုဏ်အင်လက္ခဏာ ရှိခြင်း။ မိမိတို့၏ ပိုင်နက်နယ်မြေအတွင်း သမိုင်းစဉ်လာအရ လူမျိုးတစ်ရပ် (Nation)အဖြစ် တည်ရှိခြင်းတို့ကို အခိုင်အမာဖော်ညွှန်းသည့် ရက်မြတ်ဖြစ်ပေသည်။ ဤကဲ့သို့သော ရက်မြတ် မင်္ဂလာ အခါသမယအား ချင်းပြည်၊ မြန်မာနိုင်ငံနှင့် ကမ္ဘာတဝှမ်းရှိ ချင်းအမျိုးသားများအနေ ဖြင့် နိုင်ငံရေးအနှစ်သာရ ပြည့်ဝစွာ ဆင်နွဲနိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါ တယ်။

၁၉၄၇ ခုနှစ်တွင် သီးခြားပြည်ထောင်များအဖြစ် ရပ်တည်လာခဲ့ကြသော ဗမာပြည်ပ၊ ပြည် ထောင်စုရှမ်းပြည်၊ ကချင်တောင်တန်းဒေသနှင့် ချင်းတောင်တန်းဒေသတို့မှ ခေါင်းဆောင်ကြီး များသည် အောင်ဆန်း - အက်တလီ စာချုပ်အရ ပြည်ထောင်စုရှမ်းပြည်နယ်မြေဖြစ်သော ပင်လုံ မြို့တွင် တွေ့ဆုံခဲ့ကြပြီး တပြိုင်နက်တည်း လွတ်လပ်ရေးရယူရေးနှင့် လွတ်လပ်ရေးရရှိပြီးပါက အမျိုးသားများတန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်ကို အခြေခံသော ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံတော် တည်ဆောက်ရေးသဘောတူညီချက်ဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို အတူ တကွ တည်ထောင်ခဲ့ကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် တည်ထောင်ရာတွင် အခြေခံရမည့်မူများအဖြစ် သဘောတူထား ခဲ့သည့် အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်ကို အခြေခံသော ဖက်ဒရယ်ပြည်ထောင်စု မတည်ဆောက်နိုင်သေးခြင်း၊ ဒီမိုကရေစီ အပြည့်အဝ မကျင့်သုံးနိုင်သေးခြင်းတို့ကြောင့် ချင်း အမျိုးသားနေ့သည် ယနေ့ထိတိုင် နိုင်ငံရေးအနှစ်သာရ ပြည့်ဝစွာဖြင့် ကျင်းပနိုင်ခြင်း မရှိသေး ပေ။ ယင်းကဲ့သို့သော နိုင်ငံရေးပဋိပက္ခနှင့် ပြည် တွင်းလက်နက်ကိုင်ပဋိပက္ခတို့ကို ပြည်ထောင် စုငြိမ်းချမ်းရေးညီလာခံ- ၂၁ ရာစုပင်လုံမှတဆင့် တွေ့ဆုံဆွေးနွေးခြင်းအားဖြင့် ငြိမ်းချမ်းစွာ ဖြေ ရှင်းနိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပေသည်။

ချင်းအမျိုးသားတပ်ဦးအနေဖြင့် စစ်မှန်သော ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရေးအတွက် နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးအဖြေရှာရန် သံန္နိဋ္ဌာန်ချမှတ်ထားသည်နှင့်အညီ နှစ်ဖက်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်များကို လည်းကောင်း၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ကို လည်းကောင်း လက်မှတ်ရေးထိုးခဲ့သည်။ ယင်းစာချုပ်အား အကောင်အထည်ဖော်ရေးသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရနှင့် ချင်းအမျိုးသားတပ်ဦးတို့၏ ပူးတွဲတာဝန်ဖြစ်သည်ဟု အလေးအနက်ခံယူပေသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- ၂၁ ရာစုပင်လုံသည် ပြည်ထောင်စုအရေးအရာများကို ဆွေးနွေးမည့် ညီလာခံဖြစ်သည့်အပြင် နှစ်ပေါင်း (၇၀) နီးပါး ဖြစ်ပွားလျက်ရှိသော လက်နက်ကိုင်ပဋိပက္ခအား ငြိမ်းချမ်းစွာ အဖြေရှာရန် ကျင်းပခြင်းဖြစ်သည်နှင့်အညီ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အဆင့်ဆင့်တွင် ပါဝင်သင့်ပါဝင်ထိုက်သော အစုအဖွဲ့များအားလုံး ပါဝင်ရေးသည် အထူးအရေးကြီးသည်ဟု ယုံကြည်သည်။

သို့ဖြစ်ပါ၍ ချင်းအမျိုးသားတရပ်လုံးအနေဖြင့် အနာဂတ်ပြည်ထောင်စု ပြန်လည်တည်ဆောက်ရာတွင် ချင်းတမျိုးသားလုံး အမျိုးသားသွေးစည်းညီညွတ်မှုကို အခိုင်အမာတည်ဆောက်၍ ချင်းအမျိုးသားတရပ်လုံး၏ ဘုံရပ်တည်ချက်နှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်တွင် ပြဋ္ဌာန်းထားသည့် တန်းတူရေး၊ ဒီမိုကရေစီနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝ အာမခံချက်ရှိသော ဒီမိုကရေစီဖက်ဒရယ်နိုင်ငံတော် တည်ဆောက်ရေးကို အမျိုးသားနိုင်ငံရေးလုပ်ငန်းစဉ်တစ်ရပ်အဖြစ် သတ်မှတ်ကာ အားကြိုးမာန်တက် ပါဝင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀) ရက်

***************

**CHIN NATIONAL FRONT**
**General Headquarters**
**Chinland**

Website: [illegible] Email: [illegible]

# (၂၉) နှစ်မြောက် ချင်းတော်လှန်ရေးနေ့ ထုတ်ပြန်ကြေညာချက်

ယနေ့၂၀၁၇ခုနှစ်၊မတ်လ(၂၀)ရက်နေ့သည်ချင်းအမျိုးသားတော်လှန်ရေး(၂၉)နှစ်ပြည့်သည့် နေ့ထူး နေ့မြတ်ပင် ဖြစ်သည်။ ဤတော်လှန်ရေးကာလအတွင်း အသက်ပေးလှူသွားခဲ့ကြသော ချင်းပြည်သူများ၊ ချင်းအမျိုးသားတပ်ဦးနှင့် ချင်းအမျိုးသားတပ်မတော်မှ အာဇာနည် ရဲဘော် ရဲမေများအား ဦးညွှတ်ဂါရဝ ပြု အပ်ပါသည်။

ယနေ့ အချိန်ကာလသည် အနှစ် (၇၀) နီးပါး ပြည်တွင်းစစ် အဆုံးသတ်နိုင်ရေးအတွက် ပြည် တွင်းစစ်၏ အဓိက အကြောင်းရင်းခံဖြစ်သည့် တိုင်းရင်းသားလူမျိုးများအကြား တန်းတူညီမျှ မှု မရှိခြင်းနှင့် ဒီမိုကရေစီစနစ် ဆိတ်သုန်းမှု ပြဿနာများကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရန် ကြိုး ပမ်းနေသည့်ကာလ ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် အမျိုးသားအဆင့်နိုင်ငံရေး ဆွေးနွေး ပွဲများမှတဆင့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ (၂၁) ရာစုပင်လုံမှ "ပြည်ထောင်စု သဘောတူစာချုပ်" ချုပ်ဆိုပြီး ပြည်သူပြည်သားများအားလုံး လိုလားတောင့်တနေသည့် ဖက် ဒရယ်ပြည်ထောင်စုကို အသစ်တဖန် ပြည်လည် တည်ဆောက်သွားကြရန် ဖြစ်သည်။ မကြာ သေးမီက အချိန်အကန့်အသတ်နှင့် အခက်အခဲမျိုးစုံကြားထဲမှ ချင်းအမျိုးသားနိုင်ငံရေးဆွေး နွေးပွဲ ကျင်းပနိုင်ခဲ့ခြင်းသည် ချင်းအမျိုးသားတို့၏ မျိုးချစ်စိတ်ဓါတ်နိုးကြားမှု၊ တာဝန်သိမှုနှင့် စည်းလုံးညီညွတ်မှုကို ပြသလိုက်ခြင်း ဖြစ်သည်။ လွတ်လပ်ရေး ရစကတည်းက ယင်းကဲ့သို့ လွတ်လွတ်လပ်လပ် ချင်းတမျိုးသားလုံး နိုင်ငံရေးဆွေးနွေးပွဲများ မကျင်းပခဲ့ဖူးပေ။ ယခုကဲ့ သို့ရရှိလာသည့်အခွင့်အလမ်းများအား အမိအရ ရယူပြီး ချင်းအမျိုးသားတရပ်လုံး၏ ဘုံအကျိုး စီးပွားနှင့် တိုင်းရင်းသား ပြည်သူလူထုတရပ်လုံး၏ ဘုံအကျိုးစီးပွားများကို အခိုင်အမာ တည် ဆောက်ရန် လိုအပ်ပေသည်။

ချင်းအမျိုးသားတပ်ဦး အနေဖြင့် မိမိတို့၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သော ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသည့် ဖက်ဒရယ်ပြည်ထောင်စုကြီးတည်ဆောက်နိုင်ရေးအတွက် ချင်းပြည်သူများနှင့် အတူလက်တွဲ၍ "တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်" ပါအတိုင်း တစိုက်မတ်မတ် ဆက်လက် အကောင်အထည်ဖော်ဆောင်သွားမည် ဖြစ်သည်။

ထို့ကြောင့် ယနေ့တွင် ကျရောက်သည့် (၂၉) နှစ်မြောက် ချင်းတော်လှန်ရေးနေ့ အခါသမယတွင် ချင်းပြည် သူများ၊ ချင်းအမျိုးသားတပ်ဦးနှင့် ချင်းအမျိုးသား တပ်မတော်သားများအားလုံး အားသစ်လောင်းပြီး ကျရာကဏ္ဍမှ မိမိတို့၏ ရည်မှန်းချက်ပန်းတိုင် ရောက်သည်အထိ လက်တွဲမဖြုတ်စတမ်းအမျိုးသားရေးတာဝန်ကိုတက်တက်ကြွကြွပါဝင်ဆင်နွှဲကြပါရန် တိုက်တွန်းလိုက်ရပေသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ချင်းအမျိုးသားတပ်ဦး
၂၀၁၇ ခုနှစ်၊ မတ်လ (၂၀) ရက်

*******************

# နိုင်ငံတော်သမ္မတ ဦးထင်ကျော်က ၆၉ နှစ်မြောက် ချင်းအမျိုးသားနေ့သို့ ပေးပို့သော သဝဏ်လွှာ



ချစ်ခင်လေးစားအပ်ပါတဲ့ ချင်းတိုင်းရင်းသား ညီအစ်မောင်နှမများအားလုံး မင်္ဂလာပါခင်ဗျား

ဖေဖော်ဝါရီလ (၂၀) ရက်နေ့မှာ ကျရောက်တဲ့ (၆၉) နှစ်မြောက် ချင်းအမျိုးသားနေ့ဖြစ်တဲ့ ဒီနေ့ နေ့ထူးနေ့ မြတ်အခါသမယမှာ ချင်းပြည်နယ်အတွင်း မှီတင်းနေထိုင်လျက်ရှိကြတဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမ ပြည်ထောင်စုသားအားလုံး ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

လွတ်လပ်ရေးရရှိပြီးတဲ့နောက် ၁၉၄၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့မှာ ချင်းပြည်နယ်၊ ဖလမ်းမြို့မှာ လူထုညီလာခံ ကျင်းပပြီး တိုက်သူကြီး (စော်ဘွား) များ အုပ်ချုပ်တဲ့စနစ်မှ ဒီမိုကရေစီစနစ်သို့ ပြောင်းလဲကျင့်သုံးဖို့ ဆုံးဖြတ်ခဲ့ကြပါတယ်။ ၁၉၅၀ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့မှာ ရန်ကုန်မြို့မှာ ကျင်းပတဲ့ သတ္တမအကြိမ် ချင်းရိုးရာကောင်စီညီလာခံမှာလည်း ချင်းအမျိုးသားနေ့အဆိုတွေ တင်သွင်းမှုအပေါ် တက်ရောက်လာကြတဲ့ အမတ်အားလုံးရဲ့ ဆန္ဒကိုရယူပြီး ဖလမ်းမြို့မှာ လူထုညီလာခံကျင်းပတဲ့ ဖေဖော်ဝါရီလ ၂၀ ရက်နေ့ကို "ချင်းအမျိုးသားနေ့" အဖြစ် ရွေးချယ်သတ်မှတ် အတည်ပြုခဲ့ကြပါတယ်။ ၁၉၄၈ ခုနှစ်ကို အစပြုပြီး သတ်မှတ်ခဲ့တဲ့ ချင်းအမျိုးသားနေ့ဟာ ယခုနှစ်ဆိုရင် (၆၉) နှစ်ရှိခဲ့ပြီ ဖြစ်ပါတယ်။ ချင်းအမျိုးသားနေ့ဟာ ဘာသာစကား၊ ယဉ်ကျေးမှု၊ သမိုင်းအစဉ်အလာနဲ့ ရိုးရာဓလေ့ထုံးတမ်းအရ တူညီတဲ့ မျိုးနွယ်စုအားလုံးပါဝင်တဲ့ ချင်းလူမျိုးတို့ရဲ့ နေ့ထူးနေ့မြတ်လည်းဖြစ်ပါတယ်။

ချင်းပြည်နယ်ဟာ သဘာဝပထဝီ အနေအထားအရ မြောက်ကတောင်သို့ သွယ်တန်းနေတဲ့ အနောက်ရိုးမ၊ ဘင်္ဂလားပင်လယ်အော်ကို စီးဝင်နေတဲ့ ကုလားတန်မြစ်၊ ရှားပါးအပင်များပေါက်ရောက်ရာနဲ့ ရှားပါးသတ္တဝါများ ခိုအောင်းရာ ခိုနူသုမ်တောင်၊ ဒုတိယကမ္ဘာစစ်အတွင်း ထင်ရှား

ခဲ့တဲ့ စစ်မြေပြင် ကနေဒီတောင်ထိပ်၊ လှပတဲ့ ရိဒ်ရေကန်၊ တသွင်သွင် စီးဆင်းနေတဲ့ မဏိပူရ မြစ်၊ ဘွေနုမြစ်၊ ဘုံတလာရေတံခွန် စတဲ့ သဘာဝအရင်းအမြစ်များနဲ့ မြေပေါ်မြေအောက် သယံဇာတများ တည်ရှိရန် နေရာတစ်ခု ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ နိုင်ငံရေးပြောင်းလဲမှုမှာ နိုင်ငံရေးအင်အားစုများ ဂင်ရောက်ယှဉ်ပြိုင်တဲ့ ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ်၊ နိုဂင်ဘာလ ၈ ရက်နေ့မှာ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ မိမိတို့အစိုးရက နိုင်ငံ့တာဂန်များကို စနစ်တကျ လွှဲပြောင်းရယူခဲ့ပါတယ်။ မိမိတို့ အစိုးရအနေနဲ့ ချင်းပြည်နယ်အတွင်းမှာရှိတဲ့ တိုင်းရင်းသားပြည်သူများရဲ့ အနာဂတ်လူမှုစီးပွားဘဂ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိရာ မြို့ပြနဲ့ကျေးလက် ဖွံ့ဖြိုးတိုးတက်မှုနဲ့ မြို့နယ်အသီးသီးကြား ဖွံ့ဖြိုးတိုးတက်မှုတို့ တပြေးညီဖြစ်စေဖို့ အခြေခံကျောင်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ အဆင့်တိုးမြှင့်ပေးခြင်း၊ ပညာရေးဆိုင်ရာ အဆောက်အဦးများ ပြုပြင်ပေးခြင်းနဲ့ အသစ်ဆောက်လုပ်ပေးခြင်း၊ ဆရာ/မများ တိုးချဲ့ခန့်အပ်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆေးရုံ၊ ဆေးပေးခန်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်းနဲ့ ဆရာဂန်လိုအပ်မှု ဖြည့်ဆည်းပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက် ရှိနေပါတယ်။

ဒါ့အပြင် ချင်းပြည်နယ်အနှံ့အပြားမှာ မဟာဓါတ်အားလိုင်းက လျှပ်စစ်မီး ရရှိရေး၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေဖို့ပြည်မနဲ့လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်တဲ့အဂေးပြေးလမ်းများ၊ ပြည်နယ်အတွင်း လမ်းများကို တိုးချဲ့ဆောင်ရွက်ပေးခြင်း၊ ချင်းပြည်နယ်ကနေ နိုင်ငံရပ်ခြားအထိ ရေကြောင်းခရီးနဲ့ ဆက်သွယ်သွားလာနိုင်မယ့် ကုလားတန်မြစ်ဂှမ်းဖွံ့ဖြိုးရေးနဲ့ ပလက်ဂမြို့ ဆိပ်ကမ်းတည်ဆောက်ခြင်း၊ ဖလမ်းမြို့မှာ ချင်းပြည်နယ်ရဲ့ ပထမဆုံးလေယာဉ်ကွင်း တည်ဆောက်ခြင်း၊ ဟားခါး၊ ဖလမ်းနဲ့ ပလက်ဂမြို့ပြစီမံကိန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ကဏ္ဍအလိုက် သိသာထင်ရှားတဲ့ ဖွံ့ဖြိုးတိုးတက်မှုများလည်း ရရှိနေပြီဖြစ်ပါတယ်။ ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ ဆောင်ရွက်ရာမှာ နိုင်ငံတော်အစိုးရ၊ ပြည်နယ်အစိုးရတို့နဲ့အတူ တိုင်းရင်းသားပြည်သူများကလည်း လက်တွဲကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ပါတယ်။

ချင်းပြည်နယ်အတွင်းမှာ သွားလာမှုခက်ခဲတဲ့ သဘာဂမြေမျက်နှာသွင်ပြင်နဲ့ မြင့်မားတဲ့ တောင်တန်းတောင်စွယ်များ တည်ရှိနေခြင်းကြောင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာမှာ အခက်အခဲများ ကြုံတွေ့နေသော်လည်း နိုင်ငံတော်အနေနဲ့ ပြည်နယ်တိုးတက်ရေးအတွက် ကြိုးပမ်း ဖြ

ည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပြီး ချင်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားများကလည်း တတ်စွမ်းတရွေ့ ပူးပေါင်းပါဝင်ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။

မကြာခင်ရက်ပိုင်းအတွင်းမှာ ချင်းပြည်နယ်မှာ လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပတော့မယ်ဆိုတာကိုလည်း ဝမ်းမြောက်ဖွယ်ရာ ကြားသိရပါတယ်။ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေ နိုင်ငံအနှံ့ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိတဲ့အပြင် ပြည်သူလူထုရဲ့ သဘောထားနဲ့ဆန္ဒတွေ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်လာနိုင်တာကိုလည်း တွေ့ရှိရပါတယ်။ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းနဲ့ ဆွေးနွေးညှိနှိုင်းအဖြေရှာနိုင်ဖို့ တစ်ခုတည်းသောလမ်းကြောင်းဟာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစု ပင်လုံ ဖြစ်ပါတယ်။ တိုင်းရင်းသားပြည်သူတွေ နှစ်ပေါင်းများစွာ လိုအားတောင်တံ့နေတဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးနဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် (၂၁) ရာစုပင်လုံညီလာခံကတဆင့် လျှောက်လှမ်းနိုင်မှာ ဖြစ်ပါတယ်။

မကြာခင်အတွင်းမှာ ချင်းပြည်နယ်မှာ ကျင်းပတော့မယ့် လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေမှာ အလွှာပေါင်းစုံ၊ အစုအဖွဲ့ပေါင်းစုံ ပါဝင်နိုင်ကြမှာ ဖြစ်တဲ့အတွက် ဝမ်းမြောက်စကား ကြိုတင်ပြောကြားလိုပါတယ်။ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေကတဆင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစု ပင်လုံ အောင်မြင်ဖို့၊ တိုင်းရင်းသားတွေ လိုလားတောင့်တနေတဲ့ တန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံချက်ပေးနိုင်မယ့် ဖက်ဒရယ်စနစ် ထွက်ပေါ်လာရေး ပြည်ထောင်စုမျှော်မှန်းချက် ပြည့်ဝအောင်မြင်ရေး ကြိုးပမ်းဆောင်ရွက်ကြရာမှာ ချင်းပြည်နယ်အတွင်းမှာရှိတဲ့ တိုင်းရင်းသားပြည်သူများအားလုံးကလည်း စည်းလုံးညီညွတ်စွာနဲ့ ပိုင်းဝန်းပါဝင်ဆောင်ရွက်သွားကြဖို့ လေးနက်စွာ တိုက်တွန်းရင်း သဝဏ်လွှာ ပေးပို့အပ်ပါတယ်။

ဦးထင်ကျော်
နိုင်ငံတော်သမ္မတ

*********************

**CHIN NATIONAL FRONT**
**General Headquarters**
**Chinland**

# ပထမအကြိမ် ချင်းအမျိုးသားနိုင်ငံရေးဆွေးနွေးပွဲတွင် သဘာပတိကြီး ချင်းအမျိုးသားတပ်ဦးဥက္ကဋ္ဌ ပူးဇင်ကျုံး မှ ပြောကြားသော အဖွင့်မိန့်ခွန်း



ဒီကနေ့ သမိုင်းတွင်ရစ်မယ့် ချင်းအမျိုးသားများရဲ့ပထမအကြိမ် ချင်းအမျိုးသားနိုင်ငံရေးဆွေးနွေးပွဲမှာ သဘာပတိအဖွင့်မိန့်ခွန်း ပြောကြားခွင့်ရတဲ့အတွက် အထူးဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း ဦးစွာပထမ ပြောကြားလိုပါတယ်။

ဒီကနေ့ အချိန်အကန့်အသတ်ကြီးမားတဲ့ကြားထဲက အနယ်နယ်အရပ်ရပ်က ရောက်ရှိလာကြတဲ့ ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသူများနဲ့ လေ့လာသူများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ၁၉၆၂ ခုနှစ်မှာ မြန်မာ့တပ်မတော်က နိုင်ငံတော်အာဏာကို ရယူပြီးကတည်းက မိမိတို့ ချင်းအမျိုးသားအရေးကို ချင်းလူမျိုးများအကြား လွတ်လပ်စွာဆွေးနွေးခွင့်မရှိခဲ့တာ နှစ်ပေါင်း(၅၅)နှစ် တိုင်နေပြီဖြစ်တယ်။ ယခုတဖန် ချင်းအမျိုးသားများကြားမှာ နိုင်ငံ့ရေးရာများကို ပြန်လည်ဆွေးနွေး ညှိနှိုင်းခွင့်ရရှိလာခဲ့တဲ့အတွက် ဒီလိုအခြေအနေမျိုး ဖြစ်ပေါ်လာအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြတဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ ချင်းအမျိုးသားတပ်ဦး၊ တရားဝင်ချင်းနိုင်ငံရေးပါတီများ၊ ချင်း အရပ်ဘက်လူ့အဖွဲ့အစည်းများနဲ့ ချင်းပြည်သူများအပေါ်မှာ ကျေးဇူးတင်ရှိပါကြောင်း အလေးအနက် ပြောကြားလိုပါတယ်။

ဒီကနေ့ကစပြီး(၃)ရက်တာ ဆွေးနွေးကြမယ့် ချင်းအမျိုးသားနိုင်ငံရေးဆွေးနွေးပွဲဟာ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ(၁၅)ရက်နေ့က ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနဲ့ တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်း (၈) ဖွဲ့အကြား ချုပ်ဆိုခဲ့တဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက် ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)၊ နိုင်ငံရေးလမ်းပြမြေပုံမှာပါတဲ့ "အမျိုးသားအဆင့်နိုင်ငံ ရေးဆွေးပွဲများကျင်းပခြင်း"ကို အကောင်အထည်ဖော်ဆောင်နေတာ ဖြစ်ပါတယ်။ ပြည်ထောင် စုမြန်မာနိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင်တော် လှန်ရေးအဖွဲ့အစည်းများ၊ တရား ဝင်နိုင်ငံရေးပါတီများနဲ့ တိုင်းရင်းသားပြည်သူတရပ်လုံးက လက်နက်ကိုင်ပဋိပက္ခ ချုပ်ငြိမ်းရေး နဲ့ နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းနဲ့ငြိမ်းချမ်းစွာ အဖြေရှာနိုင်ရေးအတွက် စာချုပ်ပါအ ခြေခံမှုများ၊ ပြဋ္ဌာန်းချက်များနဲ့ ကတိကဝတ်များကို အကောင်အထည်ဖော်ဆောင်ရွက်နေခြင်း လည်းဖြစ်ပါတယ်။

ကိုယ်စားလှယ်တော်ကြီးများ နဲ့ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်ကြီးများခင်ဗျား...

ချင်းတို့ရဲ့ ပိုင်နက်နယ်မြေဖြစ်တဲ့ ချင်းလဲန်းဟာ ၁၈၉၅ ခုနှစ်၊ နယ်ချဲ့အင်္ဂလိပ်ကကျူးကျော် သိမ်းပိုက်မှု မပြုလုပ်မီ အချိန်အထိ သီးခြားလွတ်လပ်တဲ့ အချုပ်အချာအာဏာပိုင် နိုင်ငံတစ် နိုင်ငံဖြစ်ခဲ့ပါတယ်။ အင်္ဂလိပ်လက်အောက်မှာ သူ့ကျွန်ဘဝ ရောက်ရှိသွားခဲ့ကြတဲ့အတွက် ငြိမ်း ချမ်းရေးကိုငံ့လင့်ခဲ့ကြပါတယ်။ ဖိနှိပ်မှုအောက်မှာနေခဲ့ကြတာကြောင့်လွတ်လပ်မှုကိုတောင့်တ ခဲ့ကြပြီး အမျိုးသားရေးလှုပ်ရှားမှုတွေပြုလုပ်ကာ လွတ်လပ်ရေးကို တောင်းဆိုခဲ့ကြပါတယ်။ ဒုတိယကမ္ဘာစစ်ပြီးတဲ့နောက် နယ်ချဲ့အင်္ဂလိပ်များအနေဖြင့် ကိုလိုနီနယ်များကို လွတ်လပ်ရေး ပေးရန် ဖြစ်လာခဲ့တဲ့အတွက် အင်္ဂလိပ်လက်အောက်မှာ ရောက်ရှိနေကြတဲ့ ဗမာပြည်မ၊ ပြည် ထောင်စုရှမ်းပြည်၊ ချင်းတောင်တန်းဒေသနဲ့ ကချင်တောင်တန်းဒေသတို့ရဲ့ အနာဂတ်အရေး ဆွေးနွေးဖို့ ဖြစ်လာပါတယ်။

၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ(၆-၇) ရက်နေ့များမှာ ကချင်တောင်တန်းဒေသ၊ ချင်းတောင်တန်း ဒေသနဲ့ ပြည်ထောင်စုရှမ်းပြည်မှ ခေါင်းဆောင်များ တွေ့ဆုံခဲ့ကြပြီး ဗိုလ်ချုပ်အောင်ဆန်း ဦး ဆောင်တဲ့ ဗမာပြည်ကြားဖြတ်အစိုးရနဲ့ ပူးပေါင်း၍ အတူတကွ လွတ်လပ်ရေးရယူကာ ပြည် ထောင်စုတည်ထောင်ရေးအတွက် အလွန်အရေးပါတဲ့ ဆုံးဖြတ်ချက်တွေ ချမှတ်ခဲ့ကြပါတယ်။ အနှစ်ချုပ်ကတော့ အနာဂတ်တည်ဆောက်မယ့် ပြည်ထောင်စုမှာ "အခွင့်အရေးတူ၊ အခွင့် အလမ်းတူ၊ ရပိုင်ခွင့်တူ၊ ဒီမိုကရေစီကျကျ ခံစားခွင့်ရှိရမယ်" "ပြည်ထောင်စုမှ ခွဲထွက်လိုက

ခွဲထွက်ပိုင်ခွင့်ရှိရမယ်” လို့ သဘောတူခဲ့ကြပါတယ်။ ယင်းသဘောတူညီချက်ကို ဖေဖော်ဝါရီလ(၁၀)ရက်နေ့မှာ ကျင်းပခဲ့တဲ့ ပင်လုံညီလာခံမှာ ဗိုလ်ချုပ်အောင်ဆန်းက မူအရ သဘောတူခဲ့ပါတယ်။ ဒါကြောင့် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂) ရက်နေ့မှာ ကချင်၊ ချင်း၊ ဗမာ နှင့် ရှမ်း အမျိုးသားခေါင်းဆောင်ကြီးများက ပင်လုံစာချုပ်ချုပ်ဆိုကာ ပြည်ထောင်စုမြန်မာနိုင်ငံကို အတူတကွ တည်ထောင်ခဲ့ကြပါတယ်။ ပင်လုံစာချုပ်ချုပ်ဆိုရာမှာမူ (၄) ခုကို အခြေခံပြီးချုပ်ဆိုခဲ့ပါတယ်။ အဲဒါတွေကတော့ လက်မှတ်ရေးထိုးထားတဲ့ ပြည်ထောင်များအကြား“တန်းတူညီမျှမှုရှိခြင်း”၊ “ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိခြင်း”၊ “မိမိဆန္ဒအလျောက်ပါဝင်ခြင်း” ၊“ဒီမိုကရေစီကျင့်သုံးသော အစိုးရဖြစ်ခြင်း” ကို အခြေခံခဲ့ပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းကဦးဆောင်ချမှတ်ပြီးဖဆပလအဖွဲ့ချုပ်က သဘောတူညီခဲ့တဲ့အနာဂတ်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာမှာ (၁)လွတ်လပ်သောနိုင်ငံဖြစ်ရမယ်၊ (၂)အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်ရမယ်၊ (၃) ဒီမိုကရေစီသမ္မတနိုင်ငံဖြစ်ရမယ်၊ (၄) ပြည်ထောင်စုနိုင်ငံဖြစ်ရမယ်လို့ ပါရှိပါတယ်။ ၁၉၄၇ ခုနှစ်၊ မေလ (၂၄) ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ဖဆပလ အဖွဲ့ချုပ် ပဏာမ ညီလာခံက သဘောတူထားတဲ့ အခြေခံမူ (၁၄) ချက်အနက် အခန်း(၁)နိုင်ငံတော်တည်ဆောက်ရေးမှာ ဗမာအပါအဝင် တိုင်းရင်းသားလူမျိုးများအတွက် အုပ်ချုပ်ရေးဒေသ (သို့) ပြည်နယ်များ ဖော်ပေးခြင်းသည် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးများအားလုံး ပင်လုံ စိတ်ဓာတ်အရ အဆင့်အတန်းအားလုံးတူညီတယ်လို့ သဘောထားရမယ်လို့ ပါရှိပါတယ်။ ဒါကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို နိုင်ငံရေး၊ လူမျိုးရေးအရ တန်းတူညီမျှမှုရှိတဲ့ အမျိုးသားပြည်နယ်များနဲ့ ဖွဲ့စည်းဖို့အတွက် သဘောထား ချမှတ်ခဲ့ကြတာဖြစ်ပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံ လွတ်လပ်ရေးရရှိလာတဲ့အခါကျတော့ နိုင်ငံရေးအရရော၊ လူမျိုးရေးအရပါ တန်းတူညီမျှမှုမရှိခဲ့တဲ့အတွက် လွတ်လပ်ရေးနဲ့အတူ လက်နက်ကိုင်ပဋိပက္ခ စတင်လာခဲ့ပါတယ်။ နှစ်ပေါင်း (၇၀) နီးပါးဖြစ်ပွားခဲ့တဲ့ လက်နက်ကိုင်ပဋိပက္ခကြောင့် ကမ္ဘာ့အဆင်းရဲဆုံး နိုင်ငံဘဝသို့ ရောက်ရှိခဲ့ရပြီး ပြည်သူလူထုရဲ့ စားဝတ်နေရေးသည်လည်း အတိဒုက္ခမျိုးစုံကြုံတွေ့ ခံစားနေကြရပါတယ်။ ဒုက္ခသည်ဘဝနဲ့ သိန်းနဲ့ချီပြီး နယ်စပ်ဒေသနဲ့ နိုင်ငံတကာမှာ ရောက်ရှိနေကြရပါတယ်။ ဒါတွေအားလုံးဟာ စစ်ရဲ့ အနိဋ္ဌာရုံများပဲ ဖြစ်ပါတယ်။ နိုင်ငံရေးနဲ့ လူမျိုးရေး အရ ဖြစ်ပွားလာခဲ့တဲ့ ပြည်တွင်းစစ်ကို လက်နက်နဲ့ ဖြေရှင်းလာခဲ့တဲ့အတွက် ယနေ့အထိ စစ်ပွဲများ ဆက်လက်ဖြစ်ပွားနေခြင်းဖြစ်ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းသည်လည်း လွတ်လပ်ရေး ရရှိဖို့ရာအတွက် လက်နက်ကိုင်လမ်းစဉ်ကို ကျင့်သုံးခဲ့သော်လည်း နောက်ဆုံးမှာ နိုင်ငံရေး နည်း

လမ်းဖြစ်တဲ့ ညှိနှိုင်းဆွေးနွေးတဲ့နည်းနဲ့သာ တိုင်းပြည်ရဲ့ လွတ်လပ်ရေးကို အရယူခဲ့ပါတယ်။

၂၀၁၅ ခုနှစ်မှာ သမ္မတဦးသိန်းစိန်ဦးဆောင်တဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက စစ်ရေးနည်းလမ်းဟာ နိုင်ငံရေးပြဿနာဖြေရှင်းရာမှာ အဖြေမဟုတ်တဲ့အကြောင်း၊ နိုင်ငံရေးနည်းဖြစ်တဲ့ တွေ့ဆုံဆွေးနွေး အဖြေရှာရေးနည်းသည်သာ မှန်ကန်တဲ့လမ်းကြောင်းဖြစ်ကြောင်း လက်ခံခဲ့တဲ့အတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (၈)ဖွဲ့နဲ့အတူ လက်မှတ်ရေးထိုးခဲ့ပါတယ်။ ဒါပေမဲ့ NCA လက်မှတ်ရေးထိုးပြီးဖြစ်တဲ့ အဖွဲ့အစည်းတချို့ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပခွင့်မရသေးသလို NCA လက်မှတ်ရေးထိုးထားခြင်းမရှိသေးတဲ့ အဖွဲ့တစ်ချို့နဲ့ စစ်ရေးအရ တိုက်ခိုက်မှုများ ဖြစ်ပွားလျက်ရှိပါတယ်။ ဒါတွေဟာ တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးရရှိဖို့ရာအတွက် ကောင်းသော လုပ်ဆောင်မှုမဟုတ်သလို NCA နဲ့လည်း သဟဇာတ မဖြစ်တာ တွေ့ရပါတယ်။ NCA ရဲ့အခြေခံမူမှာ ပါရှိတဲ့အတိုင်း လက်နက်ကိုင်ပဋိပက္ခ အဆုံးသတ်နိုင်ရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို ဦးစွာဆောင်ရွက်ရမှာဖြစ်တဲ့အတွက် နှစ်ဦးနှစ်ဖက် ပစ်ခတ်တိုက်ခိုက်မှုများကို ရပ်စဲပြီး NCA လက်မှတ်ရေးထိုးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ဖို့ အထူးလိုအပ်ပါတယ်။ ဒါမှသာ ပြည်ထောင်စုတဝန်းလုံးမှာ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကို ကျင်းပပြုလုပ်နိုင်ကြမှာဖြစ်ပြီး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမှာလည်း ပါဝင်သင့်ပါဝင်ထိုက်သူအားလုံး ပါဝင်လာနိုင်ကြမှာ ဖြစ်ပါတယ်။ ညီလာခံက ထွက်လာတဲ့ "ပြည်ထောင်စုသဘောတူစာချုပ်" သည်လည်း အားကောင်းပြီး ခိုင်မာမှုရှိမှာ ဖြစ်ပါတယ်။

ကိုယ်စားလှယ်တော်ကြီးများနဲ့ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်ကြီးများခင်ဗျား..

ချင်းအမျိုးသားနိုင်ငံရေးဆွေးနွေးပွဲ ပြုလုပ်ခြင်းသည် ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ၊ အာမခံချက်များ အပြည့်အဝရှိပြီး ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်တို့ကို အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် ချင်းလူမျိုးတို့ရဲ့ ဘုံသဘောထားရပ်တည်ချက်များကို ဖော်ထုတ်ဖို့ ဖြစ်ပါတယ်။ ဒီဆွေးနွေးပွဲကနေ ချင်းအမျိုးသားတပ်ဦး၊ တရားဝင် ချင်းနိုင်ငံရေးပါတီများ၊ ချင်းအရပ်ဘက်လူ့အဖွဲ့အစည်းများ၊ ချင်းပြည်သူများအကြား အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုနဲ့ သွေးစည်းညီညွတ်မှုကို ပိုမိုအားကောင်းလာစေမှာ ဖြစ်တယ်လို့ ယုံကြည်ပါတယ်။ ပါတီနိုင်ငံရေး၊ အဖွဲ့အစည်းနိုင်ငံရေးနဲ့ တသီးပုဂ္ဂလအမြင်များကို

ရှေ့တန်းမတင်ဘဲ "ချင်းအမျိုးသားရေး" ကိုဦးထိပ်ထားကြရမှာဖြစ်ပါတယ်။ ချင်းအမျိုးသားတွေ ပါဝင်တဲ့ ပြည်ထောင်စု ပါတီများအနေနဲ့လည်း ဒီကနေ့ ဆွေးနွေးပွဲကနေ ရရှိလာတဲ့ ဘုံအခြေခံမူ၊ ဘုံရပ်တည်ချက်၊ ဘုံသဘောထားတွေကို ကိုင်စွဲပြီး မည်သည့်နေရာ၊ မည်သည့်အခြေအနေမှာပဲရောက်ရောက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများက ရရှိလာတဲ့ ရလဒ်အတိုင်း အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ ခိုင်မာစွာ ရပ်တည်ဖို့ လိုအပ်မှာဖြစ်ပါတယ်။

ချင်းအမျိုးသားနိုင်ငံရေးဆွေးနွေးပွဲဟာပြည်ထောင်စုမြန်မာနိုင်ငံရဲ့အနာဂတ်အရေးကိုဝိုင်းဝန်းဆွေးနွေး အဖြေရှာနိုင်ဖို့အတွက် အစပြု ခြေလှမ်းပဲ ဖြစ်ပါတယ်။ နောင်လာမယ့် ချင်းအမျိုးသားနိုင်ငံရေးဆွေးနွေးပွဲများအတွက် အခြေခံအုတ်မြစ်လည်း ဖြစ်ပါတယ်။ ဒီပထမအကြိမ်ချင်းအမျိုးသားနိုင်ငံရေးဆွေးနွေးပွဲမှာ ဖက်ဒရယ်စနစ်ကို တည်ဆောက်ရာမှာ အခြေခံရမယ့် လမ်းညွှန်အခြေခံမူ (၈) ချက်အပေါ် အကျေအလည် ဆွေးနွေးညှိနှိုင်းကြရမှာဖြစ်ပြီး အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်ကြရမှာ ဖြစ်ပါတယ်။ ဒီလိုအခြေခံမူများနဲ့ အသေးစိတ်အခြေခံမူများ ချမှတ်ရာမှာ ပင်လုံစာချုပ်၊ ပင်လုံကတိကဝတ်များ၊ ဒုတိယအကြိမ် ချင်းအမျိုးသားညီလာခံရဲ့သဘောတူညီချက်များ၊ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနဲ့တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများအကြား နစ်ဖက်ချုပ်ဆိုတဲ့ သဘောတူညီချက်များနဲ့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်တို့ကို အခြေခံကြရမှာ ဖြစ်တယ်။ ဒါ့အပြင် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရက လက်မှတ်ရေးထိုးထားတဲ့ အပြည်ပြည်ဆိုင်ရာစာချုပ်စာတမ်းများနဲ့ လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာဥပဒေများကိုလည်း ထည့်သွင်းစဉ်းစားကြဖို့ လိုအပ်မှာ ဖြစ်ပါတယ်။

ဒီကနေ့ ချင်းအမျိုးသားနိုင်ငံရေးဆွေးနွေးပွဲမှာ ပါဝင်ကြတဲ့ ကိုယ်စားလှယ်များရဲ့ ပါဝင်မှုဟာ အားရကျေနပ်ဖွယ်ကောင်းလှပါတယ်။အားလုံးကလိုလားတောင်းဆိုနေကြတဲ့ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်နိုင်ရေးအတွက် ချင်းအမျိုးသားနိုင်ငံရေးဆွေးနွေးပွဲရလဒ်ဟာ အထူးအရေးပါ ပါလိမ့်မယ်။ ချင်းလူမျိုးများဟာ ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးပြီး ပြည်ထောင်စုကို စတင်တည်ထောင်ခဲ့တဲ့ လူမျိုး ဖြစ်ခဲ့တဲ့အတွက် ပြည်ထောင်စုရေးရာမှာ မပါမဖြစ်တဲ့ လူမျိုးဖြစ်ပါတယ်။ ဒီပြည်ထောင်စုဟာ ချင်းအမျိုးသားများနဲ့ သက်ဆိုင်တဲ့ ပြည်ထောင်စုဖြစ်တဲ့အတွက် ပိုမိုကောင်းမွန်တဲ့ အနာဂတ်ပြည်ထောင်စုတည်ဆောက်တဲ့နေရာမှာ ချင်းပြည်သူလူထုတရပ်လုံးက အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ သဘောထားပြီး အကောင်အထည်ဖော်ဖို့ လိုအပ်ပါတယ်။ နောင်ကျင်းပမယ့် နိုင်ငံရေးဆွေးနွေးပွဲအဆင့်ဆင့်မှာ တစ်မျိုးသားလုံး အင်တိုက်အားတိုက် ပါဝင်ကြဖို့ တိုက်တွန်းလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာကတော့ ချင်းလူမျိုးတို့ရဲ့ အနာဂတ်အရေးဟာ ဒီကနေ့ စတင်ကျင်းပတဲ့ ချင်းအမျိုးသားနိုင်ငံရေးဆွေးနွေးပွဲအပေါ် မှာ တည်မှီနေပါတယ်။ ၁၉၄၇ ခုနှစ် ပင်လုံညီလာခံ ကျင်းပစဉ်က ယခုလို ချင်းလူမျိုးများကြားထဲမှာ သော်လည်းကောင်း၊ တိုင်းရင်း သားလူမျိုးများ ကြားထဲမှာသော်လည်းကောင်း ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးညှိနှိုင်းမှု အားနည်း ခဲ့တဲ့အတွက် ပြည်ထောင်စုတည်ဆောက်ရာမှာ အားနည်းချက်တွေ၊ မပြည့်စုံမှုတွေ ဖြစ်ပေါ် ခဲ့ ပါတယ်။ ရေရှည်တည်တံ့ခိုင်မြဲတဲ့ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကြီးတည်ဆောက်နိုင်ရေး အတွက် ဒီချင်းအမျိုးသားနိုင်ငံရေးဆွေးနွေးပွဲမှာ ညီအစ်ကိုစိတ်ဓါတ်ကို အခြေခံပြီးပွင့်ပွင့် လင်းလင်း ဆွေးနွေးပေးကြပါ။ ကွဲပြားတဲ့အမြင်၊ မတူညီတဲ့ သဘောထားတွေကို အပြန်အလှန် ညှိနှိုင်းပြီး တူညီတဲ့အမြင်၊ သဘောထားများကို စုစည်းကြပါ။ ရရှိလာတဲ့ ရလဒ်အပေါ် မှာလည်း တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်အဝထားကြပါ။ ချင်းလဲန်းနဲ့ ချင်းပြည်သူများအတွက် အကောင်း ဆုံး ကြိုးပမ်း ဆောင်ရွက်ကြရအောင်လို့ ဖိတ်ခေါ် ရင်း နိဂုံးချုပ်အပ်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၇) ရက်နေ့။
ထန်တလန်မြို့

********************

# ကာတွန်း







T.K




NLD အစိုးရက ဖွဲ့စည်းပုံ
အခြေခံဥပဒေ ပြင်မယ့်
အကြောင်း ဘာမှ မပြော
တော့ဘူးလား ?














USA VISA

# တော်လိုက်တဲ့ ကျောင်းသား

ကျောင်းတစ်ကျောင်းမှာ အင်္ဂလိပ်ဘာသာပြ ဆရာမတစ်ယောက်က တတိယတန်းကျောင်းသားလေးတွေကို အိမ်စာပေးသတဲ့။ ပေးလိုက်တဲ့ အိမ်စာကတော့... This is my head ဆိုတဲ့ အဓိပ္ပါယ်ကို မနက်ဖြန် သိလာခဲ့ကြပါလို့....

အဘိုးတစ်ယောက်နဲ့သာ နေထိုင်တဲ့ ကျောင်းသားလေး Lian Do တစ်ယောက် အိမ်စာကို ကောင်းကောင်း မှတ်သားထားပြီး အိမ်ရောက်ရောက်ချင်း အဘိုးကို မေးလိုက်တယ်။ ဘိုးဘိုး... အင်္ဂလိပ်စာဆရာမက အိမ်စာတစ်ခု ပေးလိုက်တယ်။

| | | |
|---|---|---|
| ဘိုးဘိုး | - | ဘာလဲ မြေးလေးရဲ့ |
| ကျောင်းသား | - | This is my head ဆိုတာဘာလဲ? |
| ဘိုးဘိုး | - | ဒါလေးများ မြေးလေးရယ်... အဲ့ဒါ ငါ့ခေါင်းပဲ |

ကျောင်းသားလေးက သေချာကျက်ပြီး ကျောင်းရောက်ရော....

| | | |
|---|---|---|
| ဆရာမ | - | ဟေ့ Lian Do, This is my head ဆိုတာဘာလဲ? |
| Lian Do | - | ဘိုးဘိုးရဲ့ ခေါင်း |
| ဆရာမ | - | မဟုတ်ဘူး၊ This is my head ဆိုတာ ငါ့ခေါင်း |

Lian Do တစ်ယောက် ဦးနှောက်ရှုပ်မတတ်၊ အိမ်ပြန်ရောက်ရောက်ချင်း အဘိုးကို ပြောလိုက်တယ်၊ ဘိုးဘိုး.. ဘိုးဘိုးပြောတာမမှန်ဘူး၊ ဆရာမကပြောတယ်။ This my head ဆိုတာ ဘိုးဘိုးခေါင်းမဟုတ်ဘူး။ ဆရာမရဲ့ ခေါင်းလို့ပြောတယ်။

ဘိုးဘိုး ခင်ဗျား..........တိန်.

********************

# B.E ဆိုတာ ဘာလဲ

သူငယ်ချင်း... ငါ B.E ချလာတာ ကြာပါပြီ။ ဒါပေမဲ့ B.E ဆိုတဲ့ အဓိပ္ပါယ်ကို ငါ ခုထက်ထိ မသိသေးဘူး။ မြင်းစီးပြီး အထီးမှန်း အမမှန်း မသိသလို ဖြစ်နေပြီ။

ငါရှင်းပြမယ်... B ဆိုတာ Bottle, E ဆိုတာ Economic, အဲ့ဒီ စကားလုံးနှစ်ခုပေါင်း လိုက်ရင် အဓိပ္ပါယ်က ပုလင်းနဲ့ စီးပွားရေး လုပ်စားတာပေါ့ကွာ။

"သြော်..လက်စသတ်တော့ B.E ဆိုတာ ပုလင်းခွန်ကောက်တဲ့သူကို ပြောတာကိုး.."

( B.E ဆိုတာ အစိုးရ အရက်ဖြူဆိုင် ခေတ်တုန်းက အရက်ဖြန့်ဖြူးသော ကုမ္ပဏီ၏ အမည် ဖြစ်သည်။ အပြည့်အစုံမှာ BURMA INTERPRISE DISTILERY COMPANY ဖြစ်ပြီး၊ B.E.D.C ကို အလွယ်နည်းဖြင့် B.E ဟု ခေါ်ခြင်းဖြစ်သည်။)

**(စိတ်ဝင်စားသူများအတွက်သာ)**

ကျွန်တော်တို့ CNA မှာဆို အားလုံးသိတဲ့အတိုင်း မျိုးနွယ်စုံ၊ စကားမျိုးစုံနဲ့ ရောနှောပြီး စည်း စည်းလုံးလုံး စုဖွဲ့နေထိုင်ကြသည်သာ။ အဲ့ဒါကြောင့် တခါတခါတော့လည်း ပျော်ရသလို တခါ တလေကျတော့ စကားမပေါက်တဲ့အတွက် ခံကျရတာပေါ့... တစ်နေ့ညနေ တပ်စိတ်လိုက် သတင်းပို့ စကားဝှက်ယူကြတယ်။

အဲ့ဒီည Password က Lai စကားနဲ့ chiezawh ပါ။ password ယူတဲ့သူက အမှန်အတိုင်းပဲ ဒီည Password က "chiezawh" လို့ တစ်ယောက်ဆီ ပြောတယ်။ အဲ့ဒီ ရဲဘော်က Mizo ဆို တော့ သူနားလည်သလို chiezawh ဆိုရင် Mizo လို Zawhte ပေါ့လေ... သူနားလည်သလိုပဲ နောက်တစ်ယောက်ဆီ ဒီည Password က Zawhte ဆိုပြီး ပေးလိုက်ပြန်ရော။ အဲ့ဒီ ရဲဘော်က လည်း Mizo လို Zawhte ဆိုရင် ဗမာလို "ကြောင်" ပေါ့ကွာ.. သူ နားလည်တဲ့အတိုင်းပဲ တပ် စိတ်မှူးဆီမှာ ဒီည Password ကတော့ ကြောင် ပါဆိုပြီး ပေးလိုက်ရော့.... သူတို့ သုံးယောက် နားလည်တာ မမှားကြရှာပါဘူး....

ဒါပေမဲ့ တပ်စိတ်တစ်စိတ်မှာ password က သုံးမျိုးလောက်ဖြစ်သွားတာက အခက် ဖြစ်သွားတာ... တပ်စိတ်မှူးခင်ဗျား.. သူ့တပ်စိတ်ကို ဘယ်လို လုပ်လိုက်သလဲ သိလား..... နောက်တစ်ကြိမ် password ကို ဘာသာမပြန်ကြပါနဲ့တော့ဆိုတဲ့.. သတိပေးချက်နဲ့ ကြိမ်ဒဏ် ဘယ်နှစ်ချက်လဲ ကျွန်တော်လည်း မမှတ်မိတော့ဘူး... (ရဲဘော်တို့.. ဘာသာပြန် သိပ်ဂါသနာ မပါကြကြေးနော်.....

# ယုံချင်ယုံ မယုံချင် နေ

အမေရိကန်တစ်ယောက်၊ ဂျပန်တစ်ယောက်၊ မြန်မာတစ်ယောက်တို့ ကမ္ဘာလှည့်ခရီးသွားရင်း ISIS တို့ရဲ့ ဖမ်းဆီးခြင်းကို ခံလိုက်ကြရတယ်။ ISIS ခေါင်းဆောင်က "မင်းတို့ကိုသတ်ဖို့ ကျည်ဆံ သုံးတောင့် ရှိတယ်။ တစ်ယောက်တစ်တောင့် ပစ်သတ်မယ်.. မသေခင် မှာစရာရှိတာ တွေမှာကြ" ဟု ဖုန်းတစ်လုံး ထုတ်ပေးလိုက်တယ်။
အမေရိကန် တစ်ယောက်က ဖုန်းယူပြီး အိမ်ကို ဖုန်းခေါ်လိုက်တယ်။ ဖုန်းတန်းဝင်သွားပြီး မိသားစုတွေကို နှုတ်ဆက်လိုက်တယ်။ "ဂွတ်ဘိုင်" ... ဒိုင်း...

အမေရိကန်သားကို ပစ်သတ်လိုက်တယ်။ ကျည်ဆံတစ်တောင့်တော့ ကုန်သွားတယ်။ ဂျပန်သားကလည်း ဖုန်းယူကာ အိမ်ကို ဖုန်းခေါ်ပြီး မိသားစုကို နှုတ်ဆက်လိုက်တယ်။

"ဆာရိုးနားယား" ..... ဒိုင်း .....

ဂျပန်သားကိုလည်း ပစ်သတ်လိုက်ပြန်တယ်။ ဒုတိယ ကျည်တစ်တောင့် ကုန်သွားပြန်ပြီ။

မြန်မာသားအလှည့် ရောက်လာပြီ။ ကျည်ဆံလည်း တစ်တောင့်ပဲ ကျန်တော့တယ်။ မြန်မာသားက အိမ်ကို ဖုန်းလှမ်းခေါ်လိုက်တယ်။ အတော်ကြာသွားတယ်... မသင်္ကာတာနဲ့ ISIS ခေါင်းဆောင်က ဖုန်းယူပြီး ကိုင်ကြည့်လိုက်တော့... မိန်းမအသံထွက်လာတယ်.."လူကြီးမင်း ခေါ်ဆိုသော တယ်လီဖုန်းမှာ ဆက်သွယ်မှုလိုင်းများ မအားလပ်သေးပါသဖြင့် ခေါ်ဆို၍ မရနိုင်ပါရှင်....ခေတ္တစောင့်ဆိုင်းပြီးမှ ပြန်လည် ခေါ်ဆိုပါရှင်".....
ISIS ခေါင်းဆောင်တစ်ယောက် တစ်နာရီခန့် စောင့်ပြီး ဖုန်းထပ်ခေါ်ကြည့်ပြန်တယ်။ စောစောက အသံပဲထွက်လာပြန်တယ်။ "အားနာပါတယ်ရှင် ခေတ္တစောင့်ဆိုင်းပြီးမှ ပြန်လည်ခေါ်ဆိုပါရှင်"......
ISIS ခေါင်းဆောင်က တစ်နာရီ ထပ်စောင့်ပြီး ပြန်ခေါ်ကြည့်ပြန်တယ်။ စောစောက အသံပဲ ပြန်ထွက်လာတယ်။ "သည်းခံပါရှင်" လို့ ဆိုတာနဲ့... ဒိုင်း .....
ISIS ခေါင်းဆောင်မှာ စိတ်တိုလာပြီး နောက်ဆုံးကျည်ဆံဖြင့် ဖုန်းကို ပစ်ပလိုက်တော့တယ်။ မြန်မာလည်း ခုမှသက်ပြင်းချနိုင်တယ်။
"ဟူး" တော်ပါသေးရဲ့......... မြန်မာ့ဆက်သွယ်ရေးကယ်ပေလို့။

*************

# ၆၉ နှစ်မြောက် ချင်းအမျိုးသားနေ့ ကျင်းပခြင်း



၆၉ ကြိမ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားဖွင့်ပွဲ (ဖလမ်းမြို့)

၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ကျရောက်သော ၆၉ နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားကို ချင်းပြည်နယ်၊ ဖလမ်းမြို့ ရာပြည့်အားကစားကွင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ၊ အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးထင်ကျော် နှင့် ဇနီး ဒေါ်စုစုလွင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ချင်းပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ချင်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ချင်းအမျိုးသားတပ်ဦး ဥက္ကဋ္ဌနှင့် အဖွဲ့များ၊ ချင်းနိုင်ငံရေးပါတီများနှင့် ပြည်သူလူထု စုစုပေါင်း (၅၀၀၀) ခန့်ဖြင့် ပါဝင်ဆင်နွှဲခဲ့ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်မှ မိန့်ခွန်းပြောကြားရာတွင် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းနိုင်မည့် တစ်ခုတည်းသော လမ်းကြောင်းမှာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- ၂၁ ရာစု ပင်လုံ သာဖြစ်ကြောင်း၊ တိုင်းရင်းသားပြည်သူများ နှစ်ပေါင်းများစွာလိုလားတောင့်တနေသောပြည်ထောင်စုငြိမ်းချမ်းရေးနှင့်ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးကိုပြည်ထောင်စုညီလာခံ-၂၁ရာစုပင်လုံမှတဆင့်လျှောက်လှမ်းနိုင်မှာဖြစ်ကြောင်း၊ ၂၁ ရာစုပင်လုံ အောင်မြင်ရေးနှင့် တိုင်းရင်းသားများ လိုလားတောင့်တနေသော တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံချက်ပေးနိုင်သည့် ဖက်ဒရယ်ပြည်ထောင်စု

စနစ် ထွက်ပေါ်လာရေးအတွက် ချင်းပြည်သူများအားလုံး ပိုင်းဂန်း ပါဂင်ဆောင်ရွက်ကြရန် တိုက်တွန်းခဲ့ပြီး၊ မကြာခင် ကျင်းပမည့် ချင်းပြည်နယ်တွင် လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးနိုင်မည့်အပေါ် ဂမ်းမြောက်ကြောင်း ပြောကြားခဲ့ပါသည်။

ထို့အပြင် နေပြည်တော် MICC- II တွင် ကျင်းပသော ၆၉ နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားသို့ နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်မိန့်ခွန်း ပြောကြားခဲ့ပြီး ချင်းရိုးရာအက ပဒေသာများဖြင့် ပျော်ရွှင်စွာ ကျင်းပခဲ့ကြသည်။

ထို့အပြင် ဂန့်ဂေါတွင် ကျင်းပသော ၆၉ နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားသို့ ချင်းအမျိုးသားတပ်ဦး ဒုတိယဥက္ကဋ္ဌ-၂ နှင့် အဖွဲ့များ တက်ရောက်ပြီး ဒုတိယ-၂ မှ မိန့်ခွန်းပြောကြားခဲ့သည်။

ဖလမ်းမြို့တွင် ကျင်းပသော ချင်းအမျိုးသားနေ့အခမ်းအနားနှင့်အတူ ဖလမ်းမြို့တွင် ၁၂၅ နှစ်ပွဲတော်၊ ဖလမ်းပြည်သူ့ဆေးရုံ နှစ် ၁၀၀ ပြည့်ပွဲ၊ ဖလမ်းမြို့တော်ခန်းမ နှစ် ၁၀၀ ပြည့်ပွဲတော်တို့နှင့် ပူးတွဲ၍ ၃ ရက် ကြာကျင်းပခဲ့သည်။ ၆၉ နှစ်မြောက် ချင်းအမျိုးသားနေ့ကို ချင်းပြည်နယ်ပြင်ပ ရန်ကုန်၊ မန္တလေး၊ ပြင်ဦးလွင် နှင့် အခြားမြို့များတွင် ကျင်းပခဲ့ကြသည့်အပြင် နိုင်ငံတကာရောက် ချင်းလူမျိုးများကလည်း ၎င်းတို့ နေထိုင်သည့် မြို့များတွင် အသီးသီးကျင်းပခဲ့ကြသည်။



# ၂၉ နှစ်မြောက် ချင်းတော်လှန်ရေးနေ့ အောင်မြင်စွာ ကျင်းပ



၂၀၁၇ ခုနှစ်၊ မတ်လ (၂၀) ရက်နေ့တွင် ကျရောက်သော ၂၉ နှစ်မြောက် ချင်းတော်လှန်ရေးနေ့ အခမ်းအနားကို ဗဟိုဌာနချုပ်၊ ဗိတိုရိယစခန်းတွင် အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားသို့ ချင်းငြိမ်းချမ်းရေးအကျိုးဆောင်ကော်မတီ ဉက္ကဋ္ဌ Rev. Tluang Ceu၊ ကာကွယ်ရေးနှင့် လုံခြုံရေးအတွင်းရေးမှူး ဗိုလ်မှူးကြီးဆော်လမွန်၊ ချင်းအမျိုးသားတပ်မတော်စစ်ဦးစီးချုပ် ဗိုလ်မှူးချုပ်ဟရန်းသင်ထိုက်၊ ဒုတိယစစ်ဦးစီးချုပ်များနှင့် ဦးစီးအရာရှိများ၊ အရာခံ၊ အကြပ်၊ ရဲဘော်ရဲမေများ၊ တပ်မိသားစုဝင်များနှင့် ဖိတ်ကြားထားသော ရပ်မိရပ်ဖနှင့် ပြည်သူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားအဖွင့်မိန့်ခွန်းကိုကာကွယ်ရေးနှင့်လုံခြုံရေးအတွင်းရေးမှူးဗိုလ်မှူးကြီးဆော်လမွန် ကလည်းကောင်း၊ အားပေးစကားကို ချင်းငြိမ်းချမ်းရေးအကျိုးဆောင်ကော်မတီဉက္ကဋ္ဌ သိက္ခာတော်ရဆရာတော် တလွာကျဲအို ကလည်းကောင်း၊ အပိတ်အမှာစကားကို စစ်ဦးစီးချုပ် ဗိုလ်မှူးချုပ်ဟရန်းသင်ထိုက် ကလည်းကောင်း အသီးသီးပြောကြားခဲ့ပြီး ညနေစာကို အခမ်းအနား တက်ရောက်သူများအားလုံး ပျော်ရွှင်စွာ သုံးဆောင်ခဲ့ကြသည်။

အကြိုညနှင့် တော်လှန်ရေးနေ့ည ညေ့ခံဖျော်ဖြေမှုကို Fiakfai Rock Band မှ နှစ်ညလုံး ပျော်ရွှင်မြူးကြွစွာ သီဆိုဖျော်ဖြေပေးခဲ့ပါသည်။

# ချင်းအမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပခြင်း



ချင်းအမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ (ထန်တလန်မြို့)

လူမျိုးအလိုက် ကျင်းပသော ပထမအကြိမ် ချင်းအမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို ချင်းအမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပမှု ပူးတွဲကော်မတီ- CNDJC ဦးဆောင်မှုဖြင့် ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၇) ရက်မှ မတ်လ (၁) ရက်နေ့အထိ သုံးရက်တိုင်တိုင် ချင်းပြည်နယ်၊ ထန်တလန်မြို့တွင် အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့သည်။

ချင်းအမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲသို့ ပြည်နယ်တွင်းနှင့် ပြည်နယ်ပြင်ပ ချင်းအမျိုးသားတပ်ဦး အဖွဲ့ဝင်ကိုယ်စားလှယ် ၁၅၁ ဦး၊ ချင်းနိုင်ငံရေးပါတီများ ကိုယ်စားလှယ် ၂၀၂ဦး၊ ချင်းလူမှုအဖွဲ့အစည်းများ၏ ကိုယ်စားလှယ် ၁၆၁ ဦး၊ ပါဝင်သင့်ပါဝင်ထိုက်သူများ ၂၀ ဦးနှင့် ချင်းအမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်မှုကော်မတီဝင်များ၊ ဧည့်သည်တော်များနှင့် လေ့လာသူများ ၁၁၈ ဦး၊ စုစုပေါင်း ၆၅၂ ဦး တက်ရောက်ခဲ့ကြပါသည်။

ချင်းအမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွင် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ အခြေခံမှုများနှင့်ပတ်သက်၍ အောက်ဖော်ပြပါ အကြောင်းအရာများကို ဆွေးနွေးခဲ့ကြသည်။

(၁) အချုပ်အခြာအာဏာ (Sovereign Power)

(၂) တန်းတူရေး (Equality)

(၃) ကိုယ်ပိုင်ပြဌာန်းခွင့် (Self-Determination)

(၄) စစ်မှန်သော ပြည်ထောင်စုမူ (Federal Principles)

(၅) တိုင်းရင်းသားလူနည်းစုများ၏ အခွင့်အရေးကို ကာကွယ်ခြင်း (Ethnic Minority Rights)

(၆) ဒီမိုကရေစီအခွင့်အရေး၊ လူ့အခွင့်အရေးနှင့် ကျား၊ မ ဆိုင်ရာ တန်းတူညီမျှမှု (Democracy, Human Rights and Gender Equality)

(၇) ပါတီစုံ ဒီမိုကရေစီ (Multi-Party Democracy)

(၈) ဘာသာရေးကို အခြေမခံသော နိုင်ငံ (Secular State)

(၉) အခြား အခြေခံမူများ (Other Principles)

စသည့်အခြေခံမူများကိုဆွေးနွေးပြီးချင်းလူမျိုးများ၏တူညီသောဘုံသဘောထားအမြင်များနှင့် မတူညီသော ဘုံသဘောထားအမြင်များကို စုစည်းကာ ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ၏ နိုင်ငံရေးကဏ္ဍ လုပ်ငန်းကော်မတီသို့ တူညီသော အထက်ဖော်ပြပါ သဘောထားအမြင်များအား တင်သွင်းခဲ့သည်။



ကိုယ်စားလှယ်များ နေ့လည်စာ သုံးဆောင်စဉ်

# ပဋ္ဌမအကြိမ် ဗဟိုအလုပ်အမှုဆောင်ကော်မတီ အစည်းအဝေး ကျင်းပ



ချင်းအမျိုးသားတပ်ဦး၏ဆဋ္ဌမအကြိမ်ညီလာခံသက်တမ်း၊ပဋ္ဌမအကြိမ်ဗဟိုအလုပ်အမှုဆောင်ကော်မတီ အစည်းအဝေးကို ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၈ ရက်နေ့မှ ၂၁ ရက်နေ့အထိ ဗဟိုဌာနချုပ်၊ ဂိတ်ဂိုရိယစခန်းတွင် အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့သည်။

အစည်းအဝေး အဖွင့်မိန့်ခွန်းကို ဒုတိယဥက္ကဋ္ဌ- ၂ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း မှ ပြောကြားခဲ့ရာ- လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်များ ဖြစ်ပေါ်တိုးတက်မှုအခြေအနေ၊ ကြုံတွေ့ရသည့် အခက်အခဲနှင့် စိန်ခေါ်မှုများ၊ တပ်ဦးနှင့် ချင်းအမျိုးသားရေးအတွက် အလွန်အရေးကြီးသည့် အခြေအနေများဖြစ်သည့်အလျောက် ဆွေးနွေးရမည့် အကြောင်းအရာများ အကြောင်းအရာ တစ်ခုချင်းစီအား အလေးထားကာ သေချာစွာ ဆွေးနွေးကြရန် တိုက်တွန်းပြောကြားခဲ့သည်။

အချင်းအမျိုးသားတပ်ဦး၏ နာယက ပူးသောမတ်စ် ထန်နိုး မှ နိဂုံးချုပ်အမှာစကား ပြောရာတွင် မိမိတို့ရဲ့ တော်လှန်ရေးခရီးဟာ အခုဆိုရင် လှေကလေးကနေ သင်္ဘောတည်ဆောက်တဲ့ အဆင့် ရောက်နေပြီဖြစ်ကြောင်းနှင့် ပန်းတိုင်ရောက်ဖို့ရန်အတွက် အယောက်တိုင်းစီ၏ လုပ်ငန်းဆောင်ရွက်မှုသည် အလွန်အရေးကြီးကြောင်း၊ ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌနဲ့ အထွေထွေအတွင်းရေးမှူးတို့၏ လိုအပ်ချက်များ မဖြည့်ဆည်းနိုင်သည့်အပေါ် ဂမ်းနည်းမိပါကြောင်းနှင့် ၎င်းတို့၏ ကြိုးပမ်းဆောင်ရွက်မှုအပေါ် ဂမ်းမြောက်ကြောင်း၊ လုပ်ငန်းဆောင်ရွက်ရာမှာ အဆက်အသွယ် ပြတ်လတ်မှု မရှိရန် အထူးလိုအပ်ကြောင်း၊ အစည်းအဝေးဆုံးဖြတ်ချက်များကို အမြဲတမ်းပြန်ဖတ်ရန် လိုအပ်ကြောင်း၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီ (၁၅) ဦးက တာဂန်ကို ဂရုတစိုက် ကြိုးစား

ပြီး၊ အမျိုးသားတော်လှန်ရေးကို ဆင်နွှဲတဲ့နေရာမှာ မျိုးနွယ်စုပေါင်းစုံ ဖြစ်သော်ငြားလည်း စိတ်တလုံးတဂမ်းတည်းထားကာ စည်းလုံးညီညွတ်စွာဖြင့် အမှန်တရားကို လိုက်ပြီး၊ စိတ်ဓါတ် တက်ကြွစွာဖြင့် တက်ညီလက်ညီ ချီတက်မည်ဆိုလျှင် အမျိုးသားတော်လှန်ရေးသည် အောင်မြင်သွားမည်ဖြစ်ကြောင်း မှာကြားခဲ့သည်။

အစည်းအဝေး အပိတ်မိန့်ခွန်းကို ချင်းအမျိုးသားတပ်ဦးဥက္ကဋ္ဌ ပူးဇင်ကျုံးမှ ပြောကြားရာတွင် ယခုလို နက်နဲကျယ်ပြန့်သည့် အကြောင်းအရာများကို လေးရက်အတွင်း ဆွေးနွေးဆုံးဖြတ်နိုင်သည့်အတွက် အလွန်ပင် ဂမ်းမြောက်ပါကြောင်း၊ ဌာနဆိုင်ရာများအနေဖြင့် အစီရင်ခံစာများကို ယခုထက်ပို၍ အာရုံစိုက်ပြီး စနစ်တကျ ပြုစုအစီရင်ခံကြရန်နှင့် မိမိတို့ အဖွဲ့အစည်း၏ တိုးတက်မှုသည် ဌာနဆိုင်ရာတစ်ခုချင်းစီ၏ ကြိုးပမ်းအားထုတ်မှုအပေါ်တွင် များစွာမူတည်ကြောင်း၊ တပ်မှူးအပြောင်းအလဲအပေါ် တပ်မှူးများအနေဖြင့် စိန်ခေါ်မှု တစ်ခုကဲ့သို့ မှတ်ယူပြီး ဆထက်တပိုး ကြိုးပမ်းစေလိုကြောင်း၊ လက်ရှိ နိုင်ငံရေးအခြေအနေအရ အချိန်အကန့်အသတ်တစ်ခုအတွင်းရောက်ရှိနေပြီဖြစ်သဖြင့် ထိုကာလအတွင်းမှာ လုပ်ငန်းကို အပြီးသတ်ဆောင်ရွက်ရန်လိုအပ်နေပြီဖြစ်ကြောင်း၊ ဌာနဆိုင်ရာတစ်ခုချင်းစီကလည်း အရင်ကထက် ပိုမိုပြီး ကြိုးပမ်းကြပါဟု တိုက်တွန်းနှိုးဆော်ခဲ့သည်။

အစည်းအဝေးတွင် စတုတ္ထအကြိမ်မြောက် ဗဟိုအလုပ်အမှုဆောင်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် လုပ်ငန်းအကောင်အထည်ဖော်မှုများအား ပြန်လည်သုံးသပ်ခြင်း၊ ဌာနဆိုင်ရာအတွင်းရေးမှူးများမှ လုပ်ငန်းအစီရင်ခံစာများ တင်သွင်းခြင်းနှင့် ချင်းအမျိုးသားတပ်ဦး၏ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာများ၊ အခွန်နှင့်ဘဏ္ဍာရေးဆိုင်ရာများ၊ ဖွံ့ဖြိုးရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာများ၊ နိုင်ငံခြားနှင့်မဟာမိတ်ဆိုင်ရာများ၊ ချင်းအမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာများ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုနှင့် ပစ်ခတ်တိုက်ခိုက်မှုစောင့်ကြည့်ရေးဆိုင်ရာများ၊ ချင်းဒုက္ခသည်များ ဆိုင်ရာကိစ္စနှင့် UCCF ကိစ္စများ၊ အခြားသော အထွေထွေကိစ္စရပ်များ၏ လုပ်ငန်းဆောင်ရွက်မှုများအပေါ် အသေးစိတ်ဆွေးနွေးခဲ့ကြပြီး ဌာနဆိုင်ရာတစ်ခုချင်းစီ၏ ရှေ့လုပ်ငန်းစဉ်များကိုလည်း ချမှတ်ခဲ့ကြသည်။

ချင်းအမျိုးသားတပ်ဦး၏ ဗဟိုအလုပ်အမှုဆောင်ကော်မတီကို ဥက္ကဋ္ဌအဖွဲ့ (၄) ဦး၊ အတွင်းရေးမှူးအဖွဲ့ (၄) ဦး နှင့် ဌာနဆိုင်ရာ အတွင်းရေးမှူး (၇) ဦး၊ စုစုပေါင်း (၁၅) ဦးဖြင့် ဖွဲ့စည်းပြီး၊ အစည်းအဝေးကို လေးလတစ်ကြိမ် ပုံမှန် ကျင်းပပြုလုပ်လျက်ရှိသည်။

**************

# သတိရမိတယ်

ကျော်လွန် ကြာညောင်းခဲ့ပြီ ဖြစ်ပေမဲ့
ဆယ်နှစ်ရာသီက လဇူလိုင် (၈) ရက်နေ့ ကျတိုင်း
ဂသန်မိုးရေစက်နဲ့ ပွင့်ဖတ်ကလေးတွေ
ကျီစယ်နေသံ ကြားရဆဲပါ ညီလေးရေ..

ဒီလိုနေ့မျိုးမှာ
နွေးထွေးတဲ့ ညီလေးရင်ငွေ့
တမ်းတသတိရ မဆုံးဘူး
ငေးကြည့်နေမိ အတိတ်ကမ္ဘာဆီ

စကားလက်ဆုံ၊ တစ်အိုးတည်းစား
တစ်ဂုတ်စုံတည်း ဂုတ်စားလာခဲ့ကြပေမဲ့
အခုတော့ဖြင့်
ဇူလိုင်မိုးစက်သံတွေကြားမှာ
ငါတစ်ယောက်တည်း
ထိုင်နေကျ စားပွဲလေးပေါ်မှာ
မှတ်စုဟောင်းတစ်ချို့နဲ့
ညီလေးရဲ့ဓါတ်ပုံလေးတွေကို ရှုဖတ်ရင်း
ခုချိန်ဆို
အာဇာနည်ခရီး လျှောက်လှမ်းရင်း
ကိုယ်တော်ရှင် မြို့တော်ကြီး
Jerusalem မြို့ တံခါးခေါက်မယ့် အသံကို
နားစွင့်လို့ မျှော်လင့်ခြင်းနဲ့
ကျန်ရစ်သူ မိသားစုအားလုံး
ဆုတောင်းခြင်းနဲ့သာ ဖြေသိပ်ရရှာတယ်။

**ဒုဗိုလ် ဂါလ်ချာ**
**စစ်ရုံးချုပ်**

# ချင်းလဲန်ရဲ့ အနာဂတ်

ချင်းလဲန်ရဲ့ အနာဂတ်ကို
ပြုပြင်ပြောင်းလဲလို့
အသစ်ဖြစ်အောင် ကြိုးစားကြပါစို့
ချင်းလူငယ်တို့ ..

နိုင်ငံကောင်းဖို့ အသက်ကိုရင်းပြီး
လူမျိုးကောင်းဖို့ အတူတကွ
စည်းလုံးခြင်းနဲ့ အနာဂတ်မှာ
ချင်းလဲန်ကို ကမ္ဘာမှာ
အထင်ရှားဆုံးဖြစ်အောင်
ကြိုးစားပါစို့....ချင်းလူငယ်တို့

ခဏကောင်းဖို့ မဟုတ်
ကမ္ဘာတည်တရွေ့အတွက်ပါ
ဘိုးဘွားတွေရဲ့ သွေးနဲ့ရင်းကာ
ပိုင်ဆိုင်လာတဲ့ အမိချင်းလဲန်
IT ခေတ်ရဲ့ တိုးတက်မှုတွေနဲ့အညီ
ကမ္ဘာမှာ ကြယ်တစ်ပွင့်ဖြစ်အောင်
ကြိုးစားကြမယ်
အို... ချင်းလူငယ်တို့ ...

**(ပြည်ချစ်ရဲဘော်)**

# ချင်းအမျိုးသားနေ့

လာလှည့်ကြပါ Chin National Day ကို
မမေ့နိုင်စရာ ဒီရက်မြတ်
ချင်းအမျိုးသားတို့ရဲ့
အဖိုးမဖြတ်နိုင်တဲ့ နေ့မြတ်ကို
လက်တွဲဆင်နွှဲကြစို့ ..

ရင်ထဲမှာ နာကျင်ခဲ့
ဟိုအရင်က နှစ်တွေ
ပြန်မြင်ယောင်မိရင်း
ဘိုးဘွားတွေရဲ့ အိုချင်းလဲန်
နမြောမိတယ် နေ့ရက်တွေကို

မျိုးကြွစွာနဲ့ ပွဲတော်ကို
ဆင်နွှဲကြရင်း ခဏတာလေးမှာ
အတ္တသမားတွေက ပိတ်ပင်ခဲ့လည်း

ကုန်လွန်ခဲ့ပြီ ဟိုးအရင်နှစ်တွေ
ခေတ်သစ်၊ မျိုးဆက်သစ်မှာ ပြန်ပြီးရအောင်
ကြိုးစားရင်း စိတ်တူကိုယ်တူ လက်တွဲကာ
ချင်းလဲန်ရဲ့ ဖေဖော်ဝါရီ (၂၀)
ဒီနေ့ထူးနေ့မြတ်ကို
ပြန်ပြီးဆယ်ယူပါစို့ ..Chin National Day ကို ဆင်နွှဲကြစို...

**(ပြည်ချစ်ရဲဘော်)**

# ငှါဘာဂ၊ ငှါတာဂန်

'လင်း' ရဲ့ ဘာဂတစ်လျှောက်
တောတောင်ကို ကျော်ကာဖြတ်လို့
အမိ ချင်းလဲန်းအတွက်
အောက်ချင်းသစ္စာကို အစွဲပြုလို့
အောက်ချင်းမောင်နံ့ တပ်ဦးအလံကို မြဲမြဲကိုင်ပြီး
အမိမြေအတွက် သံမိဋ္ဌာန်ပြု
ကတိသစ္စာ ဆိုခဲ့တယ်။

ဒီသံမိဋ္ဌာန်ကို ရင်မှာပိုက်ပြီး
ငှါပုခုံးပေါ် ကျလာတဲ့ တာဂန်ဟူသမျှ
အမိချင်းလဲန် ငြိမ်းချမ်းဖို့၊ အေးချမ်းဖို့အတွက်
အသက်၊ သွေး၊ ချွေးနဲ့ ရင်းပြီး
ထမ်းဆောင်ခဲ့တယ်
ဆက်ပြီးလည်း
ထမ်းဆောင်နေဦးမယ်။

အမိမြေ ထာဂရ အေးချမ်းပါစေ
ငြိမ်းချမ်းပါစေ...

**ရဲဘော် အောင်လိန်းထွန်း**

# ဘဝ ဆောင်ပုဒ်

ကိစ္စမှန်သမျှ အမြော်မြင်မှုနဲ့ လုပ်းကြည့်
အကောင်းမြင်စိတ်နဲ့ ရှေ့ကိုတိုး
အဆိုးမြင်စိတ်နဲ့ နွံတွင်း နစ်မနေနဲ့
ကိစ္စမှန်သမျှ အရှိကိုအရှိတိုင်းကြည့်
ဘဝကို ယောင်လည်လည် မဖြစ်နဲ့
အသေးအဖွဲ့တွေက လမ်းခရီးမှာ
အတားအဆီး မဖြစ်စေနဲ့
လုပ်နိုင်တာကို လုပ်နိုင်တဲ့ နည်းနဲ့ ဖြေရှင်းပစ်

အခြေအနေတွေ သုံးသပ်ပြုပြင်မယ်ဆိုတဲ့
ဆုံးဖြတ်ချက်နဲ့ရင်ဆိုင်
လုပ်သင့်လုပ်ထိုက်တာကို လုပ်
ချန်လှပ်မထားနဲ့ ကျော်ဖြတ်လိုက်ပါ
စိတ်ချမ်းသာပျော်ရွှင်မှုဆိုတဲ့
လမ်းခရီးအတိုင်း ဆက်သွား
အိပ်မက်ကြယ်ပွင့်ကို ရအောင်ယူ
ပွဲကိုယ်မောင်းနှင်သူ
သင်ဘယ်သူလဲဆိုတာ အစဉ်အောက်မေ့ထား

လေးနက်တဲ့ အခုချိန်ဟာ မျော်လင့်ချက်သတ္တိသွေးနဲ့
အခြေအနေအားလုံးကို အနိုင်ယူမယ့် ကာလဖြစ်တယ်
ဘဝဆိုတာ အမြဲချောမွေ့နေမှာ မဟုတ်ဘူး...။

**But** "Believe in appreciating Life"
Be sure to have fun ever day
And to enjoy the beauty the world.
"Believe in love your lover friends
Your family your self and your Life,

**Kanlut**
**War Office**

# ‘CNA’

အဖိနိပ်ခံဘဝကနေ
လွတ်မြောက်ဖို့
သူ့ကျွန်မခံ
တော်လှန်သူတို့ဟာ
ကြံ့ခိုင်တဲ့ CNA ရဲဘော်တွေပါ။

မတရားမှုမှန်သမျှကို
ခုတ်ထွင်ရှင်းလင်းဖို့
နှစ်ဖက်ထက်တဲ့ဓမ္မာတရား
ဓားတစ်လက်ကိုစွဲကိုင်ပြီး
ဘယ်လို အခက်အခဲကိုမှ
အကြပ်အတည်းအဖြစ် မထင်

ဒုက္ခကို မိတ်ဆွေဖွဲ့ရင်း
နှစ်ရှည်လပေါင်းများစွာ
ရပ်တည်လာခဲ့သူတွေဟာ
ဖွဲ့ရှိတဲ့ CNA ရဲဘော်တွေပါ။

အမျိုးဂုဏ် ဇာတိဂုဏ်
ထိပါးလာသူမှန်သမျှ
အာဏာရှင်စစ်ဗိုလ်ချုပ်တွေကို
ဘာမထီ အာဇာနည်သွေးနဲ့
တွန်းလှန်လာခဲ့သူတွေဟာ
ရဲရင့်တဲ့ CNA ရဲဘော်တွေပါ။

“CNA” တဲ့ဟေ့
ကမ္ဘာမှာ ချင်းသမိုင်းမပျောက်စေဖို့
ချင်းအမျိုးသားတော်လှန်ရေး
စိတ်ဓါတ် ကိုယ်ရောင်တောက်ဖို့
အောက်ချင်းအလံသစ္စာခံပြီး
အသက်ကိုပင်ပဒါနမထား
စွန့်လွှတ်စွန့်စားရဲသူတွေဟာ
သတ္တိပြောင်မြောက်တဲ့
CNA ရဲဘော်တွေပါ။

အသားထဲကထွက်တဲ့
လောက်ကောင်တွေကြောင့်
ရပ်တန့်ကာ ရပ်မယ်မကြံနဲ့
တွေးပင် မတွေးလိုက်ပါနဲ့ ရဲဘော်
သမိုင်းပေး မျိုးချစ်စိတ်နဲ့
အမျိုးသားရေးအောင်ပွဲသို့ ချီတက်
အဲဒီ လမ်းခုလပ်မှာ
ခွေးအဟောင်ခံရတယ်လို့သာ မှတ်ယူပြီး
ပန်းတိုင်သို့
အစဉ်ချီတက်မည့်သူတွေဟာ
ခံယူချက်ခိုင်မာတဲ့ CNA ရဲဘော်တွေပါ။

**ဆလိုင်းထန်းလိန်းကီး**

# မျိုးချစ်ပုဂ္ဂိုလ်

အမျိုးသားပြည်သူ
လူမှုစီးပွား၊ ပညာဥစ္စာ
တိုးပွားရေးမှာ
အမျိုးအကျိုး၊ ပြည်သူ့အကျိုး
သယ်ကာပိုး၍

အများအတွက် ကိုယ်ကျိုးမဖက်
မဆိုင်းမငံ့ထမ်းကာရွက်၏

အမျိုးရန်သူ၊ ဘုံရန်သူကို
ခြေလက်မတွန့်
ရှေ့တန်းက မားမားမတ်မတ်
ရပ်တည်၍

ခိုင်မြဲနလုံး၊ မပျက်သိစ္စာ
သူရသတ္တိဖြင့်
ရှံ့ရှံ့ချွန်ချွန်
ခံခံတိုက်ခိုက်တတ်ပေသည်။

***** Mg Lay**

# လုံခြုံရေး

လူရယ်လို့ ဖြစ်လာရင်
ဘုရားက ဖန်တီးပေးသော
လုံခြုံမှုအား ဖျက်ဆီးနေသူ
လူသားများကို သိရှိဖို့ရန်
လိုအပ်ပေ၏။

လုံခြုံရေးသည်
လူတစ်ဦးကအစ
တစ်ကမ္ဘာလုံး ဆက်စပ်နေ၏။

လောဘ၊ ဒေါသ၊ မောဟများနှင့်
ရှေ့ဆောင်နေသရွေ့
ဖျတ္တိ၊ နတ္တိ ဘာမှမရှိ
ဖြစ်နေဦးမည်။

ခုစေ ခုခါ
ဒို့ပြည် ဒို့မြေ
ဒို့လူမျိုး၏ လုံခြုံရေးကို
လွန်စွာ စိုးရိမ်မိပါသည်။

**အက်(စ်)မွန်**

## အောက်ချင်းငှက် တောင်ပံခတ်သံ



တောင်ဇလပ်နဲ့ ထင်းရှူးတော
ရှာပုံတော် ဖွဲ့ကာကျူး
စနစ်ရဲ့ ဂါဒီဆိုးမှား
ရုန်းထွက်ဖို့ သွေးနဲ့ရေး

ရောင်နီလင်း တန်းလုပြီ
သွေးချင်းတို့ သွေးစီးသံ
ကြားစေသား ကမ္ဘာမြေအေး
အောက်ချင်းငှက် တောင်ပံခတ်သံ

ဘယ်ကျေးနဲ့ တမူထူး
တောင်ပံ၏ တေးခတ်သံ
တောင်တန်းကို တုန်ရီသွား
ဟုန်း..ဟုန်းမြည်...တောင်ပံခတ်သံ
အမြင့်ဆုံးကို ပျံစေသား..

## အဝိကနဲ့ သာမည

ချင်းလူမျိုးကို ချင်းဆိုတဲ့ နာမည်က
မြှင့်တင်ပေးခြင်းမဟုတ်
ချင်းဆိုတဲ့ နာမည်ကို ချင်းလူမျိုးကသာ
မြှင့်တင်ပေးခြင်း ဖြစ်၏။

ချင်းလူမျိုးရဲ့ စိတ်ဓါတ်ကို
အောက်ချင်းငှက် Logo က
မြှင့်တင်ပေးခြင်းမဟုတ်
အောက်ချင်းငှက် Logo ကို
ချင်းလူမျိုးက မြှင့်တင်ပေးခြင်း ဖြစ်၏။

အောက်ချင်းငှက် ရှိလို့
ချင်းလူမျိုး ရှိခြင်းမဟုတ်
ချင်းလူမျိုးရှိလို့သာ အောက်ချင်းငှက် Logo
ရှိခြင်း ဖြစ်၏။

**ဆလိုင်းအောင်အောင် (အမ်းမြို့)**

# ဓါတ်ပုံမှတ်တမ်း



ဖလမ်းမြို့တွင် ကျင်းပပြုလုပ်သော ၆၉ နှစ်မြောက် ချင်းအမျိုးသားနေ့ သို့ တက်ရောက်သည့် ချင်းအမျိုးသားတပ်ဦး ကိုယ်စားလှယ်များ



ချင်းအမျိုးသားတပ်ဦး နာယက ပူးသောမတ်(စ်) ထန်နိုးမှ ချင်းအမျိုးသားတပ်မတော် အရာရှိကြီးများအား သြဝါဒစကား ပြောကြားစဉ်




ချင်းအမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွင် သဘာပတိကြီး၊ ချင်းအမျိုးသားတပ်ဦးဥက္ကဋ္ဌ
ပူးဇင်ကျုံးမှ အဖွင့်မိန့်ခွန်း ပြောကြားစဉ်



ချင်းအမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် အလွှာအသီးသီး၊
အစုအဖွဲ့အသီးသီးမှ ကိုယ်စားလှယ်များ (ထန်တလန်မြို့)



ဆဋ္ဌမအကြိမ် တပ်ဦးညီလာခံသက်တမ်း၊ ပဉ္စမအကြိမ် ဗဟိုအလုပ်အမှုဆောင်ကော်မတီ
အစည်းအဝေးတွင် ချင်းအမျိုးသားတပ်ဦး ဥက္ကဋ္ဌမှ အပိတ်မိန့်ခွန်းပြောကြားစဉ်



ဆဋ္ဌမအကြိမ် တပ်ဦးညီလာခံသက်တမ်း၊ ပဉ္စမအကြိမ် ဗဟိုအလုပ်အမှုဆောင်ကော်မတီ
အစည်းအဝေးတွင် ချင်းအမျိုးသားတပ်ဦး နာယကမှ နိဂုံးချုပ်အမှာစကားပြောကြားစဉ်




ဆဋ္ဌမအကြိမ် တပ်ဦးညီလာခံသက်တမ်း၊ ပဥ္စမအကြိမ် ဗဟိုအလုပ်အမှုဆောင်ကော်မတီ
အစည်းအဝေးတက်ရောက်သူ ခေါင်းဆောင်များနှင့် ရုံးအဖွဲ့များ



ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- ၂၁ ရာစုပင်လုံ (ဒုတိယအစည်းအဝေး) သို့
တက်ရောက်သည့် ချင်းအမျိုးသားတပ်ဦးနှင့် ချင်းအမျိုးသားကိုယ်စားလှယ်များ

# ခရီးသွားလာရေး စက်မှုဖုံပြည် (Tourism Industrial State)

**ဆလိုင်းကိုင်ဆီး**

ဒီခေါင်းစဉ်နဲ့ပတ်သက်ပြီး ကျွန်တော်ပြောခဲ့၊ တိုင်ပင်ဆွေးနွေးခဲ့ဖူးတာ ရှိပါတယ်။ ကျွန်တော် Tourism Studies မတက်ခင်တုန်းကတော့ စိတ်ထဲအမြင်ထဲမှာ ခုလို မပေါ်လာမိတာ အမှန်ပါပဲ။ ယနေ့ခေတ် နိုင်ငံတကာရဲ့ တိုင်းပြည်တွေဟာ ပုံစံအမျိုးမျိုး၊ အသွင်အဖုံဖုံ လုပ်ယူပြီး တိုင်းပြည်တိုးတက်ရေး၊ လူနေမှုအဆင့် အတန်းမြင့်မားရေးနဲ့ စားဝတ်နေရေးအတွက် မြှင့်တင်ဆောင်ရွက်နေကြပါတယ်။

အရှေ့တောင်အာရှမှာဆို ဖိလိပိုင်နိုင်ငံဟာ ကုန်ထုတ်စွမ်းအား၊ သယံဇာတထွက်ရှိမှု အရင်းအမြစ် မရှိတော့ပါဘူး။ ဒါပေမဲ့ တိုင်းပြည်အတွက် စီးပွားဖြစ် လုပ်ငန်းတွေ လုပ်ယူကြရပါတယ်။ သူတို့ရဲ့ အဓိက စီးပွားရေး ထုတ်ကုန်ကတော့ ပညာရေးပါပဲ။ သူ့နိုင်ငံရဲ့ ကောင်းမွန်တဲ့ ပညာရေးမြှင့်တင်မှုစနစ်ကြောင့် နိုင်ငံတကာကနေ ဖိလိပိုင်နိုင်ငံကို ပညာသင်လာတဲ့ ကျောင်းသားဦးရေဟာ သိန်းဂဏန်းခန့် ရှိပါတယ်။ နောက်ပြီး ပညာတတ်ဘွဲ့ရသူ သူ့နိုင်ငံသားတွေကို နိုင်ငံခြားပို့ကုန်အဖြစ် ဖန်တီးကာ နိုင်ငံ့ဝင်ငွေရှာရတာကို တွေ့ရတယ်။ အိန္ဒိယလို လူဦးရေသန်းပေါင်း ၁၂၀၀ ကျော်ရှိတဲ့ နိုင်ငံကျတော့ ပညာရေးကို အခြေခံတဲ့ IT လုပ်ငန်းနဲ့ ကမ္ဘာကို ထိုးဖောက်နိုင်အောင် စွမ်းဆောင်ပေးတယ်။ အထက်မှာ ဖော်ပြတဲ့ ဖိလိပိုင်နဲ့ အိန္ဒိယ နှစ်နိုင်ငံဟာ ခရီးသွားလာရေးလုပ်ငန်း (Tourism) ကို တွင်ကျယ်စွာ လုပ်လာတာကိုလည်း တွေ့ရပါလိမ့်မယ်။

ဒီ့အပြင် ဗီယက်နမ်၊ ထိုင်း၊ အင်ဒိုနီးရှား စတဲ့ စစ်ငွေ့ဒဏ်ခံခဲ့ရတဲ့ နိုင်ငံတွေဟာ အခုဆိုရင် အရှေ့တောင်အာရှရဲ့ tourist စင်တာ ဖြစ်လာပါပြီ။ မြန်မာနိုင်ငံဟာလည်း နိုင်ငံတကာ ခရီးသွားလုပ်ငန်းကို အစပျိုးလာတာကို နိုင်ငံရဲ့ ဟိုတယ်နဲ့ ခရီးသွားလာရေးရဲ့ မှတ်တမ်းမှတ်ရာတွေအရ သိရှိရပါတယ်။ အဲ့ဒါတောင်မှ နိုင်ငံရဲ့ အုပ်ချုပ်မှုယန္တယား ချွတ်ချော်မှုတွေကြောင့် နိုင်ငံခြားဧည့်သည်တွေသာမက ပြည်တွင်းဧည့်သည်တွေကိုပါ ကန့်သတ်ထားနေဆဲပါ။ ပြည်တွင်းနှင့်ပြည်ပ (International & Domestic) ခရီးသွားတွေ ဆွဲဆောင်နိုင်တဲ့ Tourist spot တွေ မြန်မာပြည်မှာ အင်မတန်မှ ပေါလှပါတယ်။ ဒါပေမယ့် ဗဟိုအုပ်ချုပ်ရေးစနစ်ကိုသာ စွဲ

ကိုင်ထာတဲ့ ကျွန်တော်တို့ အစိုးရလက်ထက်မှာ တိုင်းရင်းသားပြည်နယ် အတော်များများဟာ လျစ်လျူရှုခံနေတာ တွေ့ရတယ်။ တနည်းပြောရရင် ဗုဒ္ဓဘာသာကို အထူးပြု ကိုးကွယ်တဲ့နိုင်ငံ ဖြစ်လင့်ကစား ဗုဒ္ဓစေတီဘုရားတွေရှိတဲ့ နေရာတွေကိုသာ အလည်အပတ် သွားခွင့်ပြုနေတာ သတိထားမိကြပါလိမ့်မယ်။ ဒါဟာလည်း ဗမာ့နိုင်ငံရေး တစ်ခုပါပဲ။ ဆင်းရဲတဲ့ မြန်မာနိုင်ငံမှာမှ ချင်းပြည်ဟာ နောက်ဆုံးပိတ်ကပါ။

သို့သော်ငြားလည်း နိုင်ငံရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်အရ သမ္မတဦးသိန်းစိန်ခေတ် ဦးအောင်မင်းတို့ ဦးဆောင်တဲ့ အစိုးရအဖွဲ့နဲ့ ချင်းအမျိုးသားတပ်ဦးတို့အကြား အပစ်အခတ်ရပ်စဲရေး သဘောတူ လက်မှတ်ရေးထိုးခဲ့တဲ့စာချွန်တွေအများကြီးရှိတာအားလုံးအသိပါ။ ၎င်းချုပ်ဆိုထားတဲ့သဘော တူစာချုပ်တွေထဲမှာ ချင်းပြည် တိုးတက်ဖွံ့ဖြိုးရေးအတွက် စီးပွားရေးအထူးဇုန် ထူထောင်ရန် ဆိုတဲ့အချက် ပါရှိတာကို တွေ့ရပါတယ်။ အဲ့ဒီတော့ ဘာသယံဇာတမျှ မထွက်ရှိတဲ့ ချင်းပြည်မှာ ဘယ်လိုစီးပွားရေးမျိုးကို အခြေခံပြီး အထူးဇုန် ထူထောင်ရမလဲ။ ဒီနေရာမှာ လုပ်ပိုင်ခွင့် အင်မ တန်မှနည်းတဲ့ ပြည်နယ်အစိုးရကိစ္စကို (နောက်ပိုင်းမှာ ဖြစ်လာမယ့်ကိစ္စရပ်လို့ မှတ်ပြီး) ဘေး ခဏချိတ်ကာ ကျွန်တော်ရဲ့ အမြင်လေးကို အနည်းငယ် မျှဝေချင်ပါတယ်။
အထက်မှာ ဖော်ပြခဲ့တဲ့ စီးပွားရေးအထူးဇုံ ထူထောင်နိုင်အောင် ယခုချိန်မှာ အသင့်တော်ဆုံး အနေနဲ့ မြင်တာကတော့-

(၁) Tourism Industry (ခရီးသွားလာရေးလုပ်ငန်း)

(၂) အဆင့်မီ ပညာရေးစနစ်တို့ကို လုပ်ဆောင်သင့်ပါတယ်။

Tourism Industry အတွက် ပြည်နယ်အစိုးရရဲ့ ဦးဆောင်မှုနဲ့ tourist spot တွေကို နေရာ သတ်မှတ်ပေးရမယ်။ အဲ့ဒီအတွက် ပြည်တွင်းပြည်ပ အသိပညာ၊ အတတ်ပညာရှင်တွေနဲ့ စီးပွား ရေးလုပ်ငန်းရှင်တွေကို ခေါ် ဖိတ်ရမယ်။ ပြီးရင် အဆိုပါ tourist spot တွေတစ်ခုနဲ့တစ်ခု အလွယ် တကူ ဆက်သွယ်နိုင်မယ့် လမ်းကြောင်းကို ဖန်တီးပေးရပါမယ်။ ချင်းပြည် မြောက်မှတောင်အထိ ရာသီမရွေး သွားလာနိုင်မယ့် ဆက်သွယ်ပေးတဲ့ ကားလမ်းများ အရှေ့ဖက်ကလေး မကွေး၊ မင်းဘူး၊ ပွင့်ဖြူ၊ ပခုက္ကူ ကနေ အနောက်ဖက် အိန္ဒိယနိုင်ငံ မီဇိုရမ် ပြည်နယ်၊ မြောက်ဖက်မှာ မဏိပူရ်၊ မိုးရေးစသဖြင့် ချိတ်ဆက်သွယ်တဲ့ ကုန်းလမ်းတွေ ကောင်းဖို့လိုပါတယ်။ တောင်ဖက် မှာ စစ်တွေ၊ ကျောက်တော်မှ ပလက်ဝ လေ၊ ရေကြောင်းလမ်းများ ကောင်းမွန်ရပါမယ်။ အလား တူ အမြို့မြို့အနယ်နယ်ရဲ့ သန့်ရှင်းသပ်ရပ်မှုတွေကို မြို့ပြအဆင့်မီ တိုးမြှင့်ဖို့လည်း လိုအပ် လာမယ်။

မြောက်ဖက်မှာ ရိဒ်ရေကန်၊ လေသာတောင်၊ ကနေဒီတောင်၊ ရှာလ်လုမ်းခံတပ် ဟာခါးမြို့ ရှုခင်းပြင်နဲ့ အခြားအထင်ကရ နေရာများ၊ တောင်ဖက်က ဝိတိုရိယ (ခေါ်) ခေါနူစွမ်တောင်၊ မောပီ တောင် ဘုံတလာရေတခွန်၊ ဒွေ့စီသဘာဝရေအိုင်ကြီး၊ ကီမားမောင်း(ခေါ်) ကီမိုတောင် တို့ကို ချိတ်ဆက်ပေးမယ့် လမ်းကြောင်းတွေ လိုပါမယ်။ အဲ့ဒီ စိတ်ဝင်စားဖွယ် နေရာတွေမှာ ဒေသခံတွေရဲ့ သဘောတူညီမှုနဲ့ စနစ်ကျတဲ့ Hotel, Motel, Guest House, Restaurant တွေကို လိုအပ်သလို ဖြည့်ဆည်းပေးရမယ်။

ထို့နည်းတူ မမေ့ကောင်းတဲ့ အရေးကြီးတဲ့ အချက်တစ်ချက်ကတော့ ချင်းလူမျိုးများနဲ့ သက်ဆိုင်တဲ့ သမိုင်းပြတိုက် Museum ပါပဲ။ သက်ဆိုင်ရာ မျိုးနွယ်စုတွေရဲ့ museum ကျတော့ မိမိမြို့၊ မိမိနယ်မြေအသီးသီးမှာ ထားရှိနိုင်သလို ချင်းတမျိုးသားလုံးနဲ့ သက်ဆိုင်တဲ့ ပြတိုက်တစ်ခုကိုတော့ တစ်နေရာမှာ စုစည်းထားရှိဖို့ လိုပါလိမ့်မယ်။ အဲဒီလို လုပ်ခြင်းဟာလည်း သက်ဆိုင်ရာ အစိုးရရဲ့ ဝင်ငွေပါပဲ။ ဘုံတလာရေတံခွန်ရဲ့ အထက်မှာ ဘွန်ဗား (Bungva) လွင်ပြင်ကျယ် တစ်ခု ရှိတယ်။ အဲဒီလွင်ပြင်မှာ လက်လုပ်ရေအိုင်ကြီး ဆောက်လုပ်လျက် ကြီးကျယ်လှပတဲ့ Resort တစ်ခုလည်း တည်ဆောက်နိုင်ပါတယ်။ ဘေးပတ်ပတ်လည်ကိုလည်း Sanctuary (ဘေးမဲ့တော)အဖြစ်ထားရှိပြီး သဘာဝ တောတိရိစ္ဆာန်တွေကို အဝေးကြည့် မှန်ပြောင်းများနဲ့ tourists တွေ ကောင်းမွန်စွာ ရှုစားနိုင်အောင် ဖန်းတီးလို့ ရတယ်။

ကျွန်တော်တိုရဲ့ ချင်းပြည်မှာ သယံဇာတမထွက်လို့ ဝင်ငွေနည်းသော်ငြားလည်း Tourism Industry ကိုသာ ဖောက်ချလုပ်နိုင်ပါက ဒေသခံပြည်သူ ထောင်ပေါင်းများစွာရဲ့ အခြေခံ အလုပ်လက်မဲ့ပြဿနာကို ဖြေရှင်းပေးနိုင်သလို ပြည်သူတွေအနေနဲ့ စိုက်ပျိုးရေးလုပ်ငန်းတွေမှာလည်း အားစိုက်လာမှာဖြစ်ပြီး ဒေသထွက်စိုက်ပျိုးသီးနှံနဲ့ အသက်ဝမ်းကျောင်းနိုင်မှာ ဧကန်မလွဲပါဘူး။

**************

# ကီမိုတောင်၏ ဖိတ်ခေါ်သံ

**ဆလိုင်းချင်းဖြူ (ပလက်ဝ)**

ဒေသခံခူမီးချင်းတို့အခေါ် ကီမို ခေါ် ကျောက်ပန်းတောင်သည် ပလက်ဝမြို့နယ်၏အထင်ကရ တောင်ကြီးဖြစ်သည်။ ပလက်ဝမြို့မှအရှေ့ဖက် ၁၄ မိုင်ခန့်အကွာတွင်အရှေ့နှင့်အနောက်သွယ်တန်းလျက် တည်ရှိပြီး၊ ပင်လယ်ရေမျက်နှာပြင်မှ အမြင့်ပေ ၄၂၀၀ ရှိသည်။ အလျား ၁၃ မိုင်ခွဲ၊ အနံ ၈ မိုင်ခွဲ ကျယ်ဝန်းပြီး တောင်ထိပ်မျက်နှာပြင်တွင် သစ်တော၊ ဝါးတော၊ ခြုံနွယ်များ ဖုံးအုပ်ထားပြီး ကျေးငှက်၊ တိရိစ္ဆာန်မျိုး စုံလင်လှသည်။ ဘင်္ဂလားပင်လယ်ပြင်မှ လေကောင်းစွာ ရရှိရာ စောက်မတ်သော ကျောက်နံရံများက တောင်တစ်ခုလုံးအား ပိုင်းပတ်ထားသည်။ တောင်ထိပ်သို့ရောက်ရန် အတက်အဆင်း လမ်းတစ်လမ်းသာရှိပြီး ဘေးကင်းလုံခြုံလှပါသည်။

ရခိုင်ရာဇဝင် သမိုင်းဟောင်းများအရ ၎င်းကျောက်ပန်းတောင် ခေါ် ကီမိုတောင်ထိပ်တွင် တကောင်းမင်း အဘိရာဇာ၏သား ကံရာဇာကြီး ၂၄ နှစ်မျှ စိုးစံခဲ့ပြီးမှ ရခိုင်ပြည်သို့ စုန်ဆင်းပြီး ပထမဓညဝတီ မင်းဆက်အား ဖြိုခွဲကာ ဒုတိယဓညဝတီမင်းဆက်ကို ဘီစီ ၁၅၀၇ - ၁၄၇၀ အထိ တည်ထောင်အုပ်ချုပ်ခဲ့သည်ဟု သိရသည်။ ၎င်းကံရာဇာကြီး တည်ထောင်ခဲ့သည့် နန်းတော်ရင်ပြင်ဟောင်းများ၊ လူတို့ လက်ရာခြေရာဟောင်းများ၊ လူတို့ စိုက်ပျိုးခဲ့သည့် သစ်ကြမ်းပိုးပင်၊ ကွမ်းသီးပင်၊ ကွမ်းရွက်ပင် စသည်တို့ကိုလည်း ယနေ့အထိတိုင် တွေ့နိုင်ပါသေးသည်။ မြန်မာရာဇဝင်ကျမ်းများအရလည်း ကံရာဇာကြီးသည် ဖခင် အဘိရာဇာ၏ အရိုက်အရာကို ဆက်ခံခွင့်မရသည့်နောက်တွင် ဧရာဝတီမြစ်အတိုင်း စုန်ဆင်းပြီး၊ သလ္လာဝတီ ချင်းတွင်းမြစ်ညာသို့ ဆန်တက်ပြန်ရာ ကလေး ကျေးတောင်ညိုအရပ်၌ ရာဇဂြိုဟ်မြို့ကို တည်ထောင် နန်းစိုက်ခဲ့သည်ဟု ဆိုသည်။ ထိုနောက်တွင် သားတော်ကြီး မုဒုစိတ္တအား ထီးနန်းကို အပ်နှင်းပြီး ရခိုင်သို့ ချီတက်ပြန်သည်ဟု ဆိုသည်။

အဘယ်ကြောင့်ဆိုသော် ကီမိုတောင်အကြောင်းတွင် ရခိုင်၊ မြန်မာသမိုင်းများကိုသွားပြီးကိုးကား နေရသလဲဟု စာဖတ်သူများ စောဒက တက်ချင်တက်နေပါလိမ့်မည်။ အဓိက ထောက်ပြလို

သည်မှာဝင်းကီမိုတောင်သည် သာမညတောင်မဟုတ်၊ သမိုင်းဝင်တောင်ကြီးဖြစ်ကြောင်းဖော်ပြလို၍သာ ဖြစ်သည်။ အခြားသော ချင်းပြည်နယ်ရှိ တောင်များတွင် သမိုင်းဝင်များ ရှိမရှိကို မသိရပါ။

စာရေးသူသည် အထက်တန်းကျောင်းသားဘဝက တစ်ကြိမ်၊ ကျောင်းဆရာဘဝ၌ တစ်ကြိမ်၊ နှစ်ကြိမ်တိုင်တိုင် ပစ်နစ် ခေါ် ပျော်ပွဲစားခရီး ထွက်ခဲ့ဖူးသော်လည်း တောင်၏ ပထဝီဝင်ကို သော်လည်ကောင်း၊ သမိုင်းရာဇဝင်ကို သော်လည်းကောင်း မသိရှိခဲ့ဖူးချေ။ ပြည်ပသို့ရောက်ပြီး ထွေထွေရာရာ စာရွက်စာတမ်းများ လေ့လာဖတ်ကြားရာမှ ပိုမိုသိရှိခွင့်ရ လာခြင်းဖြစ်၍ ဂုဏ်ယူရေးသားလိုစိတ် တဖွားဖွားပေါ် ပေါက်လာပါသည်။ မြောက်ပိုင်း ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်ရှိ (Buannel) တောင်သည် ပြည်ပ မီဇိုရမ်းပြည်နယ်အထိ ထင်ရှားကျော်ကြားလှသော်လည်း မိုင်ခွဲမျှသာရှိပြီး၊ မျက်နှာပြင်လည်း မညီညာသောကြောင့် ကီမိုအား အစစအရာရာတွင် မမီဟု တင်ပြလိုပါသည်။

ကီမိုတောင်ထိပ်သို့ ရောက်သည်နှင့်တပြိုင်နက် ပင်လယ်လေကို အားရပါးရရှူရှိုက်ရပြီး စိတ်ဘဝင် သာယာချမ်းမြေ့လှပါသည်။ ကျောင်းသားဘဝက သွားခဲ့စဉ်တွင် တောင်၏ သာယာသော သဘာဝကြောင့် ပင်ပန်းလာခဲ့သမျှတွေ ပြေပျောက်ပြီး၊ ကိုယ်စိတ်နှစ်ဖြာ ပျော်ရွှင်လန်းဆန်းလာပါသည်။ လူငယ်ဘဝ မြူးတူးပျော်ပါးကြလျက် တေးတကျော်ကျော်နှင့် ခုန်ပေါက်ကစားနေကြသူများလည်း ရှိပါသည်။ ဆောက်ပြီးစ တည်းခိုရိပ်သာတွင် အသီးသီးနေရာယူထားကြပြီး လူငယ်များက ထင်းခွေရေခပ် တာဝန်ယူကြရပြီး၊ ဆရာ/ဆရာမများက ချက်ပြုတ်ရေးတာဝန်ယူကြသည်။ ထိုသို့ ထင်းခွေရေခပ်ရင်း ကျီစယ်နောက်နေကြရသည်မှာလည်း အလွန်ပျော်စရာကောင်းလှပါသည်။ ရောက်စညတွင် ပျော်ပွဲရွှင်ပွဲများ နွှဲလျက် ကခုန်သီဆိုကြသည်မှာလည်း မမောနိုင်၊ မပန်းနိုင် အထူးပင် ပျော်မြူးနေကြရသည်။

နောက်နေ့တွင် တောင်မျက်နှာပြင်အနှံ့ လှည့်လည်ရင်း၊ အစုလိုက်သော်လည်းကောင်း၊ အတွဲလိုက်သော်လည်းကောင်း သွားလာကြရာ လွမ်းစိတ်တွေ ပါဝင်လာပြီး ဆရာ/ဆရာမများအလစ်တွင် ချစ်တင်းနှော ပျော်ပွဲဆင်သူများလည်း ရှိသည်၊ အပြစ်မပြောသာ! ဆရာ/ဆရာမများပင် အချင်းချင်း ဖက်နမ်းလိုစိတ်ပြင်းပြနေကြမည်ဟု တွေးတောမိသည်။ စာရေးသူလည်း ကျောင်းသူတစ်ယောက်အား ရုတ်တရက် ဖက်နမ်းမိခဲ့ဖူးသည်။ သူလည်း ဒေါသမထွက်သည့်မက ပြုံးပြနေသေးသည်။ ကျေနပ်ပုံလည်း ရသည်။ ဆရာဘဝ၌မူ ဣန္ဒြေနှင့် နေရသည်မို့

မလုပ်ဖြစ်တော့၊ စိတ်ကမူ အထူးလှုပ်ရှားပြန်ပါသေးသည်။ ကီမိုသို့ ရောက်ဖူးသူ ဘယ်သူဖြစ်ဖြစ် မလွမ်းဆွေးသူ၊ သာယာကြည်နူးမှု မခံစားသူ မည်သူမျှ ရှိမည်မဟုတ်ချေ။

တောင်၏အနောက်ဖက်အနီးဆုံးရွာမှာအန်ခိုဂရွာ(ဟင်းခါး၇)နှင့်ဘောင်ဂီးရွာများသည်ပုလင်းချောင်းကမ်းတွင် ရှိပြီး၊ အရှေ့ဖက်တွင် မီးချောင်းဘားဂရွာ (သို့) ငါးဂရွာ၊ တိုင်ဂ၊ ဒိုင်ဂရွာနှင့် ဆမီးမြို့ကလေးတို့သည် မီးချောင်းဘေးတွင် တည်ရှိကြသည်။ ဆမီးမြို့ကလေးသည် ဗြိတိသျှလက်ထက်ကစခန်းရွာဖြစ်ပြီး၊ဒုတိယကမ္ဘာစစ်ကာလတွင်တပ်များစခန်းချခဲ့ဖူးသည်။ ၎င်းဆမီးစခန်းတွင် စခန်းမှူးအဖြစ် မီဇိုရမ်းပြည်နယ် ဂန်ကြီးချုပ်ဟောင်း (Brig. T. Sailo) လည်း နေခဲ့ဖူးရာ၊ မျက်နှာဖြူကြေးနန်းမှူးများအား ရိက္ခာမှာရန် အတန်တန်မှာကြားလျက်ပင် အမိန့်ကို မနာခံသောကြောင့် ပစ္စတိုသေနတ်ဖြင့် ချိန်လျက် အတင်းအကြပ် မှာခိုင်းတော့မှ မှာပေးခဲ့သည်ဟု ဒေသခံလူကြီးများထံမှ သိရသည်။ ကီမိုတောင်ထိပ်တွင် ရဟတ်ယာဉ်များဖြင့် စားနပ်ရိက္ခာများ ချပေးခဲ့ဖူးသည်ဟုလည်း သိရသည်။ တောင်ဖက်တွင် စိန်တုံး သဖွယ် ထိပ်ချွန်းလာမွေတောင်နှင့် လာမွေရွာ ရှိသည်။ လာမွေတောင်သည် စိန်ကျောက် အပြည့်အသိပ် သိုလှောင်ထားရာတောင်ဖြစ်သည်ဟု ဘူမိဗေဒပညာရှင်များယူဆသည့် တောင်လည်းဖြစ်သည်။ တစ်နေ့နေ့တွင် ၎င်းစိန်တို့သည် ချင်းပြည်နယ်၏ အဖိုးတန် ကျောက်မျက်ရတနာအဖြစ် ထင်ရှားလာမည်ဟု စာရေးသူ မျှော်မှန်းမိသည်။ တောင်ရှိ ချောင်းကမ်းပါးကျောက်တို့သည် ဖန်ကျောက်များ ဖြစ်နေသည်။

ကီမိုတောင်ထိပ်မှ ဘင်္ဂလားပင်လယ်ကို သော်လည်းကောင်း၊ ရခိုင်ပြည်နယ် ကျောက်တော်မြို့အောက်ရှိ ကစ္စပန ခေါ် ကုလားတန်မြစ်ကြီး တစ်နေရာကိုလည်းကောင်း၊ ရေးရေးမျှ လှမ်းမြင်နိုင်သည့်အပြင် ၆၂ မိုင် အဝေးအထိ မြင်ရသည်ဟု ဗြိတိသျှမြေတိုင်းအရာရှိ Capt. G.C. Rigby က သူ၏ မှတ်တမ်း History of Operation in the Northern Arakan and the Yawdwin Chin Hills တွင် ဖော်ပြထားခဲ့သည်။ လာမွေတောင်သာ မကွယ်ရလျှင် သေလာဂီရိကျောက်တော်တောင်ကိုပင် မြင်နိုင်မည်ဟုလည်း ဆိုကြသည်။ တောင်ထိပ်မှနေ၍ အောက်သို့ စိုက်မျှော်ရလျှင် တောင်တို့သည် စပါးပုံကြီးများသဖွယ် မြင်ရရာ၊ စိတ်ကြည်နူးဖွယ်ပင် ကောင်းလှသည်။ တောင်၏ အစွန်း၊ ကျောက်ကမ်းပါးအထက်တွင် ရပ်ကြည့်လျှင်၊ တဖြူးဖြူး တိုက်ခတ်လာသော လေအဟုန့်တွင် ဦးထုပ်များ မိုးပေါ်သို့ လွှင့်တက်ပြီး တဂဲဂဲလည်ပတ် ပျံသန်းနေရရာ ကလေးလူငယ်တို့အဖို့ ပျော်ရွှင်ဖွယ် ကစားစရာ တစ်မျိုးဖြစ်နေရသည်။

ထို့ကြောင့် ပလက်ဂသို့ရောက်လျှင် ကီမိုတောင်ကို မတက်ဘဲ မပြန်ကြရန် စာဖတ်သူတိုင်းအား လှိုက်လှဲနွေးထွေးစွာ လက်ရမ်းဖိတ်ခေါ် အပ်ပါသည်။ ကီမိုတောင်သို့ တက်လျှင်လည်း စုံဖက် မိတ်ဖက် အဖော်မပါဘဲ မတက်မိကြရန် သတိပေးလိုပါသေးသည်။ အကြောင်းမှာ စိတ်ကူးလွန် သွားမည် စိုးသောကြောင့်တည်း။ ချစ်ခင်မြတ်နိုးသူများနှင့် သော်လည်းကောင်း၊ ညားစကြင်စ လူငယ်များအဖို့ (ဟန်းနီးမွန်း) ပန်းရည်ဆမ်းခရီးအဖြစ် သွားမည်ဆိုက အထူးသင့်တော်သော တောင်ကြီးပင် ဖြစ်ပေသည်။

ကီမိုတောင်၏ သဘာဝအလှ၊ သာယာသော ရာသီဥတု၊ တောတောင် သဘာဝရှုခင်းများ ကြောင့်လည်း နိုင်ငံခြား ဧည့်သည်များ ဥပဟို ဂင်ထွက်သွားရောက်နိုင်စေရန် တောင်ပေါ်တွင် အပန်းဖြေစခန်းအဖြစ် ဟိုတယ်နှင့် ခရီးသွားလာရေးဌာနမှ စီမံကိန်း ချမှတ်သင့်ပေသည်။ သို့ဖြင့် ကီမိုနှင့် မလှမ်းမကမ်းရှိ လာမွေတောင်၏ အခြေအနေကို သော်လည်းကောင်း၊ မီးချောင်း အတွင်းရှိ ခဲ၊ သွပ်၊ ကြေးနီ၊ သံသတ္တုများ၏ တကယ်ပကတိ အခြေအနေကို လေ့လာပြီး၊ ချင်း ပြည်နယ်အဖို့ အားထားရမည့် တွင်းထွက်သယံဇာတပစ္စည်း ဖြစ်နိုင်၊ မဖြစ်နိုင်ဆိုသည်များကို လည်း စူးစမ်းလေ့လာနိုင်မည် ဖြစ်သည်။

ထို့အပြင် ကီမိုတောင်ကို မှီပြီး ကျက်စားသွားလာနေကြသော တောရိုင်းတိရစ္ဆာန်များ၊ ကျေးငှက် သတ္တဝါများနှင့်ဆိုင်သော သတ္တဗေဒပညာရှင်များနှင့် ကျောင်းသူကျောင်းသားများအဖို့ ကွင်း ဆင်းလေ့လာရေးအတွက် သင့်လျော်သည့် တောင်ကြီးဖြစ်သည်။ ရုက္ခဗေဒပညာ လေ့လာစူးစမ်း လိုသူများအဖို့ သော်လည်းကောင်း၊ တိုင်းရင်းဆေးအတွက် ဆေးဖက်ဝင်အပင်များကို ရှာဖွေ စုဆောင်းလိုသူများအဖို့ သော်လည်းကောင်း၊ သဘာဝက ဖန်တီးနေသည်နှင့် အလားသဏ္ဌာန် တူနေပေသည်။

ထို့ကြောင့် အနီးပတ်ဝန်းကျင် ရွာသားများထံမှ ကြပ်တင်ထားသည့် အသားခြောက်များနှင့် ဒေသဖြစ် ခေါင်ရည်ချိုမြမြကို မြိုးစားရင်း၊ ချင်းလုံမပျိုများ၏ နှုတ်ဖျားနှင့်လျှာများ လှုပ်ခတ် ရင်း ထွက်ပေါ်လာသည့် သာယာညင်းညောင်းသော ညွှင်းပြတူရိယာသံကိုပါ ကြည်နူးစွာ နား သောတဆင်နိုင်မည်ဖြစ်သည်။ ရိုးရာဓလေ့အလျောက် လုလင်ပျိုတို့ မီးတောင်း လုပျိုလှည့် ပုံ၊ အပျိုလုပျိုအချင်းချင်း ပျော်ပျော်ပါးပါး ကျီစယ်နေကြပုံများကို ငေးမျှော်ရင်း၊ လူပျိုလေးများ ၏ လက်မှ နားဝင်ပီယံရှိသည့် တယောသံ၊ ပုလွေသံသဲ့သဲ့များပါ ကြားနာကြည်နူးနေကြရ မည်ဖြစ်သည်။ ရိုးရာဓလေ့ကို ခင်မင်တွယ်တာပြီး စဉ်လာမပျက် ထိန်းသိမ်းနေသည့် ချင်းလူမျိုး

တို့၏ လိုက်လှဲပျူငှာစွာ ဧည့်ကျွေးမွေးနေတတ်ကြပုံများကိုလည်း တွေ့မြင်ရမည်ဖြစ်သည်။

ချင်းလူမျိုးတို့၏ ဟန်ဆောင်မှုကင်းမဲ့သည့် နှစ်သက်ဖွယ် ဧည့်ဝတ်ကျေပြွန်ပုံများကို အရိုးခံတိုင်း မြင်တွေ့ရမည်ဖြစ်ပြီး ရိုးရိုးသမှုဖြင့် ဧည့်ခံကျွေးမွေးတတ်ကြပုံကိုလည်း လက်တွေ့ကျကျ ခံယူကြရမည်ဖြစ်သည်။ ဧည့်သည် အာဂန္တုများအပေါ် လှူက်လှဲပျူငှာတတ်ကြပုံ၊ လူစိမ်းလူကျက်မခွဲ၊ ဆင်းရဲချမ်းသာမရွေး၊ ဆွေရင်းမျိုးရင်းများသဖွယ် ခင်မင်ရင်းနှီးတတ်ကြပုံကိုလည်း ကျေနပ်အားရစွာ သိမြင်ကြရမည်ဖြစ်သည်။ ပွင့်ပွင့်လင်းလင်း ပြောဆိုဆက်ဆံတတ်ကြသည့် အမူအကျင့်များကိုလည်း သိမြင်နိုင်မည်ဖြစ်သည်။

**"ကီမိုတောင်မှ လှိုက်လှဲပျူငှာစွာ ကြိုဆိုပါ၏"**

***************************



**ကီမိုတောင်၏ မိုးဦးရိုန်ခါ အဝေးမြင်ကွင်း**

# ဖွံ့ဖြိုးတိုးတက်မှု သတိပေး ခေါင်းလောင်းသံ

**Khin Mg Lay**

တိုးတက်ဖွံ့ဖြိုးမှုဆိုတဲ့ အဓိပ္ပါယ်ကို ပညာရှင်တွေက ကဏ္ဍအမျိုးမျိုးခွဲပြီး အဓိပ္ပါယ်ဖွင့်ဆိုခဲ့ကြတယ်။ အဲ့ဒီ အမျိုးမျိုးသော အဓိပ္ပါယ်ဖွင့်ဆိုချက်တွေအနက် ကျွန်တော်အမြင်ကဟာဖြင့် ဖွံ့ဖြိုးတိုးတက်မှုဆိုတာ အချိန်တိုအတွင်းသာ မဟုတ်ဘဲ ရပ်တန့်မသွားတော့တဲ့ ရေရှည်အတွက် လူနေမှု တိုးတက်ဖွံ့ဖြိုးမှု၊ ဆင်းရဲမှု ပပျောက်ရေး၊ လူထုကျန်းမာရေးနဲ့ ယုံကြည်စိတ်ချမှု၊ ဘေးအန္တရာယ်ကင်းဝေးရေးတွေအပြင် စတဲ့အရာတွေရဲ့ အခြေခံအုတ်မြစ်ကို စနစ်တကျ တည်ဆောက်ခြင်းကို ဦးတည်တဲ့ ဖွံ့ဖြိုးမှုလို့ မြင်ပါတယ်။ အများပြည်သူအတွက် မဟုတ်ဘဲ လူအနည်းငယ်အတွက်သာဖြစ်တဲ့ဖွံ့ဖြိုးမှုဟာတိုင်းပြည်တိုးတက်မှုလို့မသတ်မှတ်နိုင်သလို၊သြဇာအာဏာရှိ ပုဂ္ဂိုလ်အနည်းစုကသာ အကျိုးခံစားတဲ့ ဖွံ့ဖြိုးမှုမျိုးဟာလည်းပဲ တိုးတက်ဖွံ့ဖြိုးမှုယန္တရားကို ဖျက်ဆီးခြင်းပဲ ဖြစ်ပါတယ်။

ပညာရှင်တွေရဲ့ အဆိုအရ အဲ့ဒီတိုးတက်ဖွံ့ဖြိုးမှု ပေတံအမျိုးမျိုးထဲမှာ လူသားဖွံ့ဖြိုးတိုးတက်မှု Human Development index ဟာ အမှန်ကန်ဆုံးတိုင်းတာနည်း ဖြစ်တယ်လို့ ဆိုစမှတ်ပြုကြပါတယ်။ အဲ့ဒီတိုင်းတာချက်မှာ စာတတ်မြောက်မှု၊ ပျမ်းမျှအသက်ရှည်မှုတွေဟာ နိုင်ငံနဲ့နိုင်ငံသားတွေရဲ့ လူနေမှု တိုးတက်မှု၊ ဝင်ငွေရရှိမှု၊ အသက်မွေးဝမ်းကျောင်းမှု အစရှိသဖြင့် ထင်ဟပ်ဖော်ပြတဲ့အတွက်ကြောင့် ဖြစ်တယ်လို့ ဆိုကြပါတယ်။

UNDP ရဲ့ Human Development Report အရ လူသားဖွံ့ဖြိုးတိုးတက်မှုဇယားမှာ မြန်မာနိုင်ငံဟာ နိမ့်ကျတဲ့အဆင့်မှာ ပါဝင်ပါတယ်။ ဒါဟာ ဖွံ့ဖြိုးတိုးတက်ရေးမှာ အများကြီး နောက်ကျနေတယ်ဆိုတာကို ပြသနေခြင်းပဲ ဖြစ်ပါတယ်။

တိုးတက်ဖွံ့ဖြိုးမှုဟာ အင်မတန်ပဲ လိုအပ်ပေမဲ့ ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းတိုင်းမှာ ကောင်းကျိုးနဲ့ဆိုးကျိုးဆိုတာလည်း ၎င်းနဲ့အတူ ဒွန်တွဲပြီး ကောင်းကျိုးရရှိသူနဲ့ ဆိုးကျိုးကို ခံရတဲ့သူတွေ ရှိတတ်ပါတယ်။ Development induce displacement ဆိုသလို တချို့နေရာများမှာ ဖွံ့ဖြိုးရေးလုပ်ငန်းတွေကြောင့် အောက်ခြေက ပြည်သူအချို့ အိမ်မြေယာတွေ၊ စိုက်ပျိုးမြေတွေနဲ့

အသက်မွေးဂမ်းကျောင်းပါ ပျက်စီးဆုံးရှုံးသွားကြတာတွေကို ကျွန်တော်တို့ နိုင်ငံအတွင်းမှာလည်း အရှင်လတ်လတ် ကြုံတွေ့လျက်ရှိတာ တွေ့ရပါတယ်။

ဒီအပြင်မက ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း အမျိုးမျိုးကြောင့် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှု၊ ရာသီဥတုဖောက် ပြန်မှုတွေဟာ ရင်မောဘွယ် ကောင်းလောက်အောင် လူနဲ့သတ္တဝါတွေကို ခြိမ်းခြောက်နေတာ အားလုံးအသိပဲ ဖြစ်ပါတယ်။ အဲ့ဒါရဲ့ နောက်ဆက်တွဲ အနေနဲ့ကတော့ ရာသီဥတု ဖောက်ပြန်မှုဒဏ်ကြောင့် ရာသီဥတုဒုက္ခသည်တွေ တစ်နှစ်ပြီးတစ်နှစ် ပိုများလာနေခြင်းပါပဲ။

ဖွံ့ဖြိုးတိုးတက်ရေးကို တပ်မက်တောင့်တနေကြချိန်မှာပဲ လုံးဝ မေ့လျော့မထားသင့်တဲ့အရာကတော့ အမျိုးသားလုံခြုံရေး ဖြစ်ပါတယ်။ မျက်မှောက်ခေတ်မှာ အမျိုးသားစိတ်ဓါတ် ပြင်းထန်သူတွေကို တချို့က အသိအမြင် ကျဉ်းမြောင်းသူတွေလိုလို၊ ခေတ်မမီသူတွေလိုလို ပြောဆိုသံတွေ များလာပါတယ်။ ကျွန်တော်တို့ နိုင်ငံလို လူမျိုးပေါင်းစုံ နေထိုင်တဲ့ နိုင်ငံမျိုးမှာ ဗဟိုအစိုးရက ဖွံ့ဖြိုးရေးမက်လုံးတွေနဲ့ လူမျိုးငယ်စုတွေ လွှမ်းမိုးရေးဗျူဟာတွေကို စနစ်တကျ ရေးဆွဲတတ်ကြပါတယ်။ အဲ့ဒါကြောင့် ဖွံ့ဖြိုးရေးဆိုတဲ့ လှပတဲ့ စကားလုံးနောက်ကွယ်မှာ ဘာရှိတယ်၊ ဘာဖြစ်လာနိုင်တယ်ဆိုတာကို အမျိုးသားရေးစိတ်ဓါတ် ရှုထောင့်ကနေလည်း ဆန်းစစ်တတ်ဖို့လိုအပ်သလို၊ ဘယ်ဖွံ့ဖြိုးရေးလုပ်ငန်းမျိုးမဆို အမျိုးသားလုံခြုံမှုအတွက် အာမခံချက် ရှိမရှိကို လုံးဝထည့်တွက်ဖို့ လိုအပ်ပါတယ်။

ကျွန်တော်တို့ ချင်းလူမျိုးများလို လူဦးရေနည်းပါးပြီး၊ အင်အားနည်းတဲ့ လူမျိုး၊ အခြားလူမျိုးတွေနဲ့ ရှေးယခင်ကတည်းက ရောနှောနေထိုင်ခြင်းမရှိတဲ့ လူမျိုး၊ ပထဝီအရ အခြားသော လူမျိုးနဲ့ နိုင်ငံများကြားညှပ်ပြီး ဗဟိုချုပ်ကိုင်မှုအား ကောင်းတဲ့နိုင်ငံမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့် အပြည့်အဝမရှိဘဲ နေထိုင်နေကြတဲ့ လူမျိုးတွေမှာ အမျိုးသားစိတ်ဓါတ် အားနည်းမယ်ဆိုရင် ဖွံ့ဖြိုးရေးဆိုတဲ့ နာမည်လှလှအောက်မှာ အခြားလူမျိုးကြီးတွေရဲ့ ဂါးမျိုခြင်းကို လုံးလုံးခံသွားနိုင်ပါတယ်။

မိမိတို့ နယ်မြေအတွင်းရှိ မြေပေါ်/မြေအောက် သဘာဝတွင်းထွက် သယံဇာတတွေ၊ အဖိုးတန်သစ်ပင်ပန်းမာလ်တွေကို ဖွံ့ဖြိုးရေးအတွက်ဆိုကာ အတိုင်းအဆမရှိ ထုတ်လုပ်ပြီး၊ လူမျိုးခြားကုန်သည်တွေ လွတ်လွတ်လပ်လပ် ဝင်ထွက်သွားလာခွင့် ပြုထားမယ်ဆိုရင် များမကြာခင်မှာ ဘာဖြစ်လာနိုင်သလဲ၊ သေချာတာကတော့ တချို့က အကျိုးကောင်းကောင်းရမယ်။ ဒါပေမဲ့

တိုင်းသူပြည်သားအများစုကတော့ အရှုံးနဲ့သာ ရင်ဆိုင်ရုံပဲ ရှိပါမယ်။ ကြာရှည်လည်း ခံမှာ မဟုတ်ပါဘူး၊ တောတောင်ရေမြေ ပြုန်းတီးပြီး အစာရေစာခေါင်းပါးတာပဲ အဖတ်တင် ပါလိမ့်မယ်။ ကုမ္ပဏီလုပ်ငန်းတွေမှာလည်း ထိုနည်းလည်းပါပဲ။

ဒီလို ဆိုခြင်းအားဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းမှန်သမျှကို ကန့်ကွက်တိုက်ခံဖို့ မဆိုလိုပါ။ ကောင်းကျိုးနဲ့ ဆိုးကျိုးကို ချိန်ခွင်ချိန်တတ်ဖို့ သိပ်လိုအပ်ပါတယ်။ တောတောင်ရေမြေ သဘာဝသစ်တောတွေ၊ တောတွင်းတိရိစ္ဆာန်တွေ မျိုးသုန်းပျက်စီး ဆုံးရှုံးခြင်းမရှိဘဲ အောက်ခြေပြည်သူများအထိ ခံစားနိုင်မယ့်၊ အမျိုးသားအကျိုးစီးပွား ဖြစ်ထွန်းစေမယ့် ဟာမျိုးဆိုရင် အားတက်သရော လက်ခံကြဖို့ လိုအပ်ပါတယ်။

လုံခြုံမှုရှိပြီး ရေရှည်ခံဖွံ့ဖြိုးရေးကို ကျွန်တော်တို့ လိုလားတာဖြစ်တယ်။ ပြည်သူလူထုကလည်း ဒီအပိုင်းမှာ ဒီထက်ပိုပြီး အရှိန်မြှင့်ဆောင်ရွက်ဖို့အတွက် အမျိုးသားခေါင်းဆောင်တွေအပေါ် မှာ မျှော်လင့်ချက်ထားကြသလို အဲ့ဒီမျှော်လင့်ချက်တွေ အကောင်အထည်ဖော်နိုင်ဖို့အတွက် မှန်ကန်ပြီး ကောင်းမွန်တဲ့ ပေါ်လစီတွေကို ခေါင်းဆောင်များက ရေးဆွဲချပြဖို့ အင်မတန်မှ လိုအပ်ပါတယ်။ ဒါကြောင့် တိုင်းပြည် တိုးတက်ဖွံ့ဖြိုးလာဖို့အတွက် တိုင်းသူပြည်သားတွေထက် ပေါ်လစီချမှတ်တဲ့ Policy Maker တွေဟာ ပိုပြီးအရေးကြီးခြင်း ဖြစ်တယ်။ အဲ့ဒီလို ပြောခြင်းအားဖြင့် တိုင်းသူပြည်သားတွေမှာ လုံးလုံးတာဝန်မရှိဘူးလို့ မဆိုလိုပါ။

ဥကွမ္ဘာမြေကြီးနဲ့ ရေပြင်ဟာ လူသားတွေကပိုင်ဆိုင်ထားသလိုပိုမိုတိုးတက်လုပလာဖို့အတွက် လူသားတွေမှာပဲ တာဝန်ရှိပါတယ်။ အဲ့သလိုပဲ မျိုးချစ်စိတ်ရှိသူ ပိုများတဲ့ တိုင်းပြည်တွေဟာ ပိုပြီးတိုးတက်တယ်လို့ အကြမ်းဖျင်းပြောနိုင်ပါတယ်။ တိုးတက်ပါစေ၊ ဖွံ့ဖြိုးပါစေလို့ ဆုတောင်းရုံနဲ့ ဖြစ်သွားနိုင်တဲ့အရာလည်း မဟုတ်ပါ။ ငါးတစ်ပိဿာဝယ်ဖို့ ငွေပေးလိုက်တာထက် ငါးကို ထုတ်လုပ်နိုင်ဖို့က ပိုပြီးအကျိုးသက်ရောက်ပါတယ်။ အဲ့ဒါကြောင့် နိုင်ငံသားတိုင်းက မိမိကိုယ်ကို စိတ်ဓါတ်၊ အမြော်အမြင်၊ အတွေးအခေါ် ကအစ မြှင့်တင်ဖို့ အရေးကြီးပါတယ်။ တချို့က ဖွံ့ဖြိုးမှု၊ တိုးတက်မှုတို့မှာ မိမိကိုယ်တိုင် မပါဝင်ဘူးလို့ ယူဆသူတွေလည်း ရှိပါသေးတယ်။ ချယ်လ်ဆီး ဘော်လုံးအသင်းက အင်္ဂလိပ်ပရီမီယားလိဂ်မှာ ဗိုလ်စွဲသွားခြင်းဟာ ကစားသမားတွေ လေ့ကျင့်မှု၊ ကြိုးစားအားထုတ်မှုနောက်ကွယ်က ပရိသတ်ရဲ့ အားပေးမှုဟာ ဘယ်သူမှ မျက်ကွယ်ပြုလို့ မရပါ။ ယှဉ်ပြိုင်နိုင်ဖို့အတွက် လေ့ကျင့်ရတယ်၊ သင်ကြားရတယ်၊ အဲ့ဒါတွေကနေစလို့ ယုံကြည်မှုဆိုတာ ဖြစ်ပေါ် လာတာဖြစ်တယ်။ ဒါဟာ အကွာရာလည်း ကျတယ်။ ဖွံ့ဖြိုး

ရေးဆိုတဲ့ နေရာမှာလည်း ပြည်သူလူထုက အဲ့ဒီသဘောတရားကို မေ့လျော့မထားမိကြဖို့ လိုအပ်တယ်။

လူသားတွေအနေနဲ့ နေရာဒေသ အခြေအနေတစ်ခုနဲ့ ပိုမိုရင်းနှီးလာတာနဲ့အမျှ ပြင်ပကမ္ဘာမှာရှိနေတဲ့ ပိုမို ကျယ်ပြန့်ကောင်းမွန်တဲ့ နည်းပညာ၊ အတွေးအခေါ်၊ အကျိုးကျေးဇူးတွေကို မမြင်တတ်ကြတာ သဘာဝပါ။ အဲ့ဒါကြောင့်မို့လို့ အုပ်ချုပ်ရေးစနစ်ကြောင့် ကမ္ဘာ့ဖွံ့ဖြိုးမှု အနိမ့်ဆုံးစာရင်းဝင်ဖြစ်သွားတဲ့ တိုင်းပြည် ပြန်လည် ဖွံ့ဖြိုးတိုးတက်လာဖို့အတွက် အမြဲတိုးတက်ပြောင်းလဲနေတဲ့ကမ္ဘာကြီးနဲ့အတူ ဖန်တီးတီထွင်နိုင်စွမ်းနဲ့ ဓမ္မဓိဋ္ဌာန်ကျကျစဉ်းစားတွေးခေါ်ကြဖို့အရေးကြီးပါတယ်။

ဖွံ့ဖြိုးတိုးတက်မှုဆိုတာ အလကားကျွေးလို့ရတဲ့ ပေါင်မုန့်လိုမျိုးမဟုတ်၊ လက်တွေ့တီထွင်ဖန်တီးယူရတဲ့ အရာဖြစ်တယ်။ ဖွံ့ဖြိုးတိုးတက်မှုကို ရေ့တန်းတင်လွန်းတာလည်း မကောင်းပါ။ ငွေနဲ့ဂယ်မှ ကျွန်ဖြစ်တာမို့ အဂယ်မခံဖို့က မိမိတို့ ချင်းပြည်သူအားလုံးရဲ့တာဝန်ဖြစ်တဲ့အကြောင်း ကျွန်တော့်ရဲ့ အတွေးအမြင်လေးကို အနည်းငယ် ဝေမျှလိုက်ပါတယ်။

*******************

ဤစာစောင်ပါ ကဗျာ၊ ဂဏ္ထ၊ ဆောင်းပါးများသည် ချင်းအမျိုးသားတပ်ဦး၏
သဘောထား အာဘော် မဟုတ်ပါ။
စာရေးသူ တစ်ဦးချင်းစီ၏ အမြင်အာဘော်များသာဖြစ်ကြောင်း
ဖော်ပြအပ်ပါသည်။

အယ်ဒီတာ
ချင်းအမျိုးသားရေးရာစာစောင်

# ဒီမိုကရေစီ အခြေခံတရားများ
## (Basic Principles of Democracy)

**Pu Lalramlawma**

## အပိုင်း (၁) သမိုင်းစဉ်

ဘုရင်တစ်ဦးတည်းပေါ်တွင် အာဏာပုံအပ်ထားသော ပဒေသရာဇ်စနစ်ကို ကျင့်သုံးခဲ့ကြသည့် ကာလတုန်းက ဘုရင်မင်းမြတ်အပေါ် မကျေနပ်လျှင် ဘုရင်ကို ပုန်ကန်ခြားနားကြသည်။ သို့သော် သူတို့ ပုန်ကန်ခြားနားကြသည့် ဘုရင်မင်းမြတ်ကို ဖြုတ်ချပြီးလျှင် ခေါင်းဆောင်လုပ်သော သူသည် ဘုရင့်နေရာကိုယူပြီး နန်းတက်သည်။ သူတို့ ဖြုတ်ချခဲ့သည့် ဘုရင်မင်းမြတ်နှင့် မခြားနားဘဲ အသစ်တက်လာသော ဘုရင်ကလည်း တစ်ဦးတည်း အချုပ်အခြာအာဏာပိုင်သည့် အာဏာရှင်ဘုရင်စနစ်ကိုသာ ဆက်လက်ကျင့်သုံးသည်။ အာဏာရှင်ဘုရင်ကိုတော်လှန်ပြောင်းလဲပစ်ရန် သူတို့မှာ တော်လှန်လိုသော အတွေးအခေါ် မရှိခဲ့ကြပေ။

### - တော်လှန်သော အတွေးအခေါ်၏ အစ

ဂရိနိုင်ငံ အေသင်မြို့သားများက ဒီမိုကရေစီစနစ်ကို BC 508 တွင် စတင်အသုံးပြုခဲ့ကြသည်။ ဒီမိုကရေစီ၏ အခြေခံအကျဆုံး တရားများမှာ-

(၁) ပြည်သူအားလုံး တန်းတူညီမျှမှု (တရားမျှတမှု) ရှိရမည်
(၂) ပြည်သူအားလုံး လွတ်လပ်မှု ရှိရမည်

အာဏာရှင်ဘုရင်စနစ်မှ လုံးဝလမ်းခွဲသည့် တော်လှန်သော အတွေးအခေါ် ပေါ်ပေါက်လာခြင်းဖြစ်သည်။ ၎င်းလွတ်လပ်မှုများကို အခြေခံဥပဒေအားဖြင့် ကာကွယ်ပေးထားခြင်းဖြစ်သည်။

## အပိုင်း (၂) အများစုအုပ်ချုပ်ရေးနှင့် လူနည်းစုအခွင့်အရေး
## (Majority Rule and Minority Rights)

ဤအရာနှစ်ခုသည် အမြဲတမ်း ဒွန်တွဲနေရမည် ဖြစ်သည်။ အခြေခံဥပဒေဖြင့် အခိုင်အမာ အာမခံတားရမည် ဖြစ်သည်။ သို့မဟုတ်လျှင် အများစုက အနိုင်ကျင့်အုပ်ချုပ် (Tyranny Of Majority) သည့် အသွင်ဆောင်သွားနိုင်ပါသည်။ သို့ဖြစ်လျှင် တရားမျှတမှုဆိုသည်မှာ မရှိနိုင်တော့ဘဲ ဒီမိုကရေစီနှင့် ညီညွတ်ရေးပါ ပျောက်ကွယ်သွားနိုင်ပါသည်။ ပြည်သူအချင်းချင်း လူနည်းစုနှင့် လူများစုအကြား စိတ်ဂမ်းကွဲကာ နိုင်ငံရေးပဋိပက္ခများ၊ မတည်ငြိမ်မှုများ ပေါ်ပေါက်ကြီးထွား လာနိုင်ပါသည်။ အယုတ်စွဆုံး သူတို့ဆုံးရှုံးသည့် ဒီမိုကရေစီ အခွင့်အရေးများကို ပြန်လည်ရယူရန်အတွက် လက်နက်စွဲကိုင်ပြီး အနည်းစုက စစ်ရေးအားဖြင့် တိုက်ပွဲဝင်လာရသည်အထိ အာဏာရှင်အမျိုးမျိုး ကြီးထွားလာမည် ဖြစ်ပါတယ်။ ထိုအချိန်တွင် စစ်အာဏာရှင်များက ဒီမိုကရေစီကို အရင်းအမြစ်မှ စ၍ လှန်လှောဖျက်စီးတတ်ကြသည်။ အနည်းစုရော အများစုကပါ စစ်ကျွန်ဘဝကို လုံးလုံးလျားလျားကျရောက်သွားမည်ဖြစ်ပါသည်။ ဒီမိုကရေစီဟုဆိုလျှင် အများစုသဘောချဉ်းသက်သက်မဟုတ်ဘဲ အနည်းစု ဆန္ဒသဘောထားကိုပါ ကာကွယ်ပေးနိုင်မှသာ လျှင် စစ်မှန်သော ဒီမိုကရေစီအောက်တွင် ငြိမ်းချမ်းတည်ငြိမ်သည့် လူ့ဘောင်တစ်ခုကို တည်ဆောက်နိုင်ကြမည် ဖြစ်ပါသည်။ သို့မှသာလျှင် အများစု၏ ရေရှည် အကျိုးစီးပွားကိုရော၊ ဒီမိုကရေစီလူ့ဘောင် တည်တံ့ခိုင်မြဲရေးကိုပါ ထိထိရောက်ရောက် ကာကွယ်သွားနိုင်မည် ဖြစ်ပါသည်။

## အပိုင်း (၃) ဒီကရေစီနှင့် ဥပဒေ

ယေဘုအားဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုသည်မှာ-

(၁) ပြည်သူများ၏ လွတ်လပ်ခွင့်၊ ပြည်သူများ၏ တန်းတူညီမျှမှုများ၊ ပြည်သူများ၏ တာဝန်ဝတ္တရားများ၊ ပြည်သူများ၏ အခွင့်အရေးများအပြင်

(၂) အစိုးရအဖွဲ့များကို ပြည်သူများက မည်သည့်အာဏာ အပ်နှင်းထားသည်ဆိုသည်များ

(၃) အစိုးရအဖွဲ့များ၏ လုပ်ပိုင်ခွင့်များကို မည်သည့်ဥပဒေဘောင်များနှင့် ကန့်သတ်ထားသည်ဆိုသည်များကို ဥပဒေနှင့် ပြဋ္ဌာန်းထားပါသည်။

(၄) ပြည်သူများ၏ လွတ်လပ်ခွင့်များ၊ တန်းတူညီမျှမှုများကိုလည်း စည်းနှင့်ကမ်းနှင့် ဥပဒေဖြင့် စနစ်တကျ ပြဋ္ဌာန်းထားပါသည်။

အာဏာရှင်စနစ်မှာကဲ့သို့ အာဏာရှင်တစ်ဦးတည်းက စည်းမဲ့ကမ်းမဲ့ အာဏာအလွဲသုံးစားပြီး ထင်ရာစိုင်း၊ အနိုင်ကျင့် အုပ်ချုပ်ခြင်းမျိုး မဟုတ်သဖြင့် "စည်းကမ်းရှိသော ဒီမိုကရေစီ" ဟူ၍ မရှိပါ။ အခြေခံဥပဒေရေးဆွဲရာတွင် ယေဘုယျအားဖြင့်-

(၁) ပြည်သူများ ရွေးကောက်ထားသည့် တိုင်းပြုပြည်ပြုလွှတ်တော်က လည်းကောင်း
(၂) ပြည်သူများ ယုံကြည်သည့် ခေါင်းဆောင်များက လည်းကောင်း
(၃) ဥပဒေပညာရှင်များ၏ အကြံပြုချက်များနှင့်အတူ မူကြမ်းရေးဆွဲပြီး
(၄) လွှတ်တော်မှာ အခြေအတင်ဆွေးနွေးပြီး
(၅) ပြည်သူများ၏ သဘောတူညီမှုကို ပြည်လုံးကျွတ် ဆန္ဒခံယူပွဲအားဖြင့်သာ အတည်ပြုနိုင်သည်။

အာဏာရှင်စနစ်များတွင် ဘုရင့်အာဏာပဲ သုံးသုံး၊ စစ်အာဏာရှင်စနစ်ပဲ ဖြစ်ဖြစ်၊ပစ္စည်းမဲ့ အာဏာရှင်ပဲခေါ်ခေါ် တစ်ပါတီ အာဏာရှင်စနစ်ပဲလုပ်လုပ် အားလုံးသော အာဏာရှင်စနစ်များတွင် ထိပ်ဆုံးက အုပ်ချုပ်မင်းလုပ်နေသည့် ဘုရင်ကိုဖြစ်စေ၊ စစ်ဗိုလ်ချုပ်ကိုဖြစ်စေ၊ ပါတီဥက္ကဋ္ဌကို သော်လည်းကောင်း၊ တစ်ဦးတည်းအပေါ် မှာ အာဏာပုံအပ်ထားလေ့ရှိသည်။ အာဏာရှင်များ၏ လုပ်ပိုင်ခွင့်အာဏာများကိုထိန်းချုပ်ခြင်း၊ ကန့်သတ်ခြင်းများမရှိပါ၊ အာဏာရှင်ကပဲ ထင်ရာစိုင်း အုပ်ချုပ်လေ့ရှိသည်။ ဒီမိုကရေစီနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်သည့်စနစ် ဖြစ်ပါသည်။

## အပိုင်း (၄) တိုက်ရိုက်ဒီမိုကရေစီ (Direct Democracy)

အေသင်မြို့တွင် စတင်အသုံးပြုခဲ့သည့် ရှေးဦးဒီမိုကရေစီတွင် မြို့သား (ပြည်သူ)များကို ကိုယ်တိုင်အုပ်ချုပ်သည့် တိုက်ရိုက် ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့ကြသည်။ တစ်ဦးတည်းပိုင်သည့် အာဏာဆိုသည်မှာ မရှိပါ။ ပြည်သူအားလုံး လက်ထဲမှာသာ အာဏာရှိသည်။ ပြည်သူအားလုံး မြို့လယ်လေဟာပြင်၊ ဈေးမှာ စုရုံးပြီး မြို့အုပ်ချုပ်ရေးအတွက် ရွေးကောက်ပွဲများကို တိုက်ရိုက်လုပ်၊ မြို့သူမြို့သားအားလုံးကို လိုက်နာရမည့် ဥပဒေများကိုလည်း မြို့သားအားလုံးက ဆွေးနွေးအတည်ပြုကြသည်။ အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းဆောင်တာအများစုကို ပြည်သူ ၅၀၀ ပါဝင်သည့် ကောင်စီက ဆောင်ရွက်သည်။ အရေးကြီးသည့် ကိစ္စရပ်အားလုံးကို မဲဆန္ဒပေးဆုံးဖြတ်ရန်အတွက် ပြည်သူအားလုံး ပါဝင်သည့် လွှတ်တော်ကို တင်ပြရသည်။ တနည်းအားဖြင့် ပြည်သူကသာ တိုင်းပြည်ကို တိုက်ရိုက်အုပ်ချုပ်သည်။ ပြည်သူ ၆ ယောက်ထဲမှ တစ်ယောက်သည်

တစ်နှစ်တာကာလအတွင်း အစိုးရရာထူး တစ်နေရာတွင် တာဝန်ထမ်းဆောင်ရသည်။ သို့ဖြစ်၍ ပြည်သူအယောက်တိုင်းသည် အစိုးရတာဝန်ကို အလှည့်ကျ ထမ်းဆောင်းရန် အခွင့်အရေးရကြသည်။ ထို့ကြောင့် မည်သူကမှ အာဏာကို အလွန်အကျွံ မချုပ်ကိုင်နိုင်ပါ။ အာဏာရှင်လည်းမပေါ်ပေါက်နိုင်ပါ။ယခုခေတ်ကိုယ်စားပြုဒီမိုကရေစီများမှာကဲ့သို့ပြည်သူ့ကိုယ်စားလှယ်နှင့်အုပ်ချုပ်ခြင်းမဟုတ်ဘဲပြည်သူကတိုက်ရိုက်အုပ်ချုပ်ခြင်းဖြစ်သည်။သို့သော်အားနည်းချက်များလည်း ရှိပါသည်။ ယနေ့ခေတ်တွင် တိုက်ရိုက်ဒီမိုကရေစီကို ဆွစ်ဇာလန်နိုင်ငံ၏ ကန်တုံ (ခေါ်) ပြည်နယ်အချို့အတွင်းရှိ သေးငယ်သည့် ဒေသန္တရ အုပ်ချုပ်ရေးများတွင် ကျင့်သုံးဆဲဖြစ်သည်။

## အပိုင်း (၅) ကိုယ်စားပြု ဒီမိုကရေစီ (representative Democracy)

ယနေ့ခေတ်တွင် လူဦးရေထူပြောသည့်မြို့၊ ပြည်နယ်၊ တိုင်းနိုင်ငံများတွင် ပြည်သူများအားလုံးပါဝင်သည့် အထွေထွေညီလာခံ ကျင်းပရေးဆိုသည်မှာ လက်တွေ့မကျပါ။ ပြည်သူများ ရွေးကောက်ထားသည့် ပြည်သူ့ကိုယ်စားလှယ်များကသာ ပြည်နယ်အရေး၊ ပြည်ထောင်စုအရေး၊ တိုင်းနိုင်ငံအရေးများကို ဆုံးဖြတ်ရ၊ အုပ်ချုပ်ရပါသည်။ ကိုယ်စားပြုဒီမိုကရေစီစနစ်သည် ယနေ့ခေတ်တွင် ပို၍ တွင်ကျယ်ပါသည်။ သို့သော် အရေးကြီးသည့် အချက်များဖြစ်သည့် အခြေခံဥပဒေကို ပြည်သူတရပ်လုံး လက်ခံ၊ မခံ ဆုံးဖြတ်ရာမှာ ပြည်သူ့ဆန္ဒခံယူပွဲ ကျင်းပခြင်းဖြစ် နိုင်ငံသားအားလုံးပါဝင်ပြီး၊ တိုက်ခိုက်ဒီမိုကရေစီ ပုံစံဖြင့် ဆုံးဖြတ်နေကြဆဲ ဖြစ်ပါသည်။

## အပိုင်း (၆) ဒီမိုကရေစီဆိုတာ ဘာလဲ?

ဒီမိုကရေစီဆိုသည်မှာ "ပြည်သူ" ဟု အဓိပ္ပါယ်ရသည့် "ဒီမို့(စ်)" နှင့် "အာဏာ" ဟု အဓိပ္ပါယ်ရသည့် "ကရေး တို့(စ်)" ဟူသည့် ဂရိစကားမှ ဆင်းသက်လာပြီး "ပြည်သူ့အာဏာ"ဟု အဓိပ္ပါယ်ဖွင့်ဆိုနိုင်ပါသည်။ ထို့ကြောင့် ဒီမိုကရေစီဟုဆိုရာတွင် "ပြည်သူလူထု၏ သဘောတူညီချက်ဖြင့် အုပ်ချုပ်သည့်အစိုးရ"၊ "အမြင့်ဆုံးအာဏာသည် ပြည်သူလူထုထံ၌ ရှိသော အစိုးရစနစ်"၊ "ပြည်သူလူထု၏ အုပ်ချုပ်မှု" စသဖြင့် ဖွင့်ဆိုနိုင်ကြပါသည်။ ဒီမိုကရေစီစနစ်အားဖြင့် ပြည်သူများ၏ ဆန္ဒအစစ်အမှန်ကို ဖော်ဆောင်နိုင်သည့်အတွက် ပြည်သူများ၏ ဘဝ လုံခြုံမှု၊ တရားမျှတမှု၊ တရားဥပဒေစိုးမိုးရေး၊ ငြိမ်းချမ်းရေးများကို ထိန်းသိမ်းကာကွယ်မြင့်တင်ရန် အကောင်းဆုံးသော စနစ်ဖြစ်ပါသည်။

## အပိုင်း (၇) ဒီမိုကရေစီ မဏ္ဍိုင်ကြီးသုံးခု (The Three Pillars Of Democracy)

ကိုယ်စားပြုဒီမိုကရေစီစနစ်တွင်ပြည်သူများကရွေးကောက်တင်မြှောက်သည့်ပြည်သူ့ကိုယ်စားလှယ်များ၏ အာဏာများကို တစ်ဦးတည်း၊ တစ်နေရာတည်းတွင် ပုံအပ်မထားဘဲ၊ မဏ္ဍိုင်ကြီး ၃ ခုအဖြစ် ခွဲခြမ်းကာ အပြန်အလှန် ထိန်းညှိသောစနစ်ဖြင့် ထားရှိလေ့ရှိပါသည်။ အာဏာကြီး ၃ ခုအား မဏ္ဍိုင်ကြီး ၃ ခုအဖြစ် (၁) ဥပဒေပြုရေးမဏ္ဍိုင် (Legislative Branch)၊ (၂) စီမံခွန့်ခွဲရေးမဏ္ဍိုင် (Executive Branch)၊ နှင့် (၃) တရားစီရင်ရေး မဏ္ဍိုင် (Judiciary Branch)၊ အဖြစ် ခွဲခြားထားပါသည်။ ၎င်းမဏ္ဍိုင်ကြီး ၃ ခုသည် သီးခြားစီဖြစ်ပြီး၊ လွတ်လပ် စွာ တည်ရှိကြ၍ အချင်းချင်းအပြန်အလှန် လေးစားကြရပါသည်။ ဥပဒေပြုမဏ္ဍိုင်တွင် ရွေးချယ်ခံပြည်သူ့ကိုယ်စားလှယ်များ၊ အထက်လွှတ်တော်၊ အောက်လွှတ်တော် ကိုယ်စားလှယ်များ ပါဝင်ကြသည်။ အုပ်ချုပ်ရေးမဏ္ဍိုင်တွင် သမ္မတ၊ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ ပါဝင်ကြပါသည်။ တရားရေးမဏ္ဍိုင်တွင် တရားသူကြီးချုပ်နှင့် တရားသူကြီးများ စသဖြင့် ပါဝင်ကြပါသည်။

## အပိုင်း (၈) လွှတ်တော်

ယေဘုယျအားဖြင့် လူမျိုးတမျိုးတည်းနေထိုင်သည့် နိုင်ငံများတွင် တစ်ပြည်ထောင်စနစ် (Unitary System) ကို ကျင့်သုံးပြီး၊ လွှတ်တော်တစ်ရပ်သာ ထားရှိလေ့ရှိပါသည်။ လူမျိုးပေါင်းစုံနေထိုင်သည့် နိုင်ငံများတွင် ပြည်နယ်များကို စုပေါင်းပြီး ပြည်ထောင်စုစနစ် (Federal System) ကို ကျင့်သုံးလေ့ရှိပါသည်။ ပြည်ထောင်စုစနစ်တွင် လွှတ်တော်ကို အထက်လွှတ်တော်နှင့် အောက်လွှတ်တော်ဟူ၍ လွှတ်တော်နှစ်ရပ် ထားရှိကြပါသည်။ အထက်လွှတ်တော်ကို လူမျိုးစုလွှတ်တော် Upper House, Senate, Upper Chamber, Federal Council,House of Lord (UK) အောက်လွှတ်တော်ကို Lower House, House of Representatives, Lower Chamber, House of Commons (UK) ဟုခေါ်ဆိုလေ့ရှိပြီး ကြိုက်နှစ်သက်သလို အမည်ကင်ပွန်း တပ်လေ့ရှိပါသည်။ ယေဘုယျအားဖြင့် လူမျိုးစုလွှတ်တော် (အထက်လွှတ်တော်) ကို ပြည်နယ်အသီးသီးက သေးငယ်သည်ဖြစ်စေ၊ ပိုမိုကြီးမားသည့် ပြည်နယ်ဖြစ်စေ၊ လူဦးရေနည်းသည်ဖြစ်စေ၊ လူဦးရေများသည်ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ် အညီအမျှစေလွှတ်လေ့ရှိပါသည်။ အထက်လွှတ်တော်သည် အနှစ်သာရအားဖြင့်ရော၊ လက်တွေ့အားဖြင့်ပါ ပြည်နယ်များကို ကိုယ်စားပြုပါသည်။ ပြည်နယ်များက နေပြည်ထောင်စုအပေါ် ပေးအပ်ထား

သည့် အာဏာများက လွဲပြီး ကြွင်းကျန်အာဏာ (Residual Power) များကို အထက်လွှတ်တော်က ထိန်းသိမ်းကာကွယ်ပါသည်။ လူမျိုးစုလွှတ်တော်တွင် ပြည်နယ်များ၊ လူမျိုးများသည် ဒီမိုကရေစီ၏ အခြေခံတရားနဲ့အညီ လွတ်လပ်မှုရှိသည်။ တန်းတူညီမျှသည်ဆိုသည်နှင့် တရားမျှတပြီး စစ်မှန်သော ပြည်ထောင်စုဖြစ်ကြောင်းကို လူမျိုးစုလွှတ်တော်တွင် အနှစ်သာရအားဖြင့်ရော၊ လက်တွေ့အားဖြင့်ပါ ပုံဖော်ပြဌာန်းထားခြင်းဖြစ်သည်။ လူမျိုးစု (လူနည်းစု) များ၏ တန်းတူအခွင့်အရေးများ၊ လွတ်လပ်မှုနှင့် တခြားအကျိုးစီးပွားများကို လူမျိုးစုလွှတ်တော် (အထက်လွှတ်တော်) က အကာအကွယ်ပေးရင်း ပြည်ထောင်စုသား လူမျိုးစုပြည်သူများ၏ မျှော်မှန်းချက်ဆန္ဒအမှန် (Aspirations) များကို ပြဌာန်းပုံဖော်မည် ဖြစ်ပါသည်။ တိုင်းရင်းသားပြည်သူအားလုံး တန်းတူ၊ စစ်မှန်သည့် ဖက်ဒရယ် ပြည်ထောင်စုထဲတွင် လူမျိုးပေါင်းစုံပြည်သူများသည် ဒီမိုကရေစီ၏ အသီးအပွင့်များကို တန်းတူရည်တူ အတူတကွ ခံစားကြရပြီး ငြိမ်းချမ်းသာယာသည့် ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်ကို ထူထောင်နိုင်ကြမည် ဖြစ်ပါသည်။ ပြည်သူ့လွှတ်တော် (အောက်လွှတ်တော်) ကိုမူ ပြည်ထောင်စုတဝှမ်းလုံးက မဲဆန္ဒနယ်မြေများမှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များကို ရွေးကောက်ကြရပါသည်။ ပြည်နယ်ကြီးလျှင် ကြီးသကဲ့သို့ လူဦးရေများလျှင် များသကဲ့သို့ မဲဆန္ဒနယ်မြေများလည်း ပိုများမည်။ ပြည်သူ့လွှတ်တော်ကို ကိုယ်စားလှယ်စေလွှတ်သည့် နေရာမှာလည်း ကိုယ်စားလှယ်များများ စေလွှတ်နိုင်မည်ဖြစ်သည်။ လူဦးရေအချိုးအစားအရကိုယ်စားလှယ်စေလွှတ်ခြင်းဖြစ်သည်။ ပြည်သူ့လွှတ်တော်တွင် အများစု၏ သဘောဆန္ဒ အစစ်အမှန်ကို ဖော်ထုတ်ရင်း၊ မဲအရနည်းသည့် ပါတီ၊ အဖွဲ့အစည်းနှင့် အင်အားနည်းသည့် ပြည်နယ်၊ လူမျိုးစုများနှင့်အတူ ညှိနှိုင်းဆွေးနွေးပြီး ပြည်ထောင်စုတစ်ခုလုံး၏ အကျိုးစီးပွားကို ဖြစ်ထွန်းစေမည့် ဥပဒေများ ပြဌာန်းကြမည် ဖြစ်ပါသည်။

******************

## ချင်းအမျိုးသားတပ်မတော်၏ ရည်ရွယ်ချက်

၁။ ချင်းအမျိုးသားများ၏ ပိုင်နက်နယ်မြေနှင့် အမျိုးသားရပိုင်ခွင့်များကို ကာကွယ်စောင့်ရှောက်ရန်
၂။ ချင်းပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်
၃။ အမျိုးသားတပ်မတော်၏ ဂုဏ်အင်္ဂါရပ်နှင့်ပြည့်စုံသည့် အမျိုးသားတပ်မတော် တည်ဆောက်ရန်
၄။ ချင်းအမျိုးသားတပ်ဦး၏ မူဝါဒလမ်းစဉ်များကို အကောင်အထည်ဖော် စောင့်ရှောက်ရန်

# မွေးရပ်မြေက ချိုမြိန်သော ချစ်မျက်ရည်စက်များ

**Tlerlung, Melbourne**

အခါနွေ ကျောင်းပိတ်ရက်ရောက်ပြီမို့ မြို့တော် ဟားခါးကနေ မိမိရဲ့ မွေးရပ်ရွာကို ပြန်ဖို့အတွက် ပစ္စည်းပစ္စယတွေကို အပြီးထည့်လိုက်တယ်။ နွေဦးမို့လို့ အရပ်ရှစ်မျက်နှာမှာ မြူမှိုင်းတွေဆိုင်းပြီး မြို့တော်ဟားခါး ဟာလည်း တိတ်ဆိတ်လို့ လွမ်းမောဖွယ် ကောင်းလှ၏။ ဗိုလ်ချုပ်လမ်းလည်း လူသူကင်းလို့ ချင်းတောင်တန်းကားလေးကို စီးရင်း ကျောင်းတော်ကြီးနဲ့ မြို့တော်ဟားခါးကို တားတာတစ်ချက်၊ သက်ပြင်းတစ်ချက်နဲ့ နှုတ်ဆက်ခဲ့ရတယ်။ ထန်တလန်မှာ တစ်ညအိပ်ပြီး အမေ့အိမ် ကိုယ့်ရွာလေးကို ပူပြင်းလှတဲ့ နွေရိပ်အောက်မှာ တစ်ယောက်တည်း အထီးကျန်စွာနဲ့ ထွက်ခွာခဲ့တယ်။ နွေပုဇင်းအော်သံတွေက အလွမ်းတွေ ပိုစေလို့ ရင်ထဲမှာလည်း ဟောင်းလောင်းကြီးနဲ့ အမေ့ဆီကို ခရီးနှင်ခဲ့တယ်။

ကျွန်တော် ရွာရောက်တဲ့ညမှာတော့ ပင်ပန်းလာခဲ့တာတွေ အမောဖြေရင်း အပြင်မထွက်ဘဲ ကိုယ်တစ်ယောက်တည်း အမေ့အိမ်လေးမှာ အနားယူလိုက်တယ်။ အဖေနဲ့ အမေ တို့ကတော့ ဘုရားကျောင်းသွားကြတယ်။ နွေရာသီမို့လို့ အလုပ်လုပ်စရာ ရေရေရာရာမရှိတဲ့အတွက် လူပျိုတွေဟာ မီဇိုရမ် သွားသူတချို့၊ တချို့က တောလိုက်၊ ချောင်းအိပ်နဲ့ ပျိုမေတွေကလည်း ငါးဖမ်း ခြင်းတောင်းတွေနဲ့ အဖွဲ့လိုက်၊ အုပ်စုလိုက် ငါးထွက်ရှာကြတယ်။ တောရွာမှာဆို တောဓလေ့ထုံးစံအတိုင်း မနက်မှ နေဂင်အထိ တောထွက် အလုပ်လုပ်ကြတာဖြစ်တဲ့အတွက် နေ့ခင်းမှာဆို တစ်ရွာလုံးက တိတ်ဆိတ်လို့ အင်မတန်မှ ပျင်းဖွယ်ကောင်းလှတယ်။

မိန်ရာသီရဲ့ မတ်လလယ်ညတစ်ည နံနက်အာရုံတက်ချိန် မိုးမလင်းတလင်းမှာ အိမ်အပေါ်ဖက်ကုန်းလေးကနေ Hrang Zel အဖေရဲ့ စကားသံ "ရွာသားများအားလုံး ဒီကနေ့ ကျောင်းဆရာအဆောင် ဆောက်လုပ်မှာဖြစ်တဲ့အတွက် တစ်အိမ်လျှင် တစ်ယောက်စီ လုပ်အားပေးထွက်ကြပါ" ဆိုတဲ့ အော်သံကြောင့် လန့်နိုးလိုက်တယ်။ လုပ်အားပေးမထွက်တဲ့ မိသားစုကို ကျပ်ငွေ ၁၅၀၀ ဒဏ်ရိုက်မယ်ဆိုတဲ့ အသံကလည်း လိုက်လာတယ်။ အဲ့နောက် "သား.. ဒီနေ့တော့ မင်းဘဲ လုပ်အားပေးသွားလိုက်ပါ၊ အဖေက တောင်ယာဟောင်း သွားမယ်၊ မင်းညီလေးတွေလည်း ချောင်းသွားဖို့ စီစဉ်ထားကြတယ်" ဆိုတဲ့ တံခါးဂက အမေ့စကားသံကို ငြိမ်ငြိမ်

လေး နားထောင်ရင်း "ဟုတ်ကဲ့.. အမေ" လို့သာ ပြန်ပြောကာ မနက်စာစားပြီးတာနဲ့ အဖေ့ရဲ့ ထက်မြက်လှတဲ့ ဓါးမကို ယူ၊ နေ့လည်စာအတွက် ထမင်းထုတ်ပြီး လုပ်အားပေးသွားလိုက်တယ်။

အိမ်ကအထွက်မှာ "အစိုးရက နယ်ဖက်မှာ ကျောင်းဆရာကို ခန့်တယ်ဆိုရင် သူတို့ နေအိမ်ကိုလည်း ဘာကြောင့် စီစဉ်မပေးတာလဲ၊ ဒီလိုမျိုး အစိုးရကတော့?" စသဖြင့် အတွေးတစ်ခုနဲ့မိမိကိုယ်ကိုမိမိ မေးမိတဲ့မေးခွန်း။ဒီလိုအတွေးနယ်ချဲ့နေတဲ့အချိန်မှာရွာသူကြီးက "Kawi Ceu ဘယ်တုန်းရောက်တာလဲ၊ လုပ်အားပေး လာနိုင်တယ်ပေါ့.. စသဖြင့်.." လက်ဆွဲနှုတ်ဆက်ရင်းမေးလိုက်ရာ"ဟုတ်..မနေ့ကမှရောက်တယ်၊ဒီနေ့လုပ်အားပေးမလာရင်ဒဏ်ရိုက်ခံမှာကြောက်လို့ပါ" လို့ နောက်ရင်း ပြောင်ပြောလိုက်တယ်။ ရွာသူကြီးတစ်ယောက် ပုဆိုးဒူးတစ်ဂက်ခန့်နဲ့ ဆေးလိပ်မီးခိုး တလူလူနဲ့ ကျိုင်းကြားညှပ်ထားတဲ့ မှတ်စုစာအုပ်ကြီးကို လှန်ကာ ကျွန်တော့်ကို တစ်ချက်ပြုံးရင်း "ဒီလိုပါ သားရယ်၊ အဲ့လိုမှ နည်းနည်းလောက် အကြပ်မကိုင်ဘူးဆိုရင် ဂရုမစိုက်တတ်ကြဘူး၊ မင်းအဖေတို့ဆိုရင် အရွယ်အိုနေပြီဖြစ်ပေမဲ့ ရပ်ရွာလုပ်အားပေးမှာ တစ်ခါမှ ပျက်ကွက်ဖူးတာ မဟုတ်ဘူး၊ လိမ္မာတဲ့ သူကလိမ္မာတယ်၊ ဒါပေမဲ့ တစ်ချို့ကျတော့လည်း ပြောမရအောင်ကို ဆိုးကြတာ" ဟု ဖြေရှင်းချက် ပေးလိုက်သေးတယ်။

အဲ့ဒီနေ့ ကျောင်းဆရာများအဆောင်ကို စာသင်ကျောင်း ဘေးနားမှာ နှစ်လုံး၊ အိမ်သာကအစ ဆောက်လုပ်ခဲ့ကြတယ်။ ကျွန်တော်ဟာ ၁၀ တန်းအောင်စာရင်းကို စောင့်ရင်း ကျောင်းပိတ်ရက်ကိုရွာမှာပဲမိဘအလုပ်တွေကိုကူညီရင်းနဲ့နေခဲ့တာနှစ်လတောင်ပြည့်လာပြီ။တစ်ညကျွန်တော့်အခန်းထဲ စာဖတ်နေချိန် အမေက တံခါးခေါက်ပြီး သားရေ.. သားကို လာလည်ကြတယ်ဆိုပြီး ပြောတော့...ကျွန်တော် ချက်ချင်းပဲ "အမေ ဘယ်ကလဲ" လို့ အမေး.. စကားမဆုံးခင် အမေက "ပါစတာနဲ့၊ ဘာသာရေးခေါင်းဆောင်တွေ၊ ရွာသူကြီးတို့.." ဆိုတဲ့ အမေ့စကားကြောင့် တစ်ချက်လောက် ဗျာသွားမိတယ်။ ဒါနဲ့ အမေက မြန်မြန်လာတော့.. လို့ နောက်ထပ် သတိပေးမှပဲ အေး..ဟုတ်ကဲ့..အမေလာပြီ။

ဒီလိုနဲ့ ကျွန်တော် အခန်းကနေ ထွက်လာတော့ ဧည့်ခန်းမှာ ရေနွေးကြမ်းနဲ့ ထန်းညက် သုံးဆောင်ရင်း လူကြီးတွေ ထိုင်ခုံအပြည့် နေရာယူထားကြတာကို တအံ့တသြမြင်လိုက်တာနဲ့ ဘာရယ် စပြောမှန်းမသိဘဲ တစ်ယောက်ပြီးတစ်ယောက် လက်ဆွဲနှုတ်ဆက်ကာ ထိုင်ခုံတစ်ခုမှာ နေရာယူလိုက်တယ်။ ကျွန်တော် ထိုင်ပြီးပြီးချင်းပဲ Pu Ral တစ်ယောက် ထပြီး အစီစဉ်ကို အစပြု

တဲ့အနေနဲ့ လက်နှစ်ဖက်ကို နောက်ဖက်ချိတ်ထားရင်း "အဟမ်… Pa Ceu အခု ဘာသာရေးခေါင်းဆောင်တွေ၊ ရပ်ရွာလူကြီးတွေ လာလည်ရခြင်းအကြောင်းကတော့.. သား သိ၊ မြင်တဲ့အတိုင်းပါပဲ ကျွန်တော်တို့ ရွာမှာ စာပြမယ့် ကျောင်းဆရာမရှိတဲ့အတွက်ကြောင့် သားကလွဲလို့ ဘယ်သူမှလည်းမရှိတာ အားလုံးအသိပဲ ဖြစ်ပါတယ်၊ အဲ့ဒါကြောင့် သားတစ်ယောက် ရပ်ရွာအကျိုး၊ စေတနာကို အရင်းခံပြီး စဉ်းစားပေးဖို့ လာရောက်ဖိတ်ခေါ်တာ ဖြစ်တယ်လို့.. ရှည်ရှည်ဝေးဝေးမပြောဘဲ ထိုင်လိုက်တယ်။ အခြားလူကြီးတွေလည်း ဆန္ဒရှိတာတွေ တစ်ယောက်ပြီးတစ်ယောက် ပြောကြပြီးနောက်မှာ Pu Tlir က "ခု လာရင်းကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော်တို့အနေနဲ့ကတော့ အခက်အခဲ၊ လိုအပ်ချက်တွေကို ပြောပြီးသွားကြပြီ၊ သားအနေနဲ့လည်း ငြင်းမယ်လို့ မထင်ဘူး၊ ဒါပေမဲ့ သားစိတ်ထဲမှာ ရှိတာတွေကိုလည်း လူကြီးမိဘတွေကြားချင်သိချင်ကြတယ်..လို့ ဖိတ်ကြားတဲ့အတွက် ကျွန်တော်လည်း မတ်တပ်ရပ်ပြီး "ကျွန်တော်အနေနဲ့ ခုတလော လုပ်စရာကိုင်စရာဆိုလို့ ရေရေရာရာမရှိပါဘူး၊ စာမေးပွဲလည်း ရှုံးမယ်၊ အောင်မယ်ဆိုတာ မသေချာသေးတဲ့အတွက် လူကြီးတွေရဲ့ ဆန္ဒကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးနိုင်အောင် ကြိုးစားပါ့မယ်လို့..အပြုံးသဘောနဲ့ တုံ့ပြန်လိုက်ပါတယ်။

ဒီလိုနဲ့ အလိုလိုနေရင်း နွေကုန်လို့ မိုးကျသွားခဲ့ပြီ၊ ကျောင်းဖွင့်ချိန်လည်း နီးကပ်လာပြီး။ တစ်နေ့ ကျွန်တော်တို့ အိမ်အထက်နားက ရပ်နေတဲ့ ကားနဲ့ ကားပေါ်မှာ အသက် ၂၅ နှစ်ခန့်အရွယ် ကောင်မနုပျိုပျိုလေး အရပ်အမောင်း အတော်အသင့်နဲ့ ဆံပင်ရှည်ရှည် ကောင်မလေးတစ်ယောက်သူ့အိတ်တွေကိုကားပေါ်ကနေမနိုင်တနိုင်ချနေတာကိုမြင်လိုက်တယ်။ကျွန်တော်တစ်ယောက် ကောင်မလေးကို သေချာအကဲခတ်ရင်း ကောင်မလေးဟာ ကျွန်တော်တို့ ချင်းမမဟုတ်မှန်း သိရတော့.. ဗမာမတစ်ယောက် ဒီမှာ ဘာလာလုပ်တာပါလိမ့်.?? ဆိုတဲ့ အတွေးတစ်ဂက်နဲ့ငေးကြည့်နေစဉ်မှာပဲရွာသူကြီး Buan Thaအဖေကျွန်တော်တို့အိမ်ကို ကမန်းကတန်းဝင်လာပြီး "Kawi Ceu ခဏလာပါအုံး၊ ဒီမှာ.. ကျွန်တော်တို့ရွာမှာ တာဝန်ကျမယ့် ကျောင်းဆရာမလေးတစ်ယောက် အခုရောက်လာတယ်၊ ခင်ဗျားပဲ သွားနှုတ်ဆက်လိုက်ပါအုံး" ဆိုတဲ့အတွက် အနွေးထည်ကို ယူဝတ်၊ ကားရှိရာကိုသွားကာ "ဟိုင်း..ဆရာမ..ကျွန်တော့် နာမည်က Pa Ceu ပါ၊ ဒီရွာကို စာပြဖို့အတွက် ရောက်လာတာလားလို့ မိမိကိုယ်ကို မိတ်ဆက်ရင်းနှုတ်ဆက်လိုက်ပါတယ်။ ဆရာမကလည်း ဟုတ်ကဲ့.. ကျေးဇူးတင်ပါတယ်၊ ကျွန်မနာမည်ကယဉ်မာဦး ပါဆိုပြီး နာမည်လေး ပြောပြတယ်။ ဆရာမနဲ့ သူ့ပစ္စည်းတွေကို Par Sung အဖေတို့အိမ်ကို ပို့လိုက်တယ်၊ ဆရာဆောင် အဆင်သင့်မဖြစ်သေးတဲ့အတွက် တစ်လအတွင်းတော့ ရွာသူကြီးအိမ်မှာပဲ နေထိုင်စားသောက်ဖို့ စီစဉ်ထားလိုက်တယ်။

ဒီလိုနဲ့မကြာခင်မှာပဲကျောင်းလည်းဖွင့်ခဲ့ကြတယ်။ ကျွန်တော်က အလယ်တန်းအဆင့် အင်္ဂလိပ်စာပြတယ်၊ ဆရာမ ယဉ်မာဦး ကတော့ လေးတန်းအထိပေါ့။ လူပျိုတွေက ဆရာမနဲ့ ပြောဆိုဆက်ဆံချင်ကြပေမဲ့ စကားအခက်အခဲကြောင့် မကျေမနပ် ဖြစ်နေကြတယ်။ ကျောင်းသူ/သားလေးတွေကလည်း ဆရာမကို သိပ်ချစ်ခင်ကြပေမဲ့ စကားမပေါက်ကြတဲ့အတွက် အပြုံးတွေနဲ့ပဲ ကျေနပ်ခဲ့ကြရတယ်။

ကျွန်တော်တို့ တောင်ပေါ်၊ အဓိကအားဖြင့် နယ်ကျောင်းတွေမှာဆိုရင် ဗမာစာကို သင်ကြားကြပေမဲ့ ဗမာစကားကို မပြောတတ်ကြတာ အမှန်ပါ။ ဆရာမလည်း ချင်းစကား မတတ်တော့ စာသင်တဲ့ နေရာမှာရော၊ ပြောဆိုဆက်ဆံတဲ့ နေရာမှာပါ အခက်အခဲများစွာ ကြုံတွေ့ကြရပြီး အရေးကြီးတဲ့ ကိစ္စမျိုးမှာဆိုရင် ကျွန်တော်ကပဲ အမြဲလိုလို ဘာသာပြန်ပေးရတယ်။ ဒီလိုနဲ့ပဲ နေ့၊ ရက်၊ လတွေကို ဖြတ်ကျော်ပြီး ကျောင်းတက်လာခဲ့ကြတယ်၊ ည စာကြည့်ချိန်တန်ပြီဆိုရင် ရွာရဲ့ အစွန်အဖျားအထိ ကလေးတွေ စာဖတ်မဖတ် စစ်ဆေးရတယ်၊ မနက် ၆ နာရီ အိပ်ယာထပြီး ကလေးတွေ နံနက်သင်ခန်းစာ ရှိမရှိကြည့်ရင်းနဲ့ ဆရာမအိမ်ကိုလည်း ဝင်ထွက်လေ့ရှိတယ်။ ရွာသူရွာသားတွေနဲ့ ရပ်မိရပ်ဖတွေကလည်း ဆရာမကို အတော်ချစ်ခင်ကြရှာသလို၊ ကျောင်းသူ/သားတွေကလည်း ဟင်းသီးဟင်းရွက်တွေ အမြဲတမ်း ပေးကမ်းကြတယ်။ အခက်အခဲဆုံးကတော့ စကားမပေါက်တဲ့ ပြဿနာပါ။ စကားမပေါက်ကြမှတော့ လိုအပ်တာတွေ၊ ပြောချင်၊ ဆိုချင်တာတွေလည်း မပြောတတ်တော့ဘူးလေ။

ဒီလို အခက်အခဲတွေကြားမှာ ဆရာမတစ်ယောက် ပျင်းနေမှာစိုးတဲ့အတွက် ကျွန်တော်တစ်ယောက် အချိန်အများစုကို ဆရာမနဲ့သာ နေခဲ့တယ်။ ဒီလိုနဲ့ ရက်၊ လ တွေကြာလာတော့ တို့နှစ်ယောက်လည်း အရင်ကထက် ပိုပြီးရင်းနှီးလာကြတယ်။ ဆရာမ ယဉ်မာဦး ဟာ အပြောအဆို၊ အနေအထိုင်ကအစ အင်မတန်မှ လိမ္မာယဉ်ကျေးပြီး၊ သိက္ခာဂုဏ်ရှိသူ ကောင်းမလေးတစ်ယောက် ဖြစ်တာတင်မကဘဲ အသားအရေလှပပြီး ရုပ်ရည်လည်း ချောမွေ့လှပသူတစ်ယောက်ဆိုတာ ဘယ်သူမှ ငြင်းမယ်မထင်ပါ။

အချိန်တွေကြာလာလို့ ရင်းနှီးလာတာနဲ့အမျှ ကျွန်တော့် နှလုံးသားမှာ ချစ်စိတ်ဆိုတာ ဘယ်အချိန်က ဝင်ရောက်လာမှန်း မသိ၊ ညညကျရင် အိပ်လည်းမပျော်၊ စားလည်းမဝင်၊ နှလုံးသားတစ်ခုလုံးကို ဆရာမလေးက စိုးမိုးပြီး သူ့ကိုပဲ စွဲလမ်းနေမိပြီဆိုတာ အတည်ပဲ ဝန်ခံပါရစေ။ ဆရာမဟာ ကျွန်တော့်ထက် အသက် သုံးနှစ်ငယ်တဲ့အတွက် ညီမလို့ပဲ ခေါ်ပါတယ်။ "ညီမ

တစ်ယောက် ဘာကြောင့် ဒီနေရာကိုများ လာရသလဲ?၊ ညီမရဲ့ အဖေ၊ အမေတို့ ကျန်းမာကြရဲ့လား၊ မိသားစုတွေ ဘယ်မှာ နေထိုင်ကြသလဲ? အတွေးတွေထဲက သိချင်လှတဲ့ မေးခွန်းပေါင်းများစွာကို ကြည်လင်တဲ့ မိုးရာသီ ညတစ်ညရဲ့ လရိပ်အောက်၊ အိမ်ရှေ့ ခုံတန်းလျားလေးမှာ နှစ်ယောက်သား ဘေးချင်းယှဉ်ထိုင်ရင်း ရင်ထဲက မေးခွန်းတွေကို တဖွဖွ မေးလိုက်မိတယ်။

လေးညင်းတွေကြောင့် လှုပ်ရှားနေတဲ့ သူ့ဆံပင်လေးတွေကို တစ်ချက်သပ်ရင်း "ဟုတ်ကဲ့.. ကျွန်မ အဖေက ဗမာလူမျိုးဖြစ်ပြီး၊ အမေကတော့ ကရင်လူမျိုးပါ၊ မိသားစုက ရန်ကုန်မှာ နေထိုင်ကြပါတယ်၊ ကျွန်မကတော့ မြို့ပေါ်မှာထက် တောရွာမှာနေတာ ပိုပျော်ပါတယ်၊ ခုကျွန်မ ဒီကို မလာဘူးဆိုရင်.. အစ်ကိုနဲ့လည်း တွေ့ဖြစ်မှာ မဟုတ်ဘူးလေ..လို့ ကျွန်တော့ကို မျက်လုံးလေးတစ်ချက်ပင့်ရင်း ပြောလိုက်တယ်။ ကျွန်တော်ခင်ဗျား... အဲ့ဒီ မျက်လုံးကို ရှုမဝဘဲ ဆုံမိတဲ့ နှစ်ယောက်သားအကြည့်တွေက ဘယ်နေရာမှာမှ မရွေ့လျားဘဲ ဘယ်လောက်ကြာ ကြည့်နေကြမှန်းမသိ၊ အေးမြလှတဲ့ လေပြေတွေကလည်း တဖြည်းဖြည်းတိုက်ခတ်လို့ တိတ် ဆိတ်လွန်းလှတဲ့ အဲ့ဒီညရဲ့ လရောင်အောက်မှာ တို့နှစ်ယောက် အသက်ရှုသံနဲ့ ရွာလယ်က ခွေးဟောင်သံ တွေကလွဲပြီး ဘာသံရယ်မှ ကြားစရာမရှိပါ။ တဖြည်းဖြည်းတိုက်ခတ်လာတဲ့ လေညင်းလေးနဲ့ အတူ ကျွန်တော့်ရဲ့ ရင်ခုန်သံလည်း ထိန်းလို့မရ၊ သူ့အနားကို တဖြည်းဖြည်းကပ်လို့ နုညံ့လှတဲ့ သူ့လက်ဖဝါးလေးကို အရဲစွန့်ကာ လှမ်းကိုင်ရင်း ရင်ထဲကစကားတွေကို ရှေ့နောက်မညီမညာ ဖွင့်ဟလိုက်ပါတော့တယ်။

"ဆရာမအနားမှာ ထာဝရနေချင်လိုက်တာ၊ ငါ့နှလုံးသားမှာ ဆရာမကလွဲပြီး ငါ့နှလုံးသားမှာ အဘယ်သူမှ မရှိဘူး." .စသဖြင့်..စသဖြင့်.. ရင်ထဲက ခံစားချက်တွေအားလုံး ထိန်ချန်မထားဘဲ အကုန်ဖွင့်ပြောလိုက်တယ်။ ကျွန်တော့်ထက် သုံးနှစ်ငယ်ပေမဲ့ နှလုံးသားထဲက ချစ်စကားဆိုရတာ မလွယ်လှပါ။ ဘယ်လိုပဲဖြစ်ဖြစ် ရင်ထဲက သိမ်းဆည်းမထားနိုင်တဲ့ ချစ်စကားလုံးတွေကို ငါ့ဖွင့်ဟလိုက်တယ်။ ငြိမ်ငြိမ်လေး ထိုင်နေတဲ့ သူ့လက်ဖဝါးနုနုလေးတွေကို ပွတ်သပ်ရင်း သူ့နှုတ်ခါးအိအိလေးကို တစ်ချက်နမ်းလိုက်တယ်။ ဆရာမလေး..ရှက်သွေးဖြာပြီး တစ်ခဏတော့ ရှုန်းပေမဲ့ ဆက်မရောင်တော့ပါ။ ဒီလိုနဲ့ တိတ်ဆိတ်တဲ့ ညတစ်ညရဲ့ အေးမြတဲ့ လရောင်အောက်မှာ ချိုမြိန်တဲ့ အချစ်ဆိုတဲ့ အရသာကို နှစ်ဦးသား ကြည်နူးခဲ့ကြတယ်။

မိုးရာသီဖြစ်တာမို့ တစ်ခဏအတွင်းမှာပဲ မိုးတိမ်တွေက တောက်ပတဲ့ လမင်းအရိပ်ကို အစားထိုးလာပြီး၊ မိုးကြိုးသံနဲ့ လျှပ်ပြက်သံတွေက တိတ်ဆိတ်တဲ့ ပတ်ဝန်းကျင်တစ်ခုလုံးကို အစားထိုး

လာတယ်။ အစ်ကို... မိုးရွာတော့မယ်၊ အိမ်ထဲဝင်ရအောင်နော်.. နူးညံ့ သိမ်မွေ့လွန်းလှတဲ့ သူ့စကားကို ကျွန်တော် ဘယ်ငြင်းနိုင်ပါ့မလဲ။ ဒီလိုနဲ့ရွာချင်တိုင်း တခြိမ်းခြိမ်းရွာသွန်းနေတဲ့ ဂသန်မိုးသီးတွေအောက် အချစ်ရဆုံး ဆရာမလေးရဲ့ အခန်းထဲမှာ ချစ်ခြင်းရဲ့ အခိုင်မာဆုံးသော သံယောဇဉ်ကြိုးကို ချည်နှောင်ရင်း နှစ်ဦးရဲ့ ချစ်သူဘဝကို အစပျိုးခဲ့ကြတယ်။

သိပ်မကြာခင်မှာပဲ ဘယ်သူမှ ခွဲလို့မရအောင် ခိုင်မာလှတဲ့ တို့နှစ်ဦးရဲ့ သံယောဇဉ်ဟာ မတူညီတဲ့ အခြေအနေ၊ မတူညီတဲ့ ဘဝကံကြမ္မာကြောင့် တို့နှစ်ယောက် ကိုယ်စီဘဝကို ဖြတ်သန်းဖို့ အတွက် တစ်ယောက်တစ်နေရာဆီ ရောက်သွားကြရပါတယ်။ ကိုယ့်ချစ်သူ ဆရာမလေး တစ်ယောက် ပညာရေးရုံးက ဟိုးအဝေး တစ်နေရာကို ပြောင်းရွှေ့မိန့်ထုတ်ခဲ့ပြီး၊ ကျန်ရစ်ခဲ့တဲ့ ကျွန်တော်တစ်ယောက်လည်း မိသားစု၊ ကိုယ်ဘဝ ကောင်းကျိုးချမ်းသာအတွက် မွေးရပ်မြေကို ကျော့ခိုင်းကာ ပင်လယ်ရပ်ခြားကို ရောက်ခဲ့ရတယ်။

ချစ်ရက်နဲ့ ဝေးရတဲ့ ဝေဒနာဟာ နာကြင်တယ်၊ လွမ်းလို့ကျတဲ့ မျက်ရည်စက်လေးတွေဟာလည်း ချိုမြိန်ပြီး အဓိပ္ပါယ် နက်နဲလွန်းလှပါလေရဲ့။ ချစ်လျက်နဲ့ ဝေးခဲ့ကြတဲ့ ချစ်သူများအားလုံးကို ရည်စူးလျက်.....။

*************************

**ချင်းအမျိုးသားရေးရာစာစောင်ကို လေးလစ်ကြိမ် ပုံမှန်ထုတ်ဝေလျက်ရှိပါသည်။ ဖတ်ရှုအားပေးသည့် ပရိသတ်များအနေဖြင့် မည်သူမဆို ကဗျာ၊ ဂတ္တု၊ ဆောင်းပါး၊ ကာတွန်းများကို အချိန်မရွေး ရေးသားပေးပို့နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။**

**ဆက်သွယ်ရန်**

bhmaunglay@gmail.com

cnfinfo88@gmail.com

# ချင်းအမျိုးသားနှင့် လူငယ်များထံ သတိပေးချက်

Col. Solomon

လူမျိုးတိုင်း လူမျိုးတိုင်းမှာ မည်သူမဆို ကိုယ့်လူမျိုး၊ ကိုယ့်ပြည်ကို ချစ်ခင်မြတ်နိုးကြသည် ချည်းသာ ဖြစ်တယ်။ သို့ပေမဲ့ ကံဆိုးချင်တော့ စစ်အာဏာရှင်လက်အောက်မှာ နှစ်ပေါင်းများစွာ နေလာခဲ့တဲ့ ကျွန်တော်တို့ ချင်းလူမျိုးတွေဟာ အမှန်တရားကို အမှန်မှန်းမသိဘဲ မတရားမှုတွေနဲ့ သာ အုပ်ချုပ်နေတာကို နှစ်ပေါင်းများစွာ ကြိတ်မှိတ်ပြီး ခံစားခဲ့ကြတယ်။

တချို့ ကိုယ့်လူမျိုး၊ ကိုယ့်ပြည်ကို ချစ်ပါတယ် ဆိုသူများဟာလည်းပဲ သူတို့ရဲ့ မျိုးချစ်စိတ်ဖြင့် တိုးတက်ရေးလုပ်ငန်းတွေကို ပြုလုပ်နေကြပါသော်လည်း လူမျိုးကြီးဝါဒရဲ့ စိုးမိုးမှုအောက်မှာ လူမျိုးကြီးဝါဒီများရဲ့ အလိုကို လိုက်နေကြမှန်း မသိရှိကြခြင်းက အခက်အခဲဖြစ်၏။ သူတို့ရဲ့ ကောင်းကျိုးပြုမှုများဟာ ဗမာလူမျိုးကြီးဝါဒီများရဲ့ အမျိုးဘာသာ သာသနာလို့ လက်စွဲကိုင်ထား တဲ့ လူမျိုးကြီးများရဲ့အလိုတော်အတိုင်းသာ ပြုလုပ်နေကြခြင်းကို မသိကြခြင်းမှာ အလွန်ပဲ ခဲ ယဉ်းပြီး ဂမ်းနည်းစရာလည်း ကောင်းလှပါတယ်။

သမ္မတသိန်းစိန် အစိုးရနဲ့ ချင်းအမျိုးတို့ရဲ့ သဘောတူညီချက် (၅၂) ချက်အနက် ယနေ့အချိန် အထိတော့ အနည်းစုကိုသာ အကောင်အထည်ဖော်နိုင်သေးတယ်။

တိုးတက်ဖွံ့ဖြိုးရေးအတွက် ကျေးရွာများအထိ လမ်းများတူးဖော်ခြင်းဟာ အင်မတန်မှ ကောင်း လှပါတယ်။ တဖက်မှာ အဲ့ဒီလမ်းတွေကနေ အကျိုးအမြတ်ရရှိနိုင်ရေးက အလွန်ပဲ အရေးကြီး လှပါတယ်။ လမ်းပေါက်သွားတဲ့ ကျေးရွာများအနေနဲ့ တင်ပို့ရောင်းချနိုင်မယ့် သစ်သီးဂံလာများ နဲ့ မွေးမြူရေးလုပ်ငန်းများ ဘယ်လို စီမံပြုလုပ်နေကြသလဲ၊ မပြုလုပ်ကြသေးပါက စိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ငန်းများကို မြို့ရွာတိုင်းက ယခုမှစပြီး အဓိကလုပ်ငန်းတစ်ခုအနေနဲ့ အစပျိုးကြ ဖို့ အထူးလိုအပ်ပါတယ်။ အဲ့ဒါတင်မကလို့ မိမိတို့ အမျိုးသားများ ဘက်စုံဖွံ့ဖြိုးတိုးတက်တဲ့ အသိ ပညာ၊ အတတ်ပညာများရှိရန် လိုအပ်လှပါတယ်။ ထိုနည်းငှင်းပဲ စိုက်ပျိုးရေးပညာ၊ မွေးမြူရေး ပညာ၊ လက်မှုပညာ၊ ဆောက်လုပ်ရေးပညာ၊ ကျန်းမာရေး စတဲ့ အသိပညာ၊ အတတ်ပညာများ

လေ့လာမြင့်တင် ဆည်းပူးရန်လည်း လိုအပ်နေသေးတာကို တွေ့ရှိရတယ်။

မိမိတို့ သတိပြုဖို့လိုအပ်တာက လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာတာနဲ့အမျှ တိုးတက်ဖွံ့ဖြိုးမှုတွေ ဖြစ်ပေါ်လာသလိုပဲ တဖက်မှာ ဆိုးကျိုးတွေ များစွာ ဝင်ရောက်တတ်တာကိုလည်း သိထားဖို့ လိုအပ်ပါတယ်။ အမျိုးသားလုံခြုံရေးကို သတိကြီးစွာ ကာကွယ်ဖို့ အထူးလိုအပ်တယ်။ အမျိုးသားကာကွယ်ရေးဆိုတာ တပ်မတော်နဲ့ ရဲ စတဲ့ လက်နက်ကိုင်များ ရှိပါက လုံလောက်သော်ငြားလည်း အမျိုးသားလုံခြုံရေးမှာမူ လူတစ်ဦးတစ်ယောက်ကစပြီး တစ်မိသားစုလုံး၊ တစ်ရွာလုံး၊ တစ်မြို့လုံး၊ တစ်နယ်လုံး၊ တစ်ပြည်လုံး၊ တစ်ကမ္ဘာလုံးက ကာကွယ်ဖို့ လိုအပ်ပါတယ်။ ဥပမာ- AIDS, Zika Virus လို လျင်မြန်စွာ ကူးစက်တတ်တဲ့ ကူးစက်ရောဂါ ဝေဒနာဆိုးများ၊ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်တတ်တဲ့ မြေပြိုကမ်းပြို၊ ရေဘေး၊ လေပြင်းမုန်တိုင်းလို သဘာဝဘေးအန္တရာယ်များ၊ မူးယစ်ဆေးဝါးရောင်းဝယ်ဖောင်းကားမှုနဲ့ လူကုန်ကူးမှုများ၊ ဘာသာရေးအစွန်းရောက် ပုန်ကန်သတ်ဖြတ်မှု စတာတွေဟာ အမျိုးသားလုံခြုံရေးကို များစွာ ခြိမ်းခြောက်နေပါတယ်။ အဲ့ဒီဆိုးကျိုးတွေ ကာကွယ်တားဆီးနိုင်ဖို့အတွက် လူတစ်ဦးတစ်ယောက်ချင်းစီမှာ နည်းပညာနဲ့ အတတ်ပညာများ တစ်မျိုးသားလုံးအတိုင်းအတာနဲ့ ရှိထားကြဖို့ လိုအပ်လှပါတယ်။

ကျွန်တော်တို့ ချင်းလူငယ်များဟာ ဘာသာရေးကို ကိုင်းရှိုင်းပြီး၊ ဘာသာရေးဖက်မှာ ကြိုးပမ်းဆောင်ရွက်မှုတွေဟာ အလွန်ဂမ်းမြောက်ဖွယ် ကောင်းသော်လည်းပဲ တဖက်မှာ အခြေအနေ၊ အချိန်အခါအလိုက် ကျရောက်နိုင်တဲ့ သဘာဝဘေးနဲ့ လူပြုဘေးများမှ ကာကွယ်နိုင်ဖို့အတွက် အသိပညာ၊ အတတ်ပညာတွေ များစွာ လိုအပ်တာကို တွေ့ရှိရသလို ယနေ့ ချင်းပြည်တနံတလျားကို ကြည့်မယ်ဆိုရင် မြို့ကအစ ကျေးရွာများအထိ လူမျိုးခြားများက အစိုးရနဲ့ ပုဂ္ဂလိက လုပ်ငန်းများမှာ ဝင်ရောက် အလုပ်လုပ်ကိုင်နေကြတာကို စိုးရိမ်ဖွယ်တွေ့ရှိရတယ်။ မိမိတို့လူငယ်တွေ ဘာကြောင့် အလုပ်မလုပ်ကြလဲ၊ စဉ်းစားစရာပါ။ ဘာသာရေး သွန်သင်ဆုံးမမှု အားနည်းတဲ့အတွက်ကြောင့်လား၊ မိမိတို့ မိဘဆရာများရဲ့ သွန်သင်ဆုံးမမှု အားနည်းချက်ကြောင့်လော့။ ပြန်လည်ဆန်းစစ်ကြဖို့ လိုအပ်လှပါတယ်။

ဒီအဖြစ်အပျက်တွေကို ဒီအတိုင်းသာ ငြိမ်ကြည့်နေရင် တစ်နေ့နေ့ တစ်ချိန်ချိန်မှာ မိမိတို့ လူမျိုးတစ်ခုလုံးကို အန္တရာယ်ပေးလာနိုင်တယ်ဆိုတာကို သိထားကြဖို့ လိုအပ်တယ်။ အဲ့ဒါကြောင့် လူငယ်တွေကို ဘာသာရေး ဂိုဏ်းဂဏ အဖွဲ့လိုက်သော်လည်းကောင်း၊ မြို့၊ ရွာ၊ ဒေသအ

လိုက် သော်လည်းကောင်း၊ ဘတ်ဂျပ်ငွေများ ရံထားပြီး လက်မှုပညာ၊ စက်မှုပညာ၊ ဆောက်လုပ်ရေးပညာ၊ ကွန်ပျူတာ၊ စိုက်ပျိုး/မွေးမြူရေးပညာ အစရှိတဲ့ အတတ်ပညာမျိုးစုံကို နှစ်စဉ်စီမံကိန်းတွေ စနစ်တကျ ရေးဆွဲကာ အလျင်အမြန် ပြုစုပျိုးထောင်ပေးဖို့ လိုအပ်ပါတယ်။

ကျွန်တော်တို့ ချင်းလူမျိုးတွေဟာ တစ်ဦးချင်းဝင်ငွေ အလွန်နည်းပါးပြီး စီးပွားရေး နိမ့်ကျတဲ့ ဒေသဖြစ်တဲ့အတွက် ပိုမိုအားကောင်းတဲ့ NGO တစ်ခုခု ဒါမှမဟုတ် ဘာသာရေးအဖွဲ့အစည်းများက သော်လည်းကောင်း၊ အမျိုးသားရေးတာဝန်ကို တာဝန်ကြီးတစ်ခုအနေနဲ့ စီမံဆောင်ရွက်သင့်ကြောင်းလည်း အကြံပေး တိုက်တွန်းလိုပါတယ်။ ၎င်းမှစပြီး နောင်နှစ်ပေါင်းများစွာမှာ တခြားလူမျိုး တိုင်းတပါးသားများမလိုဘဲ မိမိတို့ လူမျိုးများကသာ မြို့ပြမှ ကျေးလက်အထိ လုပ်ငန်းတာဝန်အဝဝကို ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်နိုင်ကြမှာ ဖြစ်တယ်။ ဒါမှမဟုတ်ဘဲ နိုင်ငံခြားရောက် မိမိတို့ ဆွေမျိုးသားချင်းများရဲ့ ကူညီထောက်ပံ့မှုကိုသာ အားကိုး မျှော်လင့်နေကြဦးမယ်ဆိုရင် နောင်အနာဂတ်မှာ သူ့တပါးအမျိုးသားတွေရဲ့ သူ့ကျွန်ဘဝကိုသာ ကျရောက်သွားမှာ မလွဲကေန်ပါ။

အဲ့ဒါကြောင့် ယနေ့ ခေတ်လူငယ်များအနေနဲ့ ယနေ့မှစပြီး နောင်အနာဂတ် နှစ်ပေါင်းများစွာကို ရှုမြော်လျက် မိမိတို့ရဲ့ လူမျိုးနဲ့တိုင်းပြည် တိုးတက်ဖွံ့ဖြိုးရေးနဲ့ လူမှုဘဝ တိုးတက်ရေး၊ အမျိုးသားလုံခြုံရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြဖို့ရာ တစ်ဦးချင်းစီမှာ တာဝန်ရှိကြောင်း တိုက်တွန်းလိုက်ပါတယ်။ အလုပ်လုပ်မှသာ ထမင်းစားရ၏။

*******************

ချင်းအမျိုးသားတပ်ဦး၊ တပ်မတော်သည် မျိုးနွယ်စုတစ်ခု၊ လူတစ်ဦးတစ်ယောက်အတွက်မဟုတ်ပါ။ တစ်မျိုးသားလုံး တန်းတူအခွင့်အရေးရှိပြီး၊ ကိုယ့်ကြမ္မာကို ဖန်တီးခွင့်အပြည့်အဝရှိတဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရေးအတွက် အမျိုးသားတော်လှန်ရေးတရပ်ကို ဆင်နွဲနေခြင်းဖြစ်သည်နှင့်အညီ မိမိ၏ အမျိုးသားရေးကို စိတ်ပါဝင်စားသည့် ချင်းအမျိုးသား မည်သူမဆို၊ ချင်းအမျိုးသားတပ်ဦး၊ တပ်မတော်က လက်ကမ်းကြိုဆိုလျက် ရှိပါသည်။

# ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ခွဲထွက်ခွင့်

**Pu Thomas Thang Nou**

## ၁။ နိဒါန်းနှင့် ပညာရှင်များ၏ တွေးခေါ်ယူဆချက်များ

ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ပတ်သက်၍ ကမ္ဘာ့ဇာတ်ခုံပေါ်တွင် အချေအတင် ဆွေးနွေးနေကြဆဲဖြစ်ပြီး၊ အနက်အဓိပ္ပါယ် တိတိကျကျ မဖွင့်ဆိုနိုင်သေးပေ။ အပြည်ပြည်ဆိုင်ရာဥပဒေတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အဓိပ္ပါယ်ဖွင့်ဆိုရာ၌ အဓိက အငြင်းပွားစေသည့် မေးခွန်းနှစ်ရပ်ရှိသည်။ ၎င်းတို့မှာ

(၁) လူနည်းစု ခွဲထွက်ရေးသမားများ၏ တောင်းဆိုခွင့်ကို အပြည်ပြည်ဆိုင်ရာဥပဒေအရ မည်သည့်အချိန်တွင် အထောက်အပံ့ပေးနိုင်မည်နည်း။

(၂) နိုင်ငံတကာ အသိုင်းအဝိုင်းအနေဖြင့် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးလှုပ်ရှားမှုများအပေါ် ဖိနှိပ်မှုများကို အပြည်ပြည်ဆိုင်ရာ ဥပဒေအရ မည်ကဲ့သို့ တားမြစ်ကာကွယ်နိုင်မည်နည်း ဟူသော မေးခွန်းများဖြစ်သည်။

ဤတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အဓိပ္ပါယ်ဖွင့်ဆိုရာတွင် သော်လည်းကောင်း၊ လက်တွေ့အကောင်အထည်ဖော်ရာတွင် သော်လည်းကောင်း၊ ၎င်းတို့နှင့်အတူ ပါလာသော ခွဲထွက်ခွင့်နှင့်ပတ်သက်၍ ပညာရှင်များအကြား တွေးခေါ်ယူဆချက် အမျိုးမျိုး ထွက်ပေါ်လာသည်။

ဒေါက်တာဗင်းကက်အိုင်ယာ (Dr. Venkat Iyer) က "ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်သည် ခွဲထွက်ခြင်းဟု မဆိုနိုင်ပေ။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ခွဲထွက်ခွင့်တောင်းဆိုခြင်း မပြုဘဲ ရရှိနိုင်သည်။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်သည် နိုင်ငံရေးအရ တောင်းဆိုမှုများမှ ပေါ်ပေါက်လာခြင်းဖြစ်သည်" ဟူ၍ ဖော်ပြထားသည်။ အပြည်ပြည်ဆိုင်ရာဥပဒေ ပြဋ္ဌာန်းချက်များကို အားကိုးအားထားပြု၍ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို တောင်းဆို၍ မရနိုင်ပါ။ ကိုယ်ပိုင်ပြဋ္ဌာန်း ခွင့်ကို နိုင်ငံရေးအရ တောင်းဆိုမှုပြုမှသာ ရရှိနိုင်မည်။

သို့သော် Janes Bay Grec ကမူ "ခွဲထွက်ခြင်း အခွင့်အရေးအတွက် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်သည် ထုံးတမ်းတစ်ခု မဟုတ်ဟု အသိအမှတ်ပြုခြင်း" ကို ဆင်ခြေတက်ခဲ့သည်။

ပါမောက္ခ Maivan Clech Lam က "ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အခွင့်အရေးတွင် ခွဲထွက်ခွင့်အခွင့်အရေး ခွဲသည့် အမြဲတမ်း ပါဝင်သော်လည်း မလွဲမသွေ တည်မြဲစေရန် မဟုတ်ပါ" ဟူ၍ ဖော်ပြထား သည်။

## ၂။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ကျင့်သုံးပုံ ကျင့်သုံးနည်း

၁၉၇၀ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂ၏ နိုင်ငံအချင်းချင်းပူးပေါင်းဆောင်ရွက်ခြင်း၊ ချစ်ကြည်ရေးနှင့် နိုင်ငံတကာဥပဒေ သဘောတရားကြေညာချက်တွင် အပြည်ပြည်ဆိုင်ရာဥပဒေအရ အောက်ပါ အချက် (၃) ချက် ဖြင့် ဖော်ပြထားသည်။

### (၁) လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံ တည်ထောင်ခြင်း

ပြည်နယ်တစ်ခုသည် သီးသန့်ခွဲထွက်၍ လွတ်လပ်သောအချုပ်အခြာအာဏာပိုင်နိုင်ငံ ထူထောင် မည်ဆိုပါက ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ကျင့်သုံးနိုင်သည်။ ဥပမာ- ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ပါကိစ္စ တန်နိုင်ငံမှ ခွဲထွက်ခြင်းမျိုး ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာဥပဒေက အတိအကျရှိသော ပိုင် နက်နယ်မြေနှင့် အချုပ်အခြာအာဏာပိုင် နိုင်ငံများတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ခွဲထွက်ခွင့် တောင်းခံခြင်းကို မထောက်ခံပါ။ အဘယ်ကြောင့်ဆိုသော် တိုင်းပြည်အစိတ်စိတ်အမွှာမွှာ ပြိုကွဲ နိုင်ပြီး ကမ္ဘာ့ငြိမ်းချမ်းရေးတည်ငြိမ်မှုကို ထိပါးနိုင်သောကြောင့် ဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ပေါ်ပေါက်လာမှုနှင့် ပတ်သက်၍ ကုလသမဂ္ဂက ဘင်္ဂလားဒေ့ရှ်နိုင်ငံသစ်ကို အသိအမှတ်ပြုရာ တွင် -

(၁) ကုလသမဂ္ဂအဖွဲ့ဝင်များထဲတွင် ထိရောက်သော ဆန့်ကျင်ကန့်ကွက်မှုကို ထောက်ခံမည့် နိုင်ငံ မရှိခြင်း

(၂) နိုင်ငံသည် ကြီးမားသောအင်အားနှင့် ဩဇာလွှမ်းမိုးမှုရှိနေသော ဒေသအတွင်း ရှိနေခြင်း ဆိုသည့် အချက် (၂) ချက်ကြောင့် ဖြစ်ပါသည်။ အိန္ဒိယနိုင်ငံက နိုင်ငံသစ်ကို ထောက်ခံပြီး၊ အမှန်မှာ နိုင်ငံသစ်သို့ ပြောင်းလဲလာအောင် လူနှင့် ပစ္စည်း (စစ်တပ်၊ စစ်အင်အား)ကို စေလွှတ်ခဲ့ခြင်းဖြစ်သည်။ ဤကိစ္စသည် အလွန်အရေးပါအရာရောက်သည်။ ဤအကြောင်း ကြောင့် မူလ ပါကိစ္စတန်နိုင်ငံသည် ပြိုကွဲခြင်းသို့ ဦးတည်စေခဲ့သည်။ အကြောင်းမှာ တတိယပါတီ (Third Party) က နှိုးဆော်ခြင်း၊ ပါဝင်ပတ်သက်ခြင်း မရှိသည့်အပြင် နောက် ဆုံး (၁၃) ရက် အတောအတွင်းမှအပ ပါဝင်ပတ်သက်ခြင်း မရှိခြင်းကြောင့် ဖြစ်သည်။

ပါတီတစ်ခုက အခြားတစ်ခုကို ဆန့်ကျင်မှုပြု၍ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အကျိုးအကြောင်း တင်ပြဆွေးနွေးနေခဲ့လျှင် ဟိုမရောက်ဒီမရောက် ကျန်ရစ်မည်။ တတိယအင်အားစုဖက်မှ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၏ မူလအဓိပ္ပါယ်နှင့် လမ်းလွဲ၍ တာဝန်ယူခြင်းအားဖြင့် ကမ္ဘာ့လူ့အဖွဲ့ အစည်းကို ခြိမ်းခြောက်ရန် အကြောင်းမရှိ ဖြစ်သွားစေခဲ့သည်။

## (၂) တည်ရှိနေသောအနည်းဆုံးနှစ်ပြည်နယ်အချင်းချင်းပူးပေါင်း၍ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တောင်း ဆိုခြင်း

နိုင်ငံတစ်ခုအတွင်း အနည်းဆုံး နှစ်ပြည်နယ်အချင်းချင်း ပူးပေါင်း၍ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် တောင်း ဆိုနိုင်သည်။ ထိုသို့တောင်းဆိုရာတွင် နိုင်ငံမှ ခွဲထွက်ခွင့်မပါဘဲ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်အတွက်သာ တောင်းဆိုနိုင်သည်။

## (၃) လွတ်လပ်သော အရေးပေါ် အခြေအနေများကြောင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို တောင်းဆိုခြင်း

နိုင်ငံတစ်ခုအတွင်းရှိ ပြည်နယ်တစ်ခုသည် အခြားပြည်နယ်များနှင့် မပူးပေါင်းဘဲ နိုင်ငံအတွင်း သီးသန့်ကိုယ် ပိုင်ပြဋ္ဌာန်းခွင့် တောင်းဆိုနိုင်သည်။ ထိုသို့တောင်းဆိုရာတွင် ခွဲထွက်ခွင့်တောင်း ဆိုခြင်းမဟုတ်ဘဲ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို တောင်းဆိုနိုင်သည်။

ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ခွဲထွက်ခွင့်ကို အောက်ပါ အရည်အချင်းများနှင့်အညီ တောင်းဆိုနိုင် သည်။

(၁) ပြည်နယ်များ၏ ပြည်သူ့ကိုယ်စားလှယ်များသည် ပြည်သူလူထု၏ သဘောတူညီချက်အရ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို တောင်းဆိုနိုင်သည်။

(၂) ပြည်နယ်တစ်ခုသည် ဗဟိုအစိုးရအနေဖြင့် အခြားပြည်နယ်များနည်းတူ ကိုယ်စားလှယ် တက်ရောက်အရေးဆိုခွင့် မပေးထားပါက ခွဲထွက်ခွင့်ကို တောင်းဆိုခြင်း ပြုနိုင်သည်။ ပေး ထားပါက ခွဲထွက်ခွင့် တောင်းဆိုခြင်း မပြုနိုင်ပေ။ ကိုယ်ပိုင်အုပ်ချုပ်ရေးကို တောင်းဆိုပိုင် ခွင့်ရှိသည်။ အဓိကအရေးကြီးသည်မှာ တိုင်းပြည်၏ တည်နေရာနှင့် နယ်နိမိတ်အကျယ် အဝန်းကို မထိခိုက်စေရန်ဖြစ်သည်။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ခွဲထွက်ခွင့်အဖြစ် ကျင့်သုံးရာ တွင် ကိုလိုနီနိုင်ငံလက်အောက်ခံ နယ်မြေများအဖြစ်မှ လွတ်မြောက်ရန် ကြိုးစားသည့် နိုင်ငံများတွင်သာ တွေ့ရှိနိုင်သည်။ ထို့ကြောင့် ခွဲထွက်ခြင်းသည် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရန်

ကြိုးစားသည့် နည်းလမ်းတစ်ခုဖြစ်ခဲ့သည်။

## ၃။ ခွဲထွက်ခွင့်

ခွဲထွက်ခွင့်ဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၏ အဆင့်အတန်းနှင့်အညီ လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံသစ် ထူထောင်ခြင်းဖြစ်သည်။ ခွဲထွက်ခွင့် တောင်းဆိုရာတွင်-

(၁) တောင်းဆိုသည့် ပြည်နယ်သည် အခြားသော ပြည်နယ်များနှင့် အခွင့်အရေးတန်းတူမရဘဲ ခွဲခြားဆက်ဆံခံရခြင်း။

(၂) သဘာဝသယံဇာတများကို အခြားပြည်နယ်များနည်းတူ ခွဲဝေသုံးစွဲမှုများမရရှိခြင်း စသည့် အချက်များအပေါ် မူတည်၍ ခွဲထွက်ခွင့်ကို တောင်းဆိုကြသည်။

ခွဲထွက်ခွင့်နှင့် ပတ်သက်၍ ပညာရှင် Eide ၏ အယူအဆကို ဖော်ပြလိုပါသည်။ သူက ဒီမိုကရေစီ (သို့မဟုတ်) ပြည်တွင်းရေးဆိုင်ရာ ကိုယ်ပိုင်ပြဌာန်းခွင့် (Internal Self-determination) မရှိသောကြောင့် ခွဲထွက်ခြင်းပါဝင်သော ပြည်ပရေးဆိုင်ရာကိုယ်ပိုင်ပြဌာန်းခွင့် (External Self-determination) တောင်းဆိုမှု အရှိန်အဟုန်ပြင်းစွာ ဖြစ်စေသည်ဟု ဆိုသည်။ သူက ဆက်လက်၍ ဥပဒေနှင့်အညီ အလိုအလျောက်ခွဲ ထွက်နိုင်သော အရာ (၃) မျိုးကို အောက်ပါအတိုင်း ဖော်ပြထားသည်။

(၁) ကိုလိုနီဆိုင်ရာ လက်အောက်ခံအဖြစ် ထားရှိခြင်း
(၂) ၁၉၄၅ ခုနှစ်နောက်ပိုင်း နိုင်ငံခြားမှ သိမ်းပိုက်ခြင်း
(၃) U.S.S.R နှင့် Yugoslavia နိုင်ငံအတွင်း ပြဿနာတက်ခဲ့သကဲ့သို့ ဖက်ဒရယ်နိုင်ငံတစ်ခုအတွင်း ၎င်း၏ အစိတ်အပိုင်းများ ခွဲထွက်ရေး ရွေးချယ်နိုင်ခြင်းကို နဂိုကမှ ထားရှိခဲ့သော သီအိုရီအရ ထိန်းသိမ်းထားခဲ့သည့် နေရာများတွင် ခွဲထွက်ခွင့်ကို ဥပဒေအရ ကျင့်သုံးနိုင်သည်ဟု ဆိုသည်။

ပညာရှင်တစ်ဦးဖြစ်သူ Frederic Kirgis. Jr က ကိုယ်ပိုင်ပြဌာန်းခွင့် တောင်းဆိုခြင်းက တစ်တိုင်းပြည်လုံး အတိုင်းအတာဖြင့် ထိခိုက်စေနိုင်သည်။ ကိုယ်ပိုင်အုပ်ချုပ်ရေးကို တောင်းဆိုမည်ဆိုပါက တင်းမာမှုလျော့ နည်းစေမည်။ ခွဲထွက်ရေးကို တောင်းဆိုပါက အခြားပြည်နယ်များ၏ တည်

ငြိမ်မှုကိုပါ ထိခိုက်စေမည်။ ပြည်နယ်များနှင့် ဗဟိုအစိုးရအကြား ဒီမိုကရက်တစ်အစိုးရတရပ် အနေဖြင့် လိုက်နာကျင့်သုံးပါက ခွဲထွက်ခွင့်ကို မတောင်းဆိုသင့်ပေ။ ကိုယ်ပိုင်အုပ်ချုပ်ရေးကို သာ တောင်းဆိုသင့်သည်။ သို့သော် အောက်ပါအခြေအနေများတွင် ခွဲထွက်ခွင့်ကို တောင်းဆို နိုင်သည်။ ၎င်းတို့မှာ -

(၁) ဒီမိုကရေစီအုပ်ချုပ်ရေးကို ဆန့်ကျင်သည့် စစ်အစိုးရ၊ တနည်းအားဖြင့် အာဏာရှင်အစိုးရ
(၂) သမိုင်းဆိုင်ရာအထောက်အထားများအရ ခိုင်မာသည့် အချက်အလက်များရှိခြင်း
(၃) အုပ်ချုပ်သူအစိုးရက ဖိနှိပ်ခြင်းစသည့်အချက်များဖြစ်ပါက ခွဲထွက်ခွင့် တောင်းဆိုနိုင်သည်။

ကျွမ်းကျင်သူ ပညာရှင်တစ်ဦးဖြစ်သူ Allen Buchanan က ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ခွဲထွက်ခွင့်ကို တောင်းဆိုရာတွင် လိုအပ်သည့်အချက်များကို အောက်ပါအတိုင်း ဖော်ပြထားသည်။

(၁) တရားမျှတမှုမရှိ၊ လူ့အခွင့်အရေး အလွန်အမင်းကျူးလွန် ဖောက်ဖျက်ခြင်းခံရလျှင် (အလွန် အမင်း လူ့အခွင့်အရေး ကျူးလွန်ဖောက်ဖျက်မှုတွင် လူမျိုးတုံးသတ်ဖြတ်မှု၊ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများ ပါဝင်သည်) ခွဲထွက်ခွင့် တောင်းဆိုနိုင်သည်။

အပြည်ပြည်ဆိုင်ရာဥပဒေတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ပတ်သက်၍ အဓိပ္ပါယ်ဖွင့်ဆို ရှင်းလင်း ထားသော်လည်း ခွဲထွက်ခွင့်နှင့် ပတ်သက်၍ အဓိပ္ပါယ်ရှင်းလင်းခြင်း မရှိပေ။ ကိုယ်ပိုင်ပြဋ္ဌာန်း ခွင့်၏ အဓိပ္ပါယ်နှင့် ပတ်သက်၍ အငြင်းပွားလျက်ရှိသဖြင့် အချို့နိုင်ငံများက ခွဲထွက်ခွင့်တောင်း ဆိုခြင်းမှ နည်းလမ်းပေါင်းစုံဖြင့် ကာကွယ်ထားကြသည်။

*International covenant on Economic, Social and Culture rights 1966.* အပိုဒ် (၁) တွင် -

(၁) လူမျိုးအားလုံးတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရှိကြသည်။ ဤအခွင့်အရေး ပိုင်ဆိုင်မှုနှင့်အညီ လူမျိုးတိုင်းတွင် မိမိတို့၏ နိုင်ငံရေးစနစ်ကို မိမိတို့ကိုယ်တိုင် လွတ်လပ်စွာ ပြဋ္ဌာန်းခွင့်ရှိကြ ပြီး မိမိတို့၏ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုကဏ္ဍများကို တိုးတက်ဖွံ့ဖြိုးရေးအတွက် လွတ်လပ်စွာ ဆောင်ရွက်ပိုင်ခွင့် ရှိကြသည်။

(၂) အပြန်အလှန် အကျိုးရှိမှုကို အခြေခံ၍ သော်လည်းကောင်း၊ နိုင်ငံတကာဥပဒေအရ သော် လည်းကောင်းဆောင်ရွက်ရန်တာဝန်ရှိသည့်အပြည်ပြည်ဆိုင်ရာစီးပွားရေးကဏ္ဍပူးပေါင်း

ဆောင်ရွက်ရေးကို ထိခိုက်ခြင်း မရှိပါက လူမျိုးအားလုံးတွင် မိမိတို့၏ အကျိုးစီးပွားအတွက် မိမိတို့ပိုင်ဆိုင်သော သယံဇာတများကို လွတ်လပ်စွာ စီမံသုံးစွဲပိုင်ခွင့် ရှိသည်။

(၃) ကိုယ်ပိုင်အုပ်ချုပ်ခွင့် မရရှိသေးသည့် နယ်ပယ်များနှင့် အစောင့်အရှောက်ခံ နယ်ပယ်များ၏ အုပ်ချုပ်ရေးကို တာဝန်ယူထားကြသော အစိုးရများအပါအဝင် ဤစာချုပ်အဖွဲ့ဝင် နိုင်ငံအားလုံး က ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အကောင်အထည်ဖော်ရန် တိုးမြင့်ဆောင်ရွက်သွားရမည်ဖြစ်ပြီး ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းအရ ပြဋ္ဌာန်းချက်များနှင့်အညီ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို လေးစားကြ ရမည်ဟူ၍ ဖော်ပြထားသည်။

ဤစာချုပ်ပါ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အဓိပ္ပါယ်နှင့်ပတ်သက်၍ ယနေ့တိုင် အငြင်းပွားလျက်ရှိကြ သည်။ ဤစာချုပ်ပါ အပိုဒ်- ၁ တွင် ဖော်ပြထားသော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ပတ်သက်၍ ခွဲ ထွက်ခြင်း မပြုလုပ်ရန် အိန္ဒိယနိုင်ငံသည် "နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာကို ထိခိုက်စေ လျှင် ခွဲထွက်ခွင့် မရှိကြောင်း" ကြေညာချက် ထုတ်ပြန်ခဲ့သည်။ အိန္ဒိယနိုင်ငံအတွင်း အချို့ပြည် နယ်များ ခွဲထွက်ခြင်းမှ ကာကွယ်ခြင်းဖြစ်သည်။

## နိဂုံး

မြန်မာနိုင်ငံသည် (Multi- Nation- State) ခေါ် လူမျိုးပေါင်းစုံ နေထိုင်သော နိုင်ငံဖြစ်ပြီး ကာလ ကြာရှည်စွာ အတူနေထိုင်လာခဲ့ကြသည်။ ၁၉၄၇ ခုနှစ်တွင် ဖက်ဒရယ်ပြည်ထောင်စု တည် ထောင်ရန် ပင်လုံစာချုပ်အရ သဘောတူခဲ့ကြသော နိုင်ငံလည်းဖြစ်သည်။ ထို့ကြောင့် ခွဲထွက်ခွင့် ပါသောပြည်ပဆိုင်ရာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို တောင်းဆိုရန် မသင့်ပေ။ ခွဲထွက်ခွင့်မပါသောပြည် တွင်းဆိုင်ရာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို တောင်းဆိုသင့်သည်။ သို့မဟုတ် ဒီမိုကရေစီ၏ အခြေခံ အခွင့်အရေးတစ်ခုဖြစ်သော ကိုယ်ပိုင်အုပ်ချုပ်ရေးကို တောင်းဆိုလျှင် အသင့်လျော်ဆုံး ဖြစ် သည်။ ပညာရှင်များ၏တွေးခေါ် ယူဆချက်များအနက် ကျွန်ုပ်တို့နိုင်ငံနှင့် အလိုက်ဖက်ဆုံး သီအိုရီ ကို တင်ပြလိုပါသည်။ နိုင်ငံများ၏ အထူးအခွင့်အရေးကို ကိုယ်စားပြုသော Eide ၏ "ပိုင်နက် နယ်မြေစုစည်းမှု ထိန်းသိမ်းရန်" နှင့် လူမျိုးများ၏ အထူးအခွင့်အရေးကို ကိုယ်စားပြုသော Kimminich ၏ "နိုင်ငံသစ် ဖန်တီးရန်" ဟူသော အစွန်းနှစ်ဖက် တင်ပြချက်မျိုးမဟုတ်ဘဲ အလယ် အလတ်လမ်းစဉ်ကို တင်ပြခဲ့သော Christian Tomuschat တွင် ပါရှိသည့် "အသစ်ဖက်ဒရယ် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်သည် လူမျိုးစုများအတွက်" ဟူ၍လည်းကောင်း၊ အလယ်အလတ် ကြိုက်နှစ်

သက်သူ တစ်ဦးဖြစ်သူ Thornberry ၏ "နိုင်ငံများအတွင်း အုပ်စုများအကြား လုပ်ပိုင်ခွင့်အာဏာ အပ်နှင်းခြင်းနှင့် ကာကွယ်ခြင်းအတွက် နိပ်ကွပ်ခြင်းနှင့် ခွဲထွက်ခြင်းတို့အကြား သင့်လျော်သော ကြားခံပုံစံကို ဖန်တီးရန် တိုက်တွန်းခဲ့ရာတွင် ဖက်ဒရယ်ဂါဒသည် ဖြစ်နိုင်သော (သင့်လျော်သော) နည်းလမ်းတစ်ခုဖြစ်သည်" ဟူ၍လည်းကောင်း၊ အလယ်အလတ်လမ်းစဉ်အတိုးအလျော့ ညှိနှိုင်းလုပ်လိုသော သီအိုရီနှင့် တင်ပြချက်များသည် ကျွန်ုပ်တို့နိုင်ငံ တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် အကောင်းဆုံးအဖြစ် ယူဆပါကြောင်း ရေးသားလိုက်ပါသည်။

## ကိုးကားစာအုပ်

1. *Dr. Venkat Iyer က ၂၀၁၂ ခုနှစ် BLC ၌ ပို့ချသည့် ကိုယ်ပိုင်ပြဌာန်းခွင့်နှင့် ခွဲထွက်ခွင့်ဆိုင်ရာ ပို့ချချက်များအပေါ် မိုင်းဘုန်းကျော်နှင့် ဒေါ်ဂျာဒင်း တို့မှ မှတ်တမ်းတင် ရေးသားသည့် စာအုပ်*

2. *Prof. Maivan Clech Lam, Associate Professor, City University of Newyork School of Law, ရေးသားသော The Legal Value of Self-determination, Vision or Inconvenience? တို့ကို ကိုးကားပြီး သင့်လျော်သလို ရေးသားခြင်း ဖြစ်ပါသည်။*

******************

စနစ်တစ်ခုကို ထိထိရောက်ရောက် စီမံခန့်ခွဲမယ်ဆိုရင် စနစ်ထဲမှာ ပါဝင်တဲ့ အစိတ်အပိုင်းတွေရဲ့ သူ့တစ်ဦးချင်း သီးခြားပြုမူပုံတွေထက် အဲ့ဒီအစိတ်အပိုင်းတွေ အချင်းချင်း အပြန်အလှန် အကျိုးပြုပုံကို အာရုံစိုက်ရလိမ့်မယ်။

**- ရပ်ဆဲလ်အယ်လ်အက်ကော**

တိုင်းသူပြည်သားလူအများတို့၏ ကိုယ်စိတ်နှစ်ဖြာချမ်းသာရေးကိုဆောင်ရွက်ပေးရန်အလုပ်သည် ကောင်းမွန်သောအစိုးရတစ်ရပ်၏ အခြေခံတာဝန်ဝတ္တရားကြီးပင် ဖြစ်သည်။

**- အရစ္စတိုတယ်လ်**

ငါတို့ရဲ့ အကြီးမားဆုံး အားနည်းချက်က လက်လျှော့အရှုံးပေးတာပါပဲ၊ အောင်မြင်ဖို့ အသေချာဆုံးနည်းက နောက်ထပ်တဖန် ကြိုးစားဖို့ ပါပဲ။

**- အက်ဒီဆင်**

# ပထမအကြိမ် ချင်းအမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ

## ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်မှ မတ်လ (၁) ရက်နေ့အထိ

## (ထန်တလန်မြို့)

### နိဒါန်း

ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း ပဋိပက္ခတွေကို နိုင်ငံရေးဆွေးနွေးမှုနဲ့ အဖြေရှာနိုင်ဖို့အတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၈) ဖွဲ့တို့ဟာ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ (၁၅) ရက်နေ့မှာ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကို လက်မှတ်ရေးထိုးခဲ့ကြပြီး၊ ၂၀၁၅ ဒီဇင်ဘာလ (၈) ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော်က ကန့်ကွက်သူမရှိအတည်ပြုခဲ့ပါတယ်။ အဲ့ဒီ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘာတူစာချုပ်- NCA ဟာ ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ဗဟိုကော်မတီ/ လုပ်ငန်းကော်မတီနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၁၆) ဖွဲ့ကိုယ်စား တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးကော်မတီ- NCCT တို့ အကြိမ်ကြိမ် ညှိနှိုင်းဆွေးနွေးပြီး ရရှိလာတဲ့ သဘောတူစာချုပ် ဖြစ်ပါတယ်။ ဒါပေမဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှာ မတူညီတဲ့ အခြေအနေတွေကြောင့် (၈) ဖွဲ့သာ လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်း ဖြစ်ပါတယ်။ အဲ့ဒီ (၈) ဖွဲ့မှာ ချင်းအမျိုးသားတပ်ဦးဟာလည်း တစ်ဖွဲ့ အပါအဝင် ဖြစ်ပါတယ်။

ချင်းအမျိုးသားတပ်ဦးအနေနဲ့ NCA ကို လက်မှတ်ရေးထိုးရခြင်းဟာ ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ ဖွံ့ဖြိုးရေးပါတီ အစိုးရသစ်တက်လာပြီး သမ္မတဦးသိန်းစိန်ရဲ့ ငြိမ်းချမ်းရေးကမ်းလှမ်းချက်အရ နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲ ပြုလုပ်မယ်ဆိုတဲ့ အချက်ကြောင့် ဖြစ်ပါတယ်။ အရင်က အစိုးရအဆက်ဆက်မှာ ငြိမ်းချမ်းရေးကမ်းလှမ်းမှုတွေ ပြုလုပ်ခဲ့ပေမဲ့ နိုင်ငံရေးဆွေးနွေးပွဲကို လက်မခံခဲ့သလို အခွင့်အရေးတွေလည်း မရှိခဲ့ပါဘူး။ အဲ့ဒီအတွက်ကြောင့် ချင်းအမျိုးသားတပ်ဦးဟာ နိုင်ငံရေးဆွေးနွေးရေးကို လက်ခံပြီး ၂၀၁၂ ဇန္နဝါရီလ (၆) ရက်နေ့မှာ ပြည်နယ်အစိုးရနှင့် ပဏာမ သဘောတူညီချက် (၉) ချက်ကို သော်လည်းကောင်း၊ ၂၀၁၂ ခုနှစ်၊ မေလ (၈)ရက်နေ့နှင့် ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ (၉) ရက်နေ့များတွင် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေသဘောတူညီချက် (၄၃) ချက်ကို သော်လည်းကောင်း စုစုပေါင်း (၅၂) ချက်ပါ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြပြီး NCA ကိုလည်းလက်မှတ်ရေးထိုးခဲ့တယ်။ အဓိက

ကတော့ ဆယ်စုနှစ် (၇) ခုနီးပါး ဖြစ်ပွားခဲ့တဲ့ ပြည်တွင်းပဋိပက္ခ၊ လက်နက်ကိုင်တိုက်ပွဲဝင်လာရခြင်းရဲ့ အရင်းအမြစ်ဖြစ်တဲ့ နိုင်ငံရေးဆွေးနွေးပွဲအဆင့်ကို ရောက်ရှိနိုင်ဖို့အတွက်ဖြစ်ပါတယ်။ ဒီအခွင့်အရေးဟာ ကျွန်တော်တို့ ချင်းလူမျိုးအပါအဝင် နိုင်ငံတော်ရဲ့ လူဦးရေမှာ(၂၀) ရာခိုင်နှုန်းခန့်သာရှိတဲ့ တိုင်းရင်းသားလူနည်းစုအတွက် အင်မတန်မှ အရေးကြီးတဲ့ အခွင့်အရေးတရပ်လို့လည်း ဆိုရမှာပါ။ ချင်းအမျိုးသားတပ်ဦးအနေနဲ့ တော်လှန်ရေးကို အနိုင်ခံအရှုံးပေးသွားခြင်းမျိုး လုံးဝမဟုတ်ပါ။ ကျွန်တော်တို့ဟာ အမျိုးသားတန်းတူအခွင့်အရေးရှိပြီး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိတဲ့ ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်ချင်တယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ အဓိကပြဿနာဟာ နိုင်ငံရေးပြဿနာဖြစ်တဲ့အတွက် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းနဲ့ပဲ ဖြေရှင်းနိုင်မှာ ဖြစ်တယ်ဆိုတာကို ယုံကြည်လက်ခံတယ်။ နိုင်ငံအတွင်း ပြည်တွင်းစစ် အဓွန့်ရှည်ခဲ့တာ ပင်လုံကတိကဝတ်၊ ပင်လုံစိတ်ဓါတ်၊ ပင်လုံစာချုပ်အချိုးဖောက်ခံခဲ့ရခြင်း၊ နိုင်ငံရေးပြဿနာကို စစ်ရေးနဲ့ ဖြေရှင်းလာခဲ့ခြင်းကြောင့် ဖြစ်တယ်။ ဒါကြောင့် NCA သဘောတူညီချက်အရ နိုင်ငံ ရေးဆွေးနွေးမှု အမြန်ဆုံးဖြစ်ပေါ် လာနိုင်ဖို့အတွက် NCA လက်မှတ်ရေးထိုးပြီးပြီးချင်း တစ်နိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်ရေးကော်မတီ- JICM, ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ- JMC, ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ- UPDJC စတဲ့ အဆင့်ဆင့်သော ကော်မတီနဲ့ လုပ်ငန်းအပေါ် မှာလည်း တက်ကြွစွာ ပါဝင်ခဲ့ကြပါတယ်။ NCA ရဲ့ လုပ်ငန်းစဉ်အရ နိုင်ငံရေးဆွေးနွေးမှု ပြုလုပ်နိုင်ဖို့အတွက် နိုင်ငံရေးဆွေးနွေးမှု မူဘောင်ရေးဆွဲပြီး ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂) ရက်နဲ့ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၃၁) တို့မှာ ကျင်းပပြုလုပ်ခဲ့ပြီး ဖြစ်ပါတယ်။ တချိန်တည်းမှာ လူမျိုး၊ ဒေသဍ္ဍာရနဲ့ အကြောင်းအရာအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေကိုလည်း ဆက်လက်ကျင်းပသွားဖို့ ဖြစ်တာနဲ့အညီ ချင်းအမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၇) ရက်နေ့မှ မတ်လ (၁) ရက်နေ့အထိ ထန်တလန်မြို့မှာ ကျင်းပခဲ့ကြခြင်းဖြစ်ပါတယ်။

## ချင်းအမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ၏ ရည်ရွယ်ချက်

၁။ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ အာမခံချက်များ အပြည့်အဝရှိတဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်တို့ကို အခြေခံတဲ့ ပြည်ထောင်

စုနိုင်ငံရေးဆွေးနွေးပွဲ ရလဒ်များနဲ့အညီ တည်ဆောက်သွားနိုင်ဖို့အလို့ငှာ ရေရှည်တည်တံ့ ခိုင်မြဲတဲ့ငြိမ်းချမ်းရေးရရှိရေးကိုရည်မှန်းပြီးတိုင်းရင်းသားများရဲ့ လိုလားချက်များနဲ့သဘော ထားဆန္ဒတွေကို အခြေခံလျက် ပါဝင်သင့်ပါဝင်ထိုက်သူအားလုံး ပါဝင်တဲ့ လူမျိုးအလိုက်၊ ဒေသအလိုက်၊ အကြောင်းအရာအလိုက် ကျင်းပတဲ့ အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲ မှအမြင်သဘောထားတွေကိုစုစည်းကာပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံသို့တင်ပြသွား နိုင်ဖို့ ရည်ရွယ်သည်။

၂။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) အပိုဒ် ၂၀ အပိုဒ်ခွဲ (ဂ)၊ (ဃ)နဲ့ NCA အစည်းအဝေးဆုံးဖြတ်ချက် မှတ်တမ်း အမှတ်စဉ် (၁၇) တို့အရ ပြည် ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) က ချမှတ်ပေးထားတဲ့ အခြေခံ လမ်းညွှန်မှုများနဲ့အညီ လုပ်ငန်းကော်မတီတွေက ဦးဆောင်လမ်းညွှန်ပြီး အမျိုးသားအ ဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်မှုကော်မတီ (တိုင်းဒေသကြီးများ၊ ပြည်နယ်များနဲ့ နေ ပြည်တော်ကောင်စီနယ်မြေ) ရဲ့ ကြီးကြပ်မှုနဲ့ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေ ကို စနစ်တကျ ကျင်းပနိုင်ဖို့ ရည်ရွယ်သည်။

## အဓိပ္ပာယ်ဖွင့်ဆိုချက်

၁။ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများဆိုသည်မှာ လူမျိုးအလိုက်သော်လည်းကောင်း၊ ဒေသအလိုက် သော်လည်းကောင်း၊ အကြောင်းအရာအလိုက် သော်လည်းကောင်း ကျင်းပ တဲ့ ဆွေးနွေးပွဲများဖြစ်သည်။ အရပ်ဘက် လူ့အဖွဲ့အစည်းများဖိုရမ်ဟာ အကြောင်းအရာ အလိုက် ကျင်းပသည့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ဖြစ်ပါသည်။

၂။ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေကို ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲ ကော်မတီ (UPDJC)မှချမှတ်ပေးထားတဲ့အခြေခံလမ်းညွှန်မှုတွေနဲ့အညီအမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်မှုကော်မတီ (တိုင်းဒေသကြီးများ၊ ပြည်နယ်များနဲ့ နေပြည် တော်ကောင်စီနယ်မြေ)ရဲ့ ကြီးကြပ်မှုနဲ့ တိုင်းဒေသကြီးနဲ့ပြည်နယ်အစိုးရအဖွဲ့များ (အစိုးရ၊ လွှတ်တော်၊ တပ်မတော်)၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၊ တရားဝင် နိုင်ငံရေးပါတီများနဲ့ အရပ်ဘက်လူ့အဖွဲ့အစည်းများမှ အစုအဖွဲ့ တစ်ဖွဲ့ချင်း သော်လည်း ကောင်း၊ စုပေါင်းပြီးသော်လည်းကောင်း ဦးဆောင်ကျင်းပနိုင်သည်။

# ချင်းအမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပမှု ကြီးကြပ်မှုကော်မတီဖွဲ့စည်းခြင်း

နိုင်ငံရေးဆွေးနွေးမှုမူဘောင်ကနေအတည်ပြုထားပြီးဖြစ်တဲ့ပြဋ္ဌာန်းချက်များ၊လုပ်ငန်းလမ်းညွှန်များနဲ့အညီ ဆွေးနွေးပွဲအောင်မြင်ရေးနဲ့ စနစ်တကျ ဖြစ်စေဖို့အတွက် ချင်းအမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပမှု ကြီးကြပ်မှုကော်မတီကို အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးစင်တာ- NRPC မှ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀) ရက်စွဲဖြင့် အစိုးရ၊ တပ်မတော်၊ လွှတ်တော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း၊ နိုင်ငံရေးပါတီများ ပါဝင်တဲ့ အောက်ပါ ပုဂ္ဂိုလ်များနဲ့ ဖွဲ့စည်းခဲ့ပါတယ်။

၁။ ဒေါက်တာလှအောင် (အစိုး) ၂။ ဗိုလ်မှူးကြီးသန်းနိုင် (တပ်မတော်) ၃။ ဒေါ်နီရွှေလျှန်း (လွှတ်တော်) ၄။ ဆလိုင်းထလာပေး (တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့) ၅။ ပူးထက်နီ (တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့) ၆။ ပူးရာလ်နင်း (တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့) ၇။ ဦးဇိုဘွဲ (နိုင်ငံရေးပါတီ) ၈။ ဒေါက်တာမှုထန်း (နိုင်ငံရေးပါတီ) ၉။ ဦးခန့်ဘွန်း (နိုင်ငံရေးပါတီ) တို့ဖြစ်ပါတယ်။

အဲ့ဒီ ကြီးကြပ်မှုကော်မတီကနေတဆင့် ကျင်းပရေးကော်မတီကို ပြန်လည်ဖွဲ့စည်းပြီး နိုင်ငံတော်အစိုးရရဲ့ ညွှန်ကြားချက်အရ ချင်းအမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၇) ရက်နေ့မှ မတ်လ (၁) ရက်နေ့အထိ ချင်းပြည်နယ်၊ ထန်တလန်မြို့မှာ အောင်အောင်မြင်မြင် ကျင်းပနိုင်ခဲ့ကြပါတယ်။

ချင်းအမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲဟာ နိုင်ငံတော်အစိုးရကနေ ခွင့်ပြုမိန့် နောက်ကျမှ ချတဲ့အတွက် အခက်အခဲများစွာကြားကနေ ချင်းအမျိုးသားတပ်ဦးက ကျင်းပရေးကော်မတီက ကမကထ ဖွဲ့ပြီး ကိုယ်စားလှယ်တွေကို ရွေးချယ်ဖိတ်ကြားခဲ့ပါတယ်။

ချင်းအမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲမှာ ပြည်နယ်တွင်းနှင့် ပြည်နယ်ပြင်ပ ချင်းအမျိုးသားတပ်ဦး အဖွဲ့ဝင် ကိုယ်စားလှယ် ၁၅၁ ဦး၊ ချင်းနိုင်ငံရေးပါတီများ ကိုယ်စားလှယ် ၂၀၂ ဦး၊ ချင်းလူ့အဖွဲ့အစည်းများ ကိုယ်စားလှယ် ၁၆၁ ဦး၊ ပါဝင်သင့်ပါဝင်ထိုက်သူများ ၂၀ ဦးနှင့် ချင်းအမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်မှုကော်မတီဝင်များ၊ ဧည့်သည်တော်များနှင့် လေ့လာသူများ ၁၁၈ ဦး၊ စုစုပေါင်း ၆၅၂ ဦး တက်ရောက်ခဲ့ပြီး အောက်ဖော်ပြပါ အကြောင်းအရာများကို သုံးရက်တာအတွင်း ဆွေးနွေးခဲ့ကြပါတယ်။

## ချင်းအမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွင် ဆွေးနွေးသည့် အကြောင်းအရာများ

အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများမှာ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ မြေယာနှင့် သဘာဝ သံယံဇာတ စတဲ့ ကဏ္ဍ (၄) ခုကို ဆွေးနွေးရမှာ ဖြစ်သော်လည်းပဲ အခြေအနေ၊ အကြောင်း ကြောင်းကြောင့် ချင်းအမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွင် နိုင်ငံရေးကဏ္ဍမှာ ပါဝင် တဲ့ "ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအခြေခံမူများ ကိစ္စ" နဲ့ ပတ်သက်တဲ့ အောက်ဖော်ပြပါ အကြောင်းရာများကိုသာ ဆွေးနွေးနိုင်ခဲ့ကြပါတယ်။

### ဆွေးနွေးခဲ့တဲ့ အကြောင်းအရာတွေကတော့-

(၁) အချုပ်အခြာအာဏာ (Sovereign Power)
(၂) တန်းတူရေး (Equality)
(၃) ကိုယ်ပိုင်ပြဌာန်းခွင့် (Self-Determination)
(၄) စစ်မှန်သော ပြည်ထောင်စုမူ (Federal Principles)
(၅) တိုင်းရင်းသားလူနည်းစုများ၏ အခွင့်အရေးကို ကာကွယ်ခြင်း (Ethnic Minority Rights)
(၆) ဒီမိုကရေစီအခွင့်အရေး၊ လူ့အခွင့်အရေးနှင့် ကျား၊ မ ဆိုင်ရာ တန်းတူညီမျှမှု (Democracy, Human Rights and Gender Equality)
(၇) ပါတီစုံ ဒီမိုကရေစီ (Multi-Party Democracy)
(၈) ဘာသာရေးကို အခြေမခံသော နိုင်ငံ (Secular State)
(၉) အခြား အခြေခံမူများ (Other Principles)

အကြောင်းအရာတစ်ခုချင်းစီကို အုပ်စုခွဲပြီး Facilitator များရဲ့ ဦးဆောင်မှုနဲ့ တက်တက်ကြွ ကြွဆွေးနွေးခဲ့ကြပါတယ်။ အုပ်စုတွေရဲ့ အကြောင်းအရာတစ်ခုချင်းစီအလိုက်ဆွေးနွေးချက်များ အပေါ် ချင်းအမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲကနေ တူညီတဲ့ ဘုံသဘောထားနဲ့ မတူညီတဲ့ ဘုံသဘောထားများဆိုပြီး ပြန်လည် စုစည်းပါတယ်။

အထက်ဖော်ပြပါ အကြောင်းအရာတစ်ခုချင်းစီရဲ့ အုပ်စုအလိုက် ဆွေးနွေးပွဲများကနေ ရရှိတဲ့ အချက်တွေအပေါ် စုံညီအစည်းအဝေးက မူဝါဒသဘောတူညီချက်နဲ့ အကြံပြုချက်များအဖြစ် ချမှတ်တဲ့ အချက်များကို အောက်ပါ အကြောင်းအရာများအလိုက် ဖော်ပြလိုက်ပါတယ်။

## အချုပ်အခြာအာဏာ (Sovereign Power)

၁။ ပြည်ထောင်စုအချုပ်အခြာအာဏာသည် ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များနှင့် ၎င်းပြည်နယ်အတွင်းမှီတင်းနေထိုင်သောတိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးထံမှဆင်းသက်ရမည်။

၂။ အချုပ်အခြာအာဏာ၏ ခက်မ(၃)ဖြာဖြစ်သော ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင် ရေးအာဏာများကို သီးခြားစီ ကျင့်သုံးခြင်း (Separation of Power) ရှိရမည်။

၃။ ပြည်ထောင်စုအချုပ်အခြာအာဏာကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသော ပြည်ထောင်စုအဆင့် လွှတ်တော်များ၊ ပြည်ထောင်စုအစိုးရ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားရုံးများက ကျင့်သုံးရမည်။

၄။ ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များ၏ အချုပ်အခြာအာဏာကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသော ပြည်နယ်လွှတ်တော်၊ ပြည်နယ်အစိုးရ၊ ပြည်နယ်တရားလွှတ်တော်ချုပ်နှင့် အဆင့်ဆင့်သော တရားရုံးများက ကျင့်သုံးရမည်။

၅။ ပြည်ထောင်စု အချုပ်အခြာအာဏာ၏ မူလပိုင်ရှင်ဖြစ်သော ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များနှင့် ၎င်းပြည်နယ်အတွင်း မှီတင်းနေထိုင်သော တိုင်းရင်းသားပြည်သူလူထုအနေဖြင့် လူထုဆန္ဒစုစည်း ထုတ်ဖော်ခြင်းနှင့် လူထုဆန္ဒခံယူပွဲပြုလုပ်ခြင်း လုပ်ပိုင်ခွင့်အာဏာ (Initiative and Referendum Power) များကို မိမိတို့လက်ဝယ်တွင် ထားရှိကျင့်သုံးရမည်။

၆။ ပြည်ထောင်စု၏ အချုပ်အခြာအာဏာသည် ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအားလုံးမှ အပ်နှင်းထားသော အာဏာများဖြစ်ပြီး ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များတွင် ကိုယ်ပိုင် အချုပ်အခြာအာဏာ တည်ရှိရမည်။

## တန်းတူရေး(Equality)

တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေးအရဖြစ်စေ၊ လူမျိုးအရဖြစ်စေ တန်းတူရည်တူ အခွင့်အရေး ရှိရမည်။

**၁။ ပြည်ထောင်စုကို တိုင်းရင်းသားလူမျိုးများ တန်းတူညီမျှမှုရှိသည့် ဖယ်ဒရယ်ပြည်ထောင်စု အဖြစ် တည်ဆောက်ရမည်။**

(က) ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားလူမျိုးတိုင်းသည် လူမျိုးရေးအရ တန်းတူရည်တူ အခွင့်အရေး ရှိရမည်။

(ခ) တိုင်းရင်းသားလူမျိုးတိုင်းသည် ဘာသာစကား၊ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းတို့ကို တန်းတူရည်တူ ပြုစုပျိုးထောင် ထိန်းသိမ်းစောင့်ရှောက် ကျင့်သုံးဆောင်ရွက်ခွင့် ရှိရမည်။
(ဂ) တိုင်းရင်းသားလူမျိုးများသည် ပင်လုံစာချုပ်နှင့် ပင်လုံကတိကဝတ်များအရ ပြည်ထောင်စုကိုဖွဲ့စည်းတည်ထောင်ခဲ့သည့်အတွက် လူမျိုးကိုအခြေခံသော အမျိုးသားပြည်နယ်များနှင့် အမျိုးသားများပြည်နယ်များဖြင့် ဖွဲ့စည်းရမည်။

၂။ ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသား လူမျိုးတိုင်းသည် နိုင်ငံရေးအရ တန်းတူရည်တူ အခွင့်အရေး ရှိရမည်။
(က) ပြည်ထောင်စုအဖွဲ့ဝင် အမျိုးသားပြည်နယ်များနှင့် အမျိုးသားများ ပြည်နယ်များတွင် နိုင်ငံတော်၏ အချုပ်အခြာအာဏာများဖြစ်သော ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာများ တန်းတူရည်တူ ရှိရမည်။
(ခ) ပြည်ထောင်စုတွင် အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်ဟူ၍ သာမန်အားဖြင့် အာဏာတူသော လွှတ်တော် (၂) ရပ် ထားရှိရမည်။ (၎င်းတို့ကို စုပေါင်းထားသည့် ပြည်ထောင်စုလွှတ်တော်ဟူ၍ မရှိစေရ။)
(ဂ) အမျိုးသားလွှတ်တော်ကိုပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များမှကိုယ်စားလှယ်အညီအမျှဖြင့် ဖွဲ့စည်းရမည်။
(ဃ) အမျိုးသားလွှတ်တော်အား ပြည်ထောင်စုအဆင့်ရာထူးများ ခန့်အပ်အတည်ပြုပေးနိုင်သည့် အာဏာကို သီးခြား အပ်နှင်းရမည်။
(င) ပြည်ထောင်စုအစိုးရအဖွဲ့တွင် တိုင်းရင်းသားလူမျိုးများ တန်းတူရည်တူ ပါဝင်ခွင့်ရှိရမည်။
(စ) ပြည်ထောင်စု ရာထူးဝန်အဖွဲ့တွင် တိုင်းရင်းသားလူမျိုးများ တန်းတူရည်တူ ပါဝင်ခွင့် ရှိရမည်။

၃။
(က) ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး တရားသူကြီးများကို ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များအား အခြေခံ၍ တစ်ဦးကျစီ တူညီစွာ စေလွှတ်သည့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်။

(ခ) ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ကို ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များမှ တစ်ဦးကျစီ တူညီစွာ စေလွှတ်သည့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်။

၄။ ပြည်ထောင်စုအတွင်းရှိ မည်သည့် လူမျိုးကိုမျှ အထူးအခွင့်အရေးမပေးရ။ မည်သည့် လူမျိုး၏ အခွင့်အရေးများကိုမျှ ချုပ်ချယ်ကန့်သတ်ခြင်း မရှိစေရ။

## ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် (Self-Determination)

တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု စသည့်ကဏ္ဍ အသီးသီးတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝ ရှိရမည်။

၁။ တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအစရှိသည့် နယ်ပယ်များတွင် ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့် အပြည့်အဝရှိသည်နှင့်အညီ မိမိတို့၏ ကံကြမ္မာကို မိမိတို့ကိုယ်တိုင် လွတ်လပ်စွာ ဖန်တီးပိုင်ခွင့်နှင့် ဆုံးဖြတ်ပိုင်ခွင့် ရှိရမည်။

၂။ ပြည်ထောင်စုအဖွဲ့ဝင် အမျိုးသားပြည်နယ်များနှင့် အမျိုးသားများပြည်နယ်များသည် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသည်နှင့်အညီ နိုင်ငံရေးအာဏာ (၃) ရပ်ဖြစ်သော ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာများကို အပြည့်အဝကျင့်သုံးပိုင်ခွင့် ရှိရမည်။

၃။ တိုင်းရင်းသားလူမျိုးများ၏ မွေးရာပါအခွင့်အရေးဖြစ်သည့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို မည်သည့် အခြေအနေတွင်မျှ ရုတ်သိမ်းဟန့်တားခြင်း မရှိစေရ။

## စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုမူ (Federal Principles)

ဖက်ဒရယ်ပြည်ထောင်စုကို ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသော အမျိုးသားပြည်နယ်များနှင့် အမျိုးသားများပြည်နယ်များဖြင့် ဖွဲ့စည်းရမည်။ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများကို ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်စေဘဲ လွတ်လပ်စွာ ရေးသားပြဋ္ဌာန်းခွင့်ရှိရမည်။ ပြည်ထောင်စုအဆင့်တွင် အာဏာတူ လွှတ်တော် (၂) ရပ်ထားရှိရမည်။

၁။ ပြည်ထောင်စု၏ အခြေခံဖွဲ့စည်းမှုဖြစ်သည့် ပြည်ထောင်စုအဖွဲ့ဝင်အားလုံးကို ပြည်နယ်များဟုသာ ခေါ်တွင်ရမည်။

၂။ ဖက်ဒရယ်ပြည်ထောင်စုကို ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝရှိ၍ တန်းတူသော နိုင်ငံရေးအာဏာများကို အပ်နှင်းခြင်းခံရသည့် ပင်လုံစာချုပ်ချုပ်ဆိုပြီးနောက်ပိုင်း သမိုင်းကြောင်းအရ တည်ရှိပြီးဖြစ်သည့် လူမျိုးကိုအခြေခံသော အမျိုးသားပြည်နယ်များနှင့် လူမျိုးပေါင်းစုံရောနှောနေထိုင်သော အမျိုးသားများ ပြည်နယ်များဖြင့် ဖွဲ့စည်းရမည်။

၃။ ပြည်ထောင်စုအဖွဲ့ဝင် အမျိုးသားပြည်နယ်များနှင့် အမျိုးသားများပြည်နယ်များကို ဥပဒေပြု အာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာ တည်းဟူသော နိုင်ငံရေးအာဏာ (၃) ရပ်လုံးကို အပြည့်အဝ အပ်နှင်းစေရမည့်အပြင် ၎င်းနိုင်ငံရေးအာဏာ (၃) ရပ်လုံးကို တရားဥပဒေနှင့်အညီ လွတ်လပ်စွာ ကျင့်သုံးနိုင်ရေးအတွက် ပြည်နယ်လွှတ်တော်၊ ပြည်နယ်အစိုးရနှင့် ပြည်နယ်တရား လွှတ်တော်ချုပ်တို့ကို လွတ်လပ်စွာ ထူထောင်ခွင့်ရှိရမည်။

၄။ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများကို ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်စေဘဲ လွတ်လပ်စွာ ရေးသားပြဋ္ဌာန်းခွင့်ရှိရမည်။ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများ ရေးဆွဲရာတွင် -

(က) ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများသည် ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေကို ဆန့်ကျင်ခြင်းမရှိစေရ။ (အကယ်၍ ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများကြား ကွဲလွဲမှုရှိလာပါက ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေက ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများကို လွှမ်းမိုးမှု ရှိစေရမည်။)

(ခ) ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များကိုပြည်နယ်အတွင်းကျင့်သုံးရမည့်ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ( Self-Determination) အခွင့်အရေးကို အပြည့်အဝ အပ်နှင်းရမည်။

(ဂ) ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များကို ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတည်းဟူသော နိုင်ငံရေးအာဏာများကို အပြည့်အဝ ကျင့်သုံးနိုင်ရေးအတွက် အာမခံချက် ရှိရမည်။

(ဃ) တိုင်းရင်းသားလူမျိုးများကို လူမျိုးအလိုက် ခံစားသင့်ခံစားထိုက်သော အခွင့်အရေးများဖြစ်သည့်စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း နှင့် လူမျိုးလက္ခဏာများကို ကာကွယ်ခွင့်၊ ထိန်းသိမ်းခွင့်နှင့် မြှင့်တင်ခွင့် အခွင့်အာဏာများ အပြည့်အဝ အပ်နှင်းရမည်။

(င) ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များကို မြေယာနှင့်သဘာဝအရင်းအမြစ် ပိုင်ဆိုင်ခွင့်၊စီမံခန့်ခွဲခွင့်နှင့် ထုတ်ယူသုံးစွဲခွင့်ဆိုင်ရာ လုံလောက်သော အာဏာများကိုအပ်နှင်းရမည်။

(စ) ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များကို ဘဏ္ဍာရေးစီမံခန့်ခွဲခွင့်၊ ပြည်နယ်အတွင်း အခွန်ကောက်ခံခွင့်နှင့် စီမံခန့်ခွဲပိုင်ခွင့်ဆိုင်ရာ လုံလောက်သော အာဏာများကို အပ်နှင်းရမည်။

(ဆ) ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များကို ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးကဏ္ဍများတွင် လုပ်ပိုင်ခွင့်အာဏာများ အပြည့်အဝ အပ်နှင်းရမည်။

(ဇ) အမျိုးသားပြည်နယ်များနှင့် အမျိုးသားများပြည်နယ်များ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးများ တန်းတူညီမျှမှုကို အခြေခံရမည်။

၅။ ဖက်ဒရယ်ပြည်ထောင်စုစနစ်သည် ပြည်ထောင်စုအဖွဲ့ဝင် အမျိုးသားပြည်နယ်များနှင့် အမျိုးသားများ ပြည်နယ်များ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့် (Self-rule) နှင့် ထိုအဖွဲ့ဝင်ပြည်နယ်များပူးပေါင်း၍ ဖွဲ့စည်းသည့် ပြည်ထောင်စုကို စုပေါင်းအုပ်ချုပ်ခွင့် (Shared rule) တို့ကို ပေါင်းစပ်ထားသည့် စနစ်ဖြစ်သောကြောင့် ဖက်ဒရယ်ပြည်ထောင်စုနှင့် ဖက်ဒရယ်ပြည်ထောင်စု အဖွဲ့ဝင်ပြည်နယ်အကြားတွင် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အာဏာများကို ခွဲဝေကျင့်သုံးခြင်း (Division of Powers) ရှိရမည်။

၆။ တန်းတူသော ပြည်နယ်များပူးပေါင်း၍ ပြည်ထောင်စုကိုဖွဲ့စည်းသောအခါ ပြည်ထောင်စုအဆင့်တွင် အာဏာတူ အမျိုးသားလွှတ်တော် (အထက်လွှတ်တော်) နှင့်ပြည်သူ့လွှတ်တော် (အောက်လွှတ်တော်) ဟူ၍လွှတ်တော် (၂) ရပ် ထားရှိရမည်။ အမျိုးသားလွှတ်တော် (အထက်လွှတ်တော်)တွင်အမျိုးသားပြည်နယ်များနှင့်အမျိုးသားများပြည်နယ်များမှဦးရေတူညီသော ကိုယ်စားလှယ်များကို စေလွှတ်ရမည်။

၇။ အမျိုးသားပြည်နယ်များနှင့် အမျိုးသားများပြည်နယ်များက စုပေါင်းကျင့်သုံးရန် ဖက်ဒရယ်ပြည်ထောင်စုသို့အပ်နှင်းထားသည့်ပြည်ထောင်စုကာကွယ်ရေး၊ နိုင်ငံခြားဆက်သွယ်ရေး၊ ငွေစက္ကူနှင့်ငွေဒင်္ဂါး ထုတ်လုပ်ရေးနှင့် ပြည်ထောင်စုလမ်းပန်းဆက်သွယ်ရေး အာဏာများမှအပ ကျန်ရှိသော အာဏာများနှင့် ကြွင်းကျန်သောအာဏာ (Residual Power) များကို ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များတွင် ထားရှိရမည်။

၈။ ပြည်နယ်များသည် ပြည်ထောင်စုအစိုးရမှ ကောက်ခံရရှိထားသော အခွန်ငွေများ၊ ဖွံ့ဖြိုးရေးစီမံကိန်းများနှင့် အခြားအရင်းအမြစ်များကို မျှဝေခံစားခွင့်ရှိရမည်။ ထိုနည်းတူ ပြည်နယ်အချင်းချင်းကြား ခွဲဝေသုံးစွဲခွင့်ကိုလည်း ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

၉။ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရများကြားတွင် သော်လည်းကောင်း၊ ပြည်နယ်အစိုးရ အချင်းချင်းအကြားတွင် သော်လည်းကောင်း ပေါ် ပေါက်လာသော အငြင်းပွားမှုများကို သီးခြားလွတ်လပ်သော ပြည်ထောင်စုအခြေခံဥပဒေဆိုင်ရာ ခုံရုံးမှ ဖြေရှင်းဆောင်ရွက်ရမည်။

## အကြံပြုချက်

၁။ ပြည်ထောင်စု၏ အမည်ကို ဖက်ဒရယ်ပြည်ထောင်စုတစ်ခုလုံး လွှမ်းခြုံနိုင်မည့် အမည်နာမ အသစ်ပေးရန် အဆိုပြုသည်။

## တိုင်းရင်းသားလူနည်းစုများ၏ အခွင့်အရေးများကို ကာကွယ်ခြင်း (Ethnic Minority Rights)

၁။ ပြည်ထောင်စုတွင်နေထိုင်သည့် တိုင်းရင်းသားလူနည်းစုတိုင်းသည် နိုင်ငံသားအခွင့်အရေး အပြည့်အဝရရှိရန် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းရမည်။

၂။ ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များတွင် ပြန့်ကျဲနေထိုင်သည့် တိုင်းရင်းသားလူနည်းစု များသည် ပြည်ထောင်စုအဆင့်၊ ပြည်နယ်အဆင့်နှင့် ဒေသန္တရအဆင့် ဥပဒေပြုရေး၊ အုပ် ချုပ်ရေးနှင့် တရားစီရင်ရေးတို့တွင် ပါဝင်ရမည်။ ယင်းသို့ပါဝင်ခွင့်ပေးရာတွင် လူဦးရေ အလိုက်သော်လည်းကောင်း၊ လူမျိုးအလိုက်သော်လည်းကောင်း ပါဝင်ရမည်။

၃။ ပြည်ထောင်စုအတွင်းရှိတိုင်းရင်းသားလူနည်းစုများ၏ ဘာသာစကား၊ စာပေ နှင့် ယဉ်ကျေး မှုများကို ဥပဒေအရ အကာအကွယ်ပေးပြီး လွတ်လပ်စွာဆုံးဖြတ်ပိုင်ခွင့်နှင့် စီမံဆောင်ရွက် ပိုင်ခွင့် ရှိရမည်။

၄။ ပြည်ထောင်စုအတွင်းရှိ နယ်မြေ တစ်ဆက်တစ်စပ်တည်း နေထိုင်သည့် တိုင်းရင်းသား လူနည်းစုများသည် ပြည်နယ် (သို့မဟုတ်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖွဲ့စည်းခွင့်ရှိရမည်။

၅။ တိုင်းရင်းသားလူနည်းစုများသည် ဘိုးဘွားအစဉ်အဆက် နေထိုင်လာသည့် ၎င်းတို့၏ နယ် မြေများတွင် ကိုယ်ပိုင်ဒေသန္တရအုပ်ချုပ်ခွင့် အပြည့်အဝ ရှိရမည်။

၆။ ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားလူနည်းစုများသည် မိမိဓလေ့ထုံးတမ်းအရ တရား စီရင်ပိုင်ခွင့် ရှိရမည်။

၇။ ပြည်ထောင်စုအတွင်းရှိ ဘိုးဘွားအစဉ်အဆက် နေထိုင်လာသည့် တိုင်းရင်းသားလူနည်းစု များ၏ နယ်မြေများတွင် မြေယာနှင့် သဘာဝသယံဇာတ စီမံခန့်ခွဲပိုင်ခွင့် ရှိရမည်။

၈။ ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားလူနည်းစုများ၏ လူမျိုးဖြစ်ခြင်းကို မိမိတို့၏ ဓလေ့ ထုံးတမ်း အစဉ်အလာအရ ဆုံးဖြတ်ပိုင်ခွင့် ရှိရမည်။

၉။ ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားလူနည်းစုများ၏ ကိုယ်ပိုင်လက္ခဏာဖြစ်သည့် လူမျိုး အမည်၊ ကိုးကွယ်သည့်ဘာသာ စသည်တို့ကို မည်သည့်စာရွက်စာတမ်းတွင်မဆို မှန်ကန် စွာ ဖော်ပြရမည်။

၁၀။ တိုင်းရင်းသားလူနည်းစုများ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး တိုးတက်ဖွံ့ဖြိုးစေရေးအတွက် ပံ့ပိုးကူညီခြင်း၊ ဥပဒေဖြင့် အကာအကွယ်ပေးခြင်း၊ အခွင့်အလမ်း မြှင့်တင်ဆောင်ရွက်ပေးခြင်းများ ပြုလုပ်ပေးရမည်။

## ဒီမိုကရေစီအခွင့်အရေး၊ အခြေခံလူ့အခွင့်အရေး နှင့် ကျားမဆိုင်ရာ တန်းတူညီမျှမှု (Democracy, Human Rights and Gender Equality)

### ဒီမိုကရေစီအခွင့်အရေး (Democracy)

၁။ ဥပဒေပြုရေးမဏ္ဍိုင်အဆင့်ဆင့်တွင် ပြည်သူလူထုမှ တိုက်ရိုက်ရွေးကောက် တင်မြှောက်ထားသော ကိုယ်စားလှယ်များ ဖြစ်ရမည်။

၂။ အုပ်ချုပ်ရေးမဏ္ဍိုင်တွင် ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်အဆင့် အုပ်ချုပ်ရေးကို ရွေးကောက်ခံများက ဖွဲ့စည်းရမည်။ ဒေသန္တာရအုပ်ချုပ်ရေးကို ပြည်သူမှ ရွေးကောက်တင်မြှောက်ထားသော ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်။

၃။ တရားစီရင်ရေးမဏ္ဍိုင်တွင် တရားဥပဒေစိုးမိုးမှု ရှိစေရန်၊ ပွင့်လင်းမြင်သာမှု ရှိစေရန်နှင့် ဖြောင့်မတ်သော တရားစီရင်ရေးရှိစေရန် လွတ်လပ်သော တရားစီရင်ရေး ရှိရမည်။

၄။ ကဏ္ဍတိုင်းတွင် လူငယ်ပါဝင်မှုမြင့်မားစေရန်အတွက် အသက်အရွယ်ကန့်သတ်မှုကို လျှော့ချပြီး လူငယ်များပါဝင်မှုကို မြှင့်တင်ရမည်။

၅။ ဒီမိုကရေစီစနစ်ကျင့်သုံးရာတွင် လူနည်းစုများ၏ အခွင့်အရေးများကို အပြည့်အဝ ရရှိခံစားစေရမည်။

### အခြေခံလူ့အခွင့်အရေး (Human Rights)

၁။ လူ့အခွင့်အရေးကို လေးစားလိုက်နာသော ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရမည်။ (မူဝါဒများရေးဆွဲချမှတ်ရာတွင် နိုင်ငံတကာစံချိန်စံညွှန်းနှင့် ကိုက်ညီသည့် အခြေခံလူ့အခွင့်အရေးကို ထည့်သွင်း စဉ်းစားရမည်။ ထို့အပြင် နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာ သဘောတူညီချက်များ၊ ပဋိညာဉ် များနှင့် စာချုပ်စာတမ်းများကို သဘောတူ လက်မှတ်ရေးထိုးပြီး အကောင်အထည်ဖော် ဆောင်ရွက်ရမည်။ )

၂။ မည်သည့်ကိုးကွယ်သည့် ဘာသာကိုမျှ အထူးပြုပြဋ္ဌာန်းခြင်း မပြုရ။ မည်သည့် ဘာသာဝင်ကိုမဆို တန်းတူအခွင့်အရေးများ ပေးအပ်ထားရမည်။

၃။ မူဝါဒများချမှတ်ရာတွင် သော်လည်းကောင်း၊ ဥပဒေပြဋ္ဌာန်းရာတွင် သော်လည်းကောင်း ဌာနေတိုင်းရင်းသားများ အခွင့်အရေးကို ထိခိုက်နစ်နာစေခြင်း မရှိစေရ။

၄။ အသင်းအဖွဲ့များကို လွတ်လပ်စွာ ဖွဲ့စည်းတည်ထောင်ဆောင်ရွက်ခွင့်နှင့် လှုပ်ရှားပြောဆိုပိုင်ခွင့် ရှိရမည်။

၅။ ကျား/မတန်းတူရေးဆိုင်ရာ ပြဋ္ဌာန်းချက်များအား နိုင်ငံတကာ စံချိန်စံနှုန်းနှင့်အညီ ပြဋ္ဌာန်းရမည်။

## ကျား/မတန်းတူရေး (Gender Equality)

၁။ အမျိုးသမီးများကို နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံညှင်းပန်း နှိပ်စက်ခြင်း မရှိစေရ။
၂။ ကျား/မဖြစ်တည်မှုအပေါ် ခွဲခြားဆက်ဆံမှု မရှိစေရ။
၃။ အမျိုးသမီးများကို ကဏ္ဍပေါင်းစုံတွင် နေရာရရှိရေး ဖန်တီးပေးရမည်။

၄။ နိုင်ငံတော်သည်အမျိုးသမီးများ၏လုံခြုံရေးကိုအကာအကွယ်ပေးနိုင်သည့်တရားဥပဒေစိုးမိုးမှု ရှိသော ပတ်ဝန်းကျင် ဖန်တီးပေးရမည်။

၅။ ကဏ္ဍပေါင်းစုံတွင် အမျိုးသမီးများ အဓိပ္ပာယ်ပြည့်ဝစွာ ပါဝင်နိုင်ရေးအတွက် အထူးစီမံချက် (Affirmative Action Plan)များ ဆောင်ရွက်ပေးရမည်။ (ဥပမာ- အမျိုးသမီးများအတွက် မဲဆန္ဒနယ်သီးသန့်သတ်မှတ်ပေးခြင်း၊ ရွေးကောက်ပွဲများတွင်သတ်မှတ်ထားသည့်ဘဏ္ဍာငွေလျာထားချက်နှင့် ပတ်သက်ပြီး အမျိုးသမီးများအတွက် ထိရောက်သော မူဂါဒများထားရှိခြင်း။)

## အကြံပြုချက်

၁။ တိုင်းရင်းသားလူမျိုးများနှင့် သက်ဆိုင်သော နေ့ထူးနေ့မြတ်များကို ဒေသဆိုင်ရာအလိုက် အစိုးရရုံးပိတ် ရက်အဖြစ် သတ်မှတ်ရန် အဆိုပြုသည်။

၂။ အုပ်ချုပ်ရေးကဏ္ဍများတွင် တပ်မတော်ပါဝင်မှုကို အဆင့်ဆင့်လျှော့ချရန် နှင့် အရပ်ဘက် အုပ်ချုပ် ရေးသာဖြစ်ရန် အဆိုပြုသည်။

၃။ ကဏ္ဍတိုင်းတွင် လာဘ်ပေးလာဘ်ယူမှု မရှိစေရ။

၄။ ဝန်ထမ်းများ ခန့်အပ်ရာတွင် သတ်မှတ်ထားသော အရည်အချင်းနှင့် ပြည့်မီသူ အချင်းချင်းတွင် ဒေသခံများကို ဦးစားပေးခန့်ထားရန် အဆိုပြုသည်။

၅။ ဖွံ့ဖြိုးရေးစီမံကိန်းများနှင့် စက်ရုံအလုပ်ရုံများ တည်ဆောက်ရာတွင် ဒေသခံပြည်သူများအား ကြိုတင် အသိပေး ချပြညှိနှိုင်းပြီး သဘောတူညီမှု လုပ်ငန်းစဉ် (Free, Prior and Informed Consent) ရယူကာ နစ်နာမှုများ မရှိစေရန် ဆောင်ရွက်ပေးရန် အဆိုပြုသည်။

၆။ လူမျိုးမတူသော မိဘများမှ မွေးဖွားသူသည် မျိုးရိုး/လူမျိုးဖြစ်တည်မှုကို လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့် ရှိရမည်။

## ပါတီစုံဒီမိုကရေစီစနစ် (Multi–party Democracy System)

၁။ လူမျိုးပေါင်းစုံနေထိုင်၍ လူမျိုးပေါင်းစုံ စုပေါင်းပိုင်ဆိုင်ထားသော ပြည်ထောင်စုတွင် ပါတီစုံဒီမိုကရေစီ စနစ်ကို ကျင့်သုံးရာ၌ အောက်ပါအခြေခံမှုများအတိုင်း ဆောင်ရွက်ရမည်။

(က)ပြည်ထောင်စုတွင် တစ်ပါတီအာဏာရှင်စနစ် လုံးဝမပေါ်ပေါက်စေရန် ဥပဒေဖြင့် ဟန့်တား ကာကွယ်ရမည်။

(ခ) နိုင်ငံရေးပါတီများ ဖွဲ့စည်းတည်ထောင်ခြင်းဆိုင်ရာ ဥပဒေကို လွှတ်တော်မှ သီးခြား ပြဋ္ဌာန်းပေးရမည်။

## ဘာသာရေးကို အခြေမခံသောနိုင်ငံ (Secular State)

၁။ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်နှင့် ဘာသာရေးဆိုင်ရာ တန်းတူညီမျှမှု ရှိရမည်။

၂။ အစိုးရပညာသင်ကျောင်းများတွင် မည်သည့်ဘာသာရေးဆိုင်ရာ သင်ရိုးညွှန်းတမ်းကိုမျှ ပြဋ္ဌာန်းခြင်း၊ ကျင့်သုံးခြင်းများ မပြုရ။

၃။ တိုင်းရင်းသားလူနည်းစုများ၏ ကိုးကွယ်ယုံကြည်သည့် ဘာသာကို ဥပဒေနှင့်အညီ အကာအကွယ် ပေးရမည်။

၄။ နိုင်ငံတော်အစိုးရမှ ဘာသာရေးနှင့် ပတ်သက်သော ကိစ္စရပ်များတွင် ဘက်မလိုက်သော မူဝါဒကို ကျင့်သုံးရမည်။

၅။ ဘာသာရေးကို နိုင်ငံရေးအကျိုးအမြတ်အတွက် အသုံးချခြင်းမပြုရ။

၆။ ဘာသာရေးဆိုင်ရာ ကိစ္စရပ်များတွင် နိုင်ငံတော်၏ ရန်ပုံငွေနှင့် ယန္တရားများ အသုံးပြုခြင်း လုံးဝမပြု လုပ်ရ။

## အကြံပြုချက်

၁။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးကျောင်းများ (နတလ)ဆက်လက် မထားရှိသင့်ပါ။

၂။ အစိုးရသတင်းမီဒီယာများတွင် ကိုးကွယ်သည့် ဘာသာတိုင်း အခွင့်အရေးတန်းတူပေးရန်။ (ဥပမာ-ရေဒီယို၊ တီဗွီများတွင် ဘာသာတိုင်း၏ သတင်း၊ တရားဟောပြောချက်များ ထုတ်လွှင့်ခွင့်ပေးရန်)

၃။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖော်ပြထားသော ဘာသာရေးဆိုင်ရာ ခွဲခြားဆက်ဆံမှုသို့ ဦးတည်စေသော မည်သည့် ပြဋ္ဌာန်းချက်မျိုးကိုမဆို ပြင်ဆင် (သို့မဟုတ်) ဖျက်သိမ်းပေးရန်။ (ဥပမာ- ပုဒ်မ ၃၆၁ ဘာသာကူးပြောင်းခြင်းဆိုင်ရာ ဥပဒေ၊ အမျိုးစောင့်ဥပဒေ)

၄။ နိုင်ငံသားစိစစ်ရေးကဒ်ပြားတွင် ကိုးကွယ်သည့် ဘာသာဟူသည့်အချက်ကို ပယ်ဖျက်ပေးရန်။

၅။ စည်းမျဉ်းစည်းကမ်းနှင့်အညီ ဘာသာရေးဆိုင်ရာ စည်းဝေးခွင့်၊ ဟောပြောစည်းရုံးခွင့် ပြုရန်။

၆။ အစိုးရဌာန အလုပ်အကိုင်အခွင့်အလမ်းများ (ရာထူးတိုးပေးခြင်း၊ ပညာတော်သင်စေလွှတ်ခြင်းဆိုင်ရာ အခွင့်အရေးများ) နှင့် အခြားသော ကဏ္ဍများတွင်လည်း ဘာသာရေးခွဲခြားမှု မရှိဘဲ တန်းတူအခွင့်အရေး ရရှိရန်။

၇။ သာသနာရေးဝန်ကြီးဌာနကို ဖျက်သိမ်းရန်။

### အခြား အခြေခံမူများ (Other Principles)

### ပြည်နယ် နယ်နိမိတ် သတ်မှတ်ခြင်း

၁။ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ၏နယ်နိမိတ်သတ်မှတ်ခြင်းကိုလုပ်ငန်းစဉ်တစ်ခုအဖြစ်

ဆောင် ရွက်ရမည်။ ယင်းသို့ နယ်နိမိတ် သတ်မှတ်ရာတွင် ဓလေ့ထုံးတမ်းစဉ်လာနှင့်အညီ ပိုင်ဆိုင်ခဲ့သည့် ဘိုးဘွားပိုင်နယ်မြေများ၊ သမိုင်းကြောင်း အထောက်အထားများနှင့် တရားဝင်ရရှိခဲ့သည့် အခွင့်ရေးများကို အခြေခံရမည်။

## ပြည်ထောင်စုမှ ခွဲထွက်ခွင့်

၁။ ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များသည် ပြည်ထောင်စုမှ ခွဲထွက်လိုပါက မည်သည့်အချိန်တွင်မဆို ခွဲထွက်ခွင့် ရှိရမည်။

ပြည်ထောင်စုမှ ခွဲထွက်ခွင့် "မူ" ကို ကိုယ်စားလှယ်အချို့မှ အခြေခံမူအဖြစ် ထည့်သွင်းရန် ဆွေးနွေးခဲ့ကြပြီး အခြားကိုယ်စားလှယ်များမှ အခြေခံမူအဖြစ် မထည့်သွင်းလိုကြောင်း ဆွေးနွေးခဲ့ကြပါသည်။ သို့ဖြစ်ပါ၍ မှတ်တမ်းအဖြစ်သာ ထားရှိရန် သဘောတူခဲ့ကြသည်။

## အခြေခံမူအဖြစ် ထည့်သွင်းလိုသည့် အကြောင်းအရင်းများ-

၁။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစု ပင်လုံတွင် "ပင်လုံ" ဟူသည့် အမည်နာမကို သုံးနှုန်းထားသည့်အတိုင်း ပင်လုံကတိဝတ်နှင့် ပင်လုံစိတ်ဓာတ်ဖြစ်သည့် (၁) တန်းတူအခွင့်အရေး၊ (၂) ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် နှင့် (၃) ခွဲထွက်ပိုင်ခွင့် တို့အရ ထည့်သွင်းခြင်း ဖြစ်သည်။

၂။ ခွဲထွက်ပိုင်ခွင့်သည် ပြည်ထောင်စုကြီး ပြိုကွဲစေမည့်အရာထက် ပြည်ထောင်စုကို ပိုမိုခိုင်မာစေသည့် အချက်ဖြစ်သည့်အပြင် ပြည်ထောင်စုမှ ခွဲထွက်ခြင်းမရှိစေရန် (၁)တန်းတူနေထိုင်တတ်ရန်၊ (၂) အချင်းချင်း အပြန်အလှန် လေးစားအသိအမှတ်ပြုတတ်ရန် နှင့် (၃) မတူကွဲပြားမှုကို လက်ခံတတ်ရန် ဖြစ်သည်။

၃။ ပင်လုံစာချုပ်နှင့် ပင်လုံကတိကဝတ်များအရ ပြည်ထောင်စုကို စတင်တည်ထောင်သော ချင်း၊ ကချင်၊ ရှမ်း နှင့် ဗမာ ခေါင်းဆောင်များကို ဂုဏ်ပြုသောအားဖြင့် မှတ်တမ်းတင်သင့်သည်။

## အခြေခံမူအဖြစ် မထည့်သွင်းလိုသည့် အကြောင်းအရင်းများ-

၁။ ခွဲထွက်ရေးမူကို အခြေပြုကာ စစ်အာဏာသိမ်းခြင်းနှင့် မလိုလားအပ်သော ကိစ္စများ ပေါ်

ပေါက်လာနိုင်သည့်အတွက် မထည့်သွင်းသင့်ပါ။

၂။ စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်လာပါက ဒီမိုကရေစီအခွင့်အရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အာဏာများ အပြည့်အဝ ရရှိမည်ဖြစ်သောကြောင့် ခွဲထွက်ရေးမူကို ထည့်သွင်းရန်မလိုအပ်ပါ။

၃။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လုပ်ငန်းစဉ်အရ ဆောင်ရွက်နေသည် ဖြစ်သောကြောင့် ဤအချက်ကို ထည့်သွင်းရန် မလိုအပ်ပါ။

အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ တစ်ခုချင်းစီရဲ့ တူညီတဲ့ ဘုံသဘောထားနဲ့ မတူညီသော ဘုံသဘော ထားတွေကို ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ- UPDJC ၏ နိုင်ငံရေးကဏ္ဍ လုပ်ငန်း ကော်မတီသို့ တင်သွင်းပြီးဖြစ်သည်။

**(ရှင်းအမျိုးသားတပ်ဦး၊ သတင်းနှင့်ပြန်ကြားရေးဌာနမှ စုစည်းတင်ဆက်သည်)**

*****************



# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံ ဒုတိယအစည်းအဝေး

## ၂၀၁၇ ခုနှစ်၊ မေလ (၂၄) ရက်မှ (၂၉) ရက်နေ့အထိ MiCC-II, နေပြည်တော်

### နိဒါန်း

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ(ဒုတိယအစည်းအဝေး)ဖွင့်ပွဲအခမ်းအနားကို ၂၀၁၇ ခုနှစ်၊ မေလ (၂၄) ရက်နေ့ မြန်မာစံတော်ချိန် နံနက် (၁၀) နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း-၂ (MICC-2) တွင် ကျင်းပပြုလုပ်ခဲ့သည်။

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီယိုး၊ အငြိမ်းစားဒုတိယသမ္မတများ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဒုတိယကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌများ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်ရေးကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) ညှိနှိုင်းကွပ်ကဲရေးမှူး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌများ၊ တပ်မတော်အရာရှိကြီးများ၊ လွှတ်တော်ကော်မတီဥက္ကဋ္ဌများ၊ နိုင်ငံရေးပါတီ(၈၉) ပါတီမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း(၈)ဖွဲ့မှခေါင်းဆောင်များနှင့်ကိုယ်စားလှယ်များ၊ NCAလက်မှတ်မထိုးသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၇) ဖွဲ့မှ ခေါင်းဆောင်များ၊ ယခင်အစိုးရအဖွဲ့

(ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်သူများ)၊ နိုင်ငံခြားသံရုံးမှ သံတမန်များနှင့် ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းမှ ကိုယ်စားလှယ်များ၊ အစိုးရအသိအမှတ်ပြု NGOs များ၊ လေ့ လာသူများ စုစုပေါင်း (၁၃၀၀) ဦးခန့် တက်ရောက်ကြသည်။

NCA လက်မှတ်မရေးထိုးသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (မြောက်ပိုင်းစစ်ရေးမဟာမိတ်အဖွဲ့)မှ တက်ရောက်သည့်အဖွဲ့များမှာ "ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော် (UWSA)၊ ရက္ခိုင့်တပ်မတော် (AA)၊ တအာင်း အမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) ၊ အမျိုးသားဒီမိုကရေစီ မဟာမိတ်တပ်မတော် (NDAA)၊ မြန်မာအမျိုးသားဒီမိုကရေစီ မဟာမိတ်တပ်မတော် (MNDAA)၊ ရှမ်းပြည်တိုးတက်ရေးပါတီ၊ ရှမ်းပြည်တပ်မတော် (SSPP/SSA) ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO) တို့ဖြစ်ပြီး၊ UNFC အဖွဲ့ဝင် (၅) ဖွဲ့ဖြစ်သော ကရင်နီတိုးတက်ရေးပါတီ (KNPP)၊ မွန်ပြည်သစ်ပါတီ (NMSP)၊ ရခိုင်အမျိုးသားကောင်စီ (ANC)၊ လားဟူဒီမိုကရေတစ်အစည်းအရုံး (LDU), ဝ အမျိုးသားအဖွဲ့ချုပ် (WNO) တို့မှာမူ ဆွေးနွေးဆုံးဖြတ်ခွင့်မရှိသော အထူးဖိတ်ကြားသူ အနေဖြင့်သာ ဖိတ်ကြားခြင်းကြောင့် တက်ရောက်မည်မဟုတ်ကြောင်း ထုတ်ပြန်ခဲ့သည်။

ညီလာခံအဖွင့်မိန့်ခွန်းကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကလည်းကောင်း၊ ကြိုဆိုနှုတ်ဆက်စကားကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လည်းကောင်း၊ အမျိုးသားနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကိုယ်စား KNU ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးစောမူးတူး ဆေးဖို ကလည်းကောင်း၊ နိုင်ငံရေးပါတီများကိုယ်စား USDP ဥက္ကဋ္ဌ ဦးသန်းဌေး တို့ကလည်းကောင်း အမှာစကားများ ပြောကြားခဲ့ပြီး ဖွင့်ပွဲအခမ်းအနားဤတွင် ပြီးဆုံးခဲ့သည်။

## ကဏ္ဍအလိုက် ဆွေးနွေးခြင်း

### (က) ကျင်းပပုံကျင်းပနည်း

ပြည်ထောင်စုငြိမ်းချမ်းညီလာခံ- ၂၁ ရာစုပင်လုံ အစည်းအဝေးတွင် ဆွေးနွေးရမည့် ကဏ္ဍကြီး (၅) ခုဖြစ်သော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်၊ လုံခြုံရေး စသည့် ကဏ္ဍများအလိုက် ဆွေးနွေးပွဲများ စတင်နိုင်ရန်အတွက် သဘာပတိ ဒေါက်တာတင်မျိုးဝင်း (ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ) မှ အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် UPDJC အတွင်းရေးမှူးအဖွဲ့လည်းဖြစ်၊ ချင်းအမျိုးသားတပ်ဦး၏ ဒုတိယဥက္ကဋ္ဌ- ၂ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းမှ ညီလာခံ ကျင်းပမည့်ပုံစံများကို ရှင်းလင်းတင်ပြခဲ့သည်။ ထို့နောက် ရဲဘော်မျိုးဂင်းမှ UPDJC ၏ လုပ်ငန်းအစီရင်ခံစာကို တင်သွင်းပြီးနောက် ကဏ္ဍအလိုက် ဆွေးနွေးရမည့် မူဂါဒ အဆိုပြုချက်များကို နိုင်ငံရေးကဏ္ဍ- ဦးခင်ဇော်ဦး၊ စီးပွားရေးကဏ္ဍ- ဦးလှမောင်ရွှေ၊ လူမှုရေးကဏ္ဍ- ဦးနိုင်ငံလင်း၊ မြေယာနှင့် သဘာဂပတ်ဂန်းကျင်ကဏ္ဍ- ခွန်မြင့်ထွန်း၊ လုံခြုံရေးကဏ္ဍ- ဗိုလ်ချုပ်စိုးနိုင်ဦး စသည့် UPDJC အတွင်းရေးမှူးများက အသီးသီး တင်သွင်းခဲ့ကြသည်။

ကဏ္ဍအလိုက် ဆွေးနွေးပွဲတွင် အထက်ဖော်ပြပါ ကဏ္ဍကြီး (၅) ခုအပေါ် လူမျိုးအလိုက်၊ ဒေသအလိုက်၊ အကြောင်းအရာအလိုက် ကျင်းပပြုလုပ်သော အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲမှ တင်ပြလာသည့်အချက်နှင့် အစုအဖွဲ့အလိုက် UPDJC ကို တင်ပြလာသည့်အချက်များကို UPD-JC မှ ပြန်လည်စုစည်းပြီး အားလုံးလက်ခံနိုင်မည့်အချက်များကို ကဏ္ဍအလိုက် တစ်ချက်ချင်းစီ ဆွေးနွေးခဲ့ကြပါသည်။

၎င်းဆွေးနွေးချက်များမှ ကဏ္ဍအလိုက် အစုအဖွဲ့အသီးသီးက ဆွေးနွေးရရှိသော အဆိုပြုလွှာများကို UPDJC အတွင်းရေးမှူးအဖွဲ့ထံ ပြန်လည်တင်ပြပြီး အဆိုပြုလွှာများကို UPDJC က အကျေအလည် ဆွေးနွေးဆုံးဖြတ်ရသည်။ UPDJC ၏ ဆုံးဖြတ်ချက်များမှရရှိသည့် သဘောထားမူဂါဒများကို ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ- ၂၁ ရာစုပင်လုံ (ဒုတိယအစည်းအဂေး) သို့ ကဏ္ဍအလိုက် သဘောထားမူဂါဒ အဆိုပြုချက်အဖြစ် တင်သွင်းရမည်ဖြစ်သည်။ ကဏ္ဍအလိုက်အဆိုပြုချက်များကိုထောက်ခံကြောင်းအဆိုတင်သွင်းပြီးနောက် သဘာပတိမှအဆိုပြုမူဂါဒများအား အတည်ပြုကြေညာအပြီးတွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့၊ နိုင်ငံရေးပါတီကိုယ်စားပြု ခေါင်းဆောင်များနှင့် အသိသက်သေများမှ လက်မှတ်ရေးထိုး ချုပ်ဆိုရမည်ဖြစ်သည်။

## (ခ) ကဏ္ဍအလိုက် ဆွေးနွေးခြင်း

UPDJC မှ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- ၂၁ ရာစုပင်လုံ (ဒုတိယအစည်းအဂေး) သို့ ကဏ္ဍအလိုက် ဆွေးနွေးရန် အဆိုပြုထားသည့် သဘောထားမူဂါဒများမှာ -

## (ခ-၁) နိုင်ငံရေးကဏ္ဍ

(၁) အချုပ်အခြာအာဏာ

(၂) အချုပ်အခြာအာဏာ ကျင့်သုံးမှု

(၃) တန်းတူရေး

(၄) ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်

(၅) ဖက်ဒရယ်ပြည်ထောင်စု (ဖွဲ့စည်းမှုနှင့် အာဏာခွဲဝေမှု)

(၆) ပါတီစုံ ဒီမိုကရေစီစနစ်

## (ခ-၂) စီးပွားရေးကဏ္ဍ

(၁) ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖော်ဆောင်ရေး

(၂) စီးပွားရေးလက်ဝါးကြီးအုပ်မှုများ မဖြစ်ပေါ်ရေး တားဆီးကာကွယ်ရန်

(၃) ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့် တိုင်းဒေသအသီးသီးတွင် တန်းတူညီမျှသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အခွင့်အလမ်းများရရှိရေး ထိရောက်စွာ ဆောင်ရွက်ရန်

(၄) ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ဒေသန္တရအစိုးရများအကြား ဘဏ္ဍာငွေနှင့် အခွန်ငွေများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ မျှတစွာခွဲဝေရန်

(၅) ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသဦးစီးအဖွဲ့များအကြား စီးပွားရေးလုပ်ပိုင်ခွင့်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ မျှတစွာခွဲဝေရန်၊

(၆) နိုင်ငံတော်၏ ရေတို၊ ရေလတ်၊ ရေရှည် စီးပွားရေးစီမံကိန်းများကို ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိစွာ ချမှတ်ဆောင်ရွက်ရန်

## (ခ-၃) လူမှုရေးကဏ္ဍ

(၁) လက်နက်ကိုင်ပဋိပက္ခများကြောင့်လည်းကောင်း၊ လူလုပ်နှင့် သဘာဝဘေးအန္တရာယ်များကြောင့်လည်းကောင်း၊ဒုက္ခသည်များနှင့်ပြည်တွင်းနေရပ်စွန့်ခွာရသူများကိုခွဲခြားဆက်ဆံမှုမရှိစေဘဲ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ လူ့အခွင့်အရေးကို လေးစားလိုက်နာပြီး ရေရှည်ရှင်သန်ရပ်တည်နိုင်ရေး (Durable Solution) ကိုဦးတည်၍ စနစ်တကျ အစီအစဉ်များ ချမှတ်ဆောင်ရွက်ရန်

(၂) လက်နက်ကိုင်ပဋိပက္ခများကြောင့်လည်းကောင်း၊ လူလုပ်နှင့် သဘာဝဘေးအန္တရာယ်များကြောင့်လည်းကောင်း၊ ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်စွန့်ခွာသူများသည် မိမိနေရပ်နှင့် မိမိသွားလိုရာ အခြားဒေသသို့ လူ့ဂုဏ်သိက္ခာနှင့်အညီ ဘေးကင်းလုံခြုံစွာ အခြေချနေထိုင်နိုင်ရန်

(၃) သက်ကြီးရွယ်အိုများ၊ မသန်မစွမ်းသူများ၊ အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ အခြေခံရပိုင်ခွင့်နှင့် အခွင့်အရေးများကို လူမျိုးရေး၊ ဘာသာရေး၊ ဆင်းရဲ၊ ချမ်းသာစသည်ဖြင့် ခွဲခြားမှုမရှိဘဲ ထိရောက်စွာ ကာကွယ်စောင့်ရှောက်နိုင်ရန်နှင့် လူမှုဘဝမြှင့်တင်မှုကို ဆောင်ရွက်ရန်နှင့် မူးယစ်ဆေးဝါးဆိုင်ရာ ကိစ္စများကို အမျိုးသားရေးပြဿနာ၊ နိုင်ငံရေးပြဿနာအဖြစ် ရှုမြင်၍ ထိရောက်စွာ တားဆီးကာကွယ်၊ တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တရပ်အဖြစ် စီမံချမှတ်ဆောင်ရွက်ရန်

## (ခ-၄) မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍ

(၁) နိုင်ငံလုံးဆိုင်ရာ ဘက်ညီမျှတသည့် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေသည့် ပြည်သူဗဟိုပြုမြေယာ မူဝါဒဖြစ်စေရန်

(၂) သင့်တော်မျှတ၍ တရားနည်းလမ်းကျမှုကို အခြေခံစေရန်

(၃) ဗဟိုထိန်းချုပ်မှု လျော့ချသည့်မူဝါဒများဖြစ်စေရန်

(၄) မြေယာမူဝါဒရေးဆွဲရာတွင် လူ့အခွင့်အရေးစံနှုန်းများ၊ နိုင်ငံတကာစံနှုန်းများ၊ ဒီမိုကရေစီနှင့် ဖက်ဒရယ် စံနှုန်းများကို ထည့်သွင်းစဉ်းစားရေးဆွဲရန်

(၅) မြေယာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပွင့်လင်းမြင်သာမှုနှင့် ရှင်းလင်းသည့် မူဝါဒများဖြစ်စေရန်

(၆) လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် မူဝါဒများ ချမှတ်ဆောင်ရွက်ရာတွင် ဒေသခံများ၏ လိုလားချက်များကို ဦးစားပေး၍ တောင်သူလယ်သမားများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်

စသည့်အခြေခံမူ (၆) ရပ်အပြင်ပိုင်ဆိုင်ခွင့်၊ စီမံခန့်ခွဲခွင့်နှင့်အကာအကွယ်ပြုရေးဆိုင်ရာအစီအမံများကို လည်းဆွေးနွေးခဲ့ကြသည်။

## (ခ-၅) လုံခြုံရေးကဏ္ဍ

(၁) တစ်ခုတည်းသော တပ်မတော် ထားရရှိရေး

ဤကဏ္ဍ (၅) ခုမှ အဆိုပြုလွှာ (၄၁) ချက်ကို ကဏ္ဍအလိုက် နှစ်ရက်တိတိ အကျေအလည် ဆွေးနွေးခဲ့ကြသည်။ ထို့သို့ ဆွေးနွေးရာတွင် အစုအဖွဲ့အလိုက် သဘောထားများ ပိုမိုစုစည်းနိုင်ရန်အတွက် အစုအဖွဲ့အလိုက် ဆွေးနွေးညှိနှိုင်းမှုများကိုလည်း ပြုလုပ်ခဲ့ကြသည်။ NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၈) ဖွဲ့မှ ဖွဲ့စည်းထားသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST)၊ အစိုးရ၊ လွှတ်တော်၊ တပ်မတော် အစုအဖွဲ့၊ နိုင်ငံရေးပါတီများ အစုအဖွဲ့ စသဖြင့် အစုအဖွဲ့ (၃) ခုဖြင့် ညီလာခံ တတိယနေ့တွင် သီးခြားစီဆွေးနွေးမှုများပြုလုပ်ခဲ့သည်။ ဆွေးနွေးပွဲများ ကျေလည်အောင် ဆွေးနွေးနိုင်ရေးအတွက် အစည်းအဝေးကိုလည်း မူလရက်ထက် တစ်ရက်ထပ်တိုးခဲ့သည်။ လုံခြုံရေးကဏ္ဍတွင် "တစ်ခုတည်းသော တပ်မတော်ထားရှိရေးဆိုင်ရာ မူဂါဒ" ကို ဆွေးနွေးကြခြင်းဖြစ်ပြီး အစိုးရ၊ လွှတ်တော်၊ တပ်မတော်အစုအဖွဲ့မှ စာတမ်းတစ်စောင်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၈)ဖွဲ့မှ စာတမ်းတစ်စောင်၊ နိုင်ငံရေးပါတီအစုအဖွဲ့မှ စာတမ်းတစ်စောင်၊ စုစုပေါင်း စာတမ်း (၃) စောင်ကို UPDJC သို့ တင်သွင်းထားသည်။

ကဏ္ဍအလိုက် ဆွေးနွေးချက်များမှ ရရှိသည့် အဆိုပြုချက်များနှင့် ကဏ္ဍအလိုက်၊ အစုအဖွဲ့အလိုက် ဆွေးနွေးခဲ့သည့် အကြောင်းအရာများကို UPDJC အစည်းအဝေးသို့ ပြန်လည်တင်ပြနိုင်ရန်အတွက် UPDJC အတွင်းရေးမှူးအဖွဲ့သည် မေလ ၂၇ ရက်နေ့၌ ပြန်လည်သုံးသပ်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။ အတွင်းရေးမှူးအဖွဲ့၏ တင်ပြချက်များအပေါ် UPDJC က ပြန်လည်သုံးသပ်ပြီး ပြည်ထောင်စုသဘောတူစာချုပ်၏ အစိတ်အပိုင်းတစ်ခုအဖြစ် အတည်ပြုနိုင်ရေးအတွက် ဆောင်ရွက်ရန်ဖြစ်သည်နှင့်အညီ ပြည်ထောင်စုငြိမ်း ချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစည်းအဝေးကို မေလ (၂၈) ရက်နေ့တွင် ပြုလုပ်ခဲ့သည်။

ဤအစည်းအဝေးတွင် ကဏ္ဍအလိုက် ဆွေးနွေးပွဲကတည်းက အမြင်မတူခဲ့သည့် နိုင်ငံရေးကဏ္ဍမှ ခွဲထွက်ခွင့်ကိစ္စနှင့် ပတ်သက်၍ သဘောတူညီမှုမရနိုင်သဖြင့် ပြည်နယ်များ၏ အခြေခံဥပဒေ၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ တန်းတူရေးတို့ကို ချန်လှပ်ထားခဲ့သည်။ အလားတူ လုံခြုံရေးကဏ္ဍတွင် ဆွေးနွေးသည့် တစ်ခုတည်းသော တပ်မတော်ထားရှိမှုဂါဒသည်လည်း ရလဒ်ထွက်ပေါ်နိုင်ခြင်း မရှိခဲ့ပေ။

## (ဂ) မူဝါဒအဆိုပြုချက်များ တင်သွင်းခြင်းနှင့် အဆိုပြုချက် ထောက်ခံကြောင်းအဆို တင်သွင်းခြင်း

UPDJC အစည်းအဝေးမှ ဆွေးနွေးသဘောတူညီခဲ့သော မူဝါဒအဆိုပြုလွှာများကို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- ၂၁ ရာစုပင်လုံ (ဒုတိယအစည်းအဝေး) သို့ တင်သွင်းခဲ့ကြရာ တပ်မတော်အစုအဖွဲ့ ကိုယ်စားလှယ် ဦးခင်ဇော်ဦး (UPDJC အတွင်းရေးမှူးအဖွဲ့ဝင်)က နိုင်ငံရေးကဏ္ဍဆိုင်ရာ မူဝါဒအဆိုပြုချက် (၁၂) ချက်ကိုလည်းကောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့ကိုယ်စားလှယ် စောမြရာဇလင်း (UPDJC အတွင်းရေးမှူးအဖွဲ့ဝင်) က စီးပွားရေးကဏ္ဍဆိုင်ရာ မူဝါဒအဆိုပြုချက် (၁၁) ချက်ကိုလည်းကောင်း၊ နိုင်ငံရေးပါတီများအစုအဖွဲ့ ကိုယ်စားလှယ်ဦးနိုင်ငံလင်း(UPDJCအတွင်းရေးမှူးအဖွဲ့ဝင်)က လူမှုရေးကဏ္ဍဆိုင်ရာ မူဝါဒအဆိုပြုချက် (၄)ချက်ကိုလည်းကောင်း၊လွှတ်တော်အစုအဖွဲ့ကိုယ်စားလှယ်ဦးအောင်စိုး(UPDJCအတွင်းရေးမှူးအဖွဲ့ဝင်) က မြေယာနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒအဆိုပြုလွှာ (၁၀) ချက်၊ စုစုပေါင်း မူဝါဒအဆိုပြုလွှာ (၃၇) ချက်ကို တင်သွင်းခဲ့ကြသည်။

ထို့နောက် မူဝါဒအဆိုပြုချက်များအပေါ် အစိုးရအစုအဖွဲ့ကိုယ်စားလှယ်ဦးနိုင်ဆွေဦး၊လွှတ်တော်အစုအဖွဲ့ ကိုယ်စားလှယ် ဦးဌေးဝင်းအောင် (ခ) ဦးပြုံးချို၊ တပ်မတော်အစုအဖွဲ့ ကိုယ်စားလှယ် ဗိုလ်မှူးကြီးအောင်ခင်သိန်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အစုအဖွဲ့ ကိုယ်စားလှယ် ပဒိုမန်းငြိမ်းမောင်၊ နိုင်ငံပါတီများအစုအဖွဲ့ကိုယ်စားလှယ် ဦးသိန်းထွန်း တို့က ကဏ္ဍအလိုက် တင်သွင်းသည့် မူဝါဒအဆိုပြုချက် (၃၇) ချက်အပေါ် ထောက်ခံကြောင်း အဆိုကို တင်သွင်းကြပြီးနောက် သဘာပတိ ဖြားတန်ခွန်ဥက္ကာ က မူဝါဒအဆိုပြုချက်များအား သဘောတူ အတည်ပြုကြောင်း ကြေညာသည်။

## (ဃ) မူဝါဒ သဘောတူညီချက်များ လက်မှတ်ရေးထိုးခြင်း

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- ၂၁ ရာစုပင်လုံ (ဒုတိယအစည်းအဝေး) အတည်ပြုထားသော ကဏ္ဍအလိုက် သဘောတူညီချက် (၃၇) ချက်ကို တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) အပိုဒ် ၂၀(င) အရ ပြည်ထောင်စုသဘောတူစာချုပ်၏ အစိတ်အပိုင်း (၁) အဖြစ် အစုအဖွဲ့အသီးသီးမှ အောက်ဖော်ပြပါ ကဏ္ဍ (၄) ခု၏ မူဝါဒသဘောတူညီချက်များကို အစုအဖွဲ့တစ်ဖွဲ့ချင်းစီမှ ကိုယ်စားပြုကိုယ်စားလှယ် တစ်ဦးစီက လက်မှတ်ရေးထိုးခဲ့ကြသည်။

## (၁) နိုင်ငံရေးကဏ္ဍ မူဂါဒ သဘောတူညီချက်

### ဖက်ဒရယ်စနစ်တွင် အခြေခံရမည့် မူများ

၁။ **အချုပ်အခြာအာဏာ**။ ။နိုင်ငံတော်၏အချုပ်အခြာအာဏာသည်နိုင်ငံသားများ ထံမှ ဆင်းသက်ပြီး ပြည်ထောင်စုတစ်ဂန်းလုံး၌ တည်သည်။

၂။ **အချုပ်အခြာအာဏာ ကျင့်သုံးမှု**။ ။ နိုင်ငံတော်အချုပ်အခြာအာဏာ၏ မဏ္ဍိုင် (၃) ရပ်ဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာတို့ကို ပိုင်းခြား ကျင့်သုံးခြင်းနှင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းခြင်းတို့ ပြုရမည်။

၃။ **တန်းတူရေး**။ ။တိုင်းရင်းသားလူမျိုးတိုင်းသည်နိုင်ငံရေးအရဖြစ်စေ၊လူမှုရေးအရ ဖြစ်စေ၊တန်းတူရည်တူအခွင့်အရေးရှိရမည့်အပြင် ဘာသာစကား၊စာပေ၊ရိုးရာယဉ်ကျေးမှု နှင့် ဓလေ့ထုံးတမ်းများကို ထိန်းသိမ်းကာကွယ် မြှင့်တင်ခွင် ရှိရမည်။

၄။ **ဖက်ဒရယ်ပြည်ထောင်စုမူ (ဖွဲ့စည်းမှုနှင့် အာဏာခွဲဝေမှု)**

(က) နိုင်ငံတော်ကို ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုအဖြစ် ဖွဲ့စည်းရမည်။

(ခ) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကို တိုင်းဒေသကြီး/ပြည်နယ် များဖြင့် ဖွဲ့ စည်းရမည်။

**မှတ်ချက်။** ။တိုင်းဒေသကြီး/ပြည်နယ်များသည်အခွင့်အာဏာတန်းတူရှိရမည်။အမည် နာမ သတ်မှတ်ချက်နှင့်ပတ်သက်၍ နောက်တွင် ဆက်လက်ဆွေးနွေးမည်။

(ဂ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများကို တိုင်းရင်းသားလူမျိုး များ၏ အမည်ဖြင့် ဖွဲ့စည်းရမည်။

(ဃ) နိုင်ငံတော် အချုပ်အခြာအာဏာ၏ ခက်မ (၃) ဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာ သုံးရပ်ကို ပြည်ထောင်စု၊ တိုင်းဒေသကြီး/ပြည်နယ်များနှင့် ကိုယ် ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသများသို့ ခွဲဝေအပ်နှင်းမည်။ ပြည်ထောင်စု၊ တိုင်းဒေသကြီး/ ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသများအကြား ဥပဒေပြုရေးဆိုင်ရာ အာ

ဂကာများနှင့် ပူးတွဲအာဂကာများကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေက ခွဲဝေအပ်နှင်းပေးရမည်။

(င) တိုင်းဒေသကြီး/ပြည်နယ်များကို ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတည်းဟူသော အာဏာ (၃) ရပ်စလုံးကို အပ်နှင်းစေရမည်။ ဥပဒေပြုရေးအာဏာကို ကျင့်သုံးနိုင်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်၊ အုပ်ချုပ်ရေးအာဏာကို ကျင့်သုံးနိုင်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရနှင့် တရားစီရင်ရေးအာဏာကို ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေက အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များနှင့်အညီ လွတ်လပ်စွာ ကျင့်သုံးနိုင်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်ချုပ်တို့ကို ထူထောင်ခွင့်ရှိရမည်။

(စ) ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများသည် ကောက်ခံရရှိသော အခွန်ငွေများ၊ ဖွံ့ဖြိုးရေးစီမံကိန်းများနှင့် အရင်းအမြစ်များကို ဥပဒေနှင့်အညီ မျှဝေခံစားခွင့်ရှိစေရမည်။

(ဆ) ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်ကြားတွင် သော်လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အချင်းချင်းကြားတွင်သော်လည်းကောင်း၊ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများကို ဖြေရှင်းရန်အတွက် သီးခြားလွတ်လပ်သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးကို တည်ထောင်ထားရှိရမည်။

**၅။ ပါတီစုံဒီမိုကရေစီစနစ်**

(က) ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးရမည်။

(ခ) လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။

**(၂) စီးပွားရေးကဏ္ဍမူဝါဒ သဘောတူညီချက်**

**ဖက်ဒရယ်စနစ် စီးပွားရေးဆိုင်ရာ အခြေခံမူများ**

**၁။ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖော်ဆောင်ရေး**

(က) ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖော်ဆောင်နိုင်ရေးအတွက် ပြည်ထောင်စု၊ တိုင်းဒေသကြီး/ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသများက ခိုင်မာသည့် မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ထုံးလုပ် နည်းများကို ရေးဆွဲပြဋ္ဌာန်းရန်။

**မှတ်ချက်။** ။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ ဦးစီးအဖွဲ့များက မူဂါဒ၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ရေးဆွဲပြဋ္ဌာန်းသည့်ဥပဒေများ ပေါ်ပေါက်လာပါက ဆောင်ရွက်ရန်ဖြစ်သည်။

(ခ) အဆိုပါ မူဂါဒနှင့် ဥပဒေ၊ နည်းဥပဒေတို့နှင့်အညီ ပုဂ္ဂလိကစီးပွားရေးကဏ္ဍကို မြှင့်တင်ဖော်ဆောင်ရာတွင် လူနေမှုအဆင့်အတန်းမြင့်မားရေး၊ ဆင်းရဲနွမ်းပါးမှုလျော့ချရေး၊ လူမှုစီးပွားဖွံ့ဖြိုးမှု ကွာဟချက်များ လျော့ချနိုင်ရေးနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေး (Sustainable Development) တို့ကို ဦးတည် ဆောင်ရွက်ရန်။

(ဂ) ပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေမည့် အစုအဖွဲ့တစ်ခုကဖြစ်စေ လက်ဝါးကြီးအုပ် ဆောင်ရွက်မှုများ မဖြစ်ပေါ်စေရေးအတွက် ဥပဒေများ ပြဋ္ဌာန်းပေးရန်။

၂။ လူတစ်ဦးတစ်ယောက်ဖြစ်စေ၊ တစုအဖွဲ့တစ်ခုကဖြစ်စေ၊ စီးပွားရေး လက်ဝါးကြီးအုပ် ဆောင်ရွက်မှုများ မဖြစ်ပေါ်စေရေးအတွက် ဥပဒေများပြဋ္ဌာန်းပေးရန်။

၃။ ပြည်ထောင်စုနှင့်တိုင်းဒေသကြီး/ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသအသီးသီးတို့တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် တန်းတူညီမျှသောအခွင့်အလမ်းများရရှိရေး ထိရောက်စွာဆောင်ရွက်ရန်။

၄။ ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရများအကြား ဘဏ္ဍာငွေနှင့် အခွန်ငွေများကို ဖွဲ့ စည်းပုံအခြေခံဥပဒေနှင့်အညီ မျှတစွာ ခွဲဝေရန်။

၅။ ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ ဦးစီးအဖွဲ့များအကြား စီးပွားရေးဆိုင်ရာ စီမံခန့်ခွဲပိုင်ခွင့်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ မျှတစွာ ခွဲဝေရန်။

၆။ နိုင်ငံတော်၏ ကာလတို၊ ကာလလတ်၊ ကာလရှည် စီးပွားရေးစီမံကိန်းများကို ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု ရှိစွာဖြင့် ချမှတ်ဆောင်ရွက်ရန်။

**ဒေသဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံမူများ**

၁။ လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးနှင့် လူမှုစီးပွား တိုးတက်ဖွံ့ဖြိုးရေးတို့အတွက် ပြည်ထောင်စု၊ တိုင်းဒေသကြီး/ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသများအကြား ညှိနှိုင်းပူးပေါင်း၍ ဒေသဆိုင်ရာ ဘက်စုံဖွံ့ဖြိုးရေးစီမံကိန်းများ (Reional Comprehensive Develop-

ment Plans) ရေးဆွဲအကောင်အထည်ဖော်ရန်။

**မှတ်ချက်။** ။ ပြည်ထောင်စုအစိုးရက ချမှတ်သော မူဝါဒများနှင့်သော်လည်းကောင်း၊ ပြည်ထောင်စု ဥပ ဒေများနှင့်သော်လည်းကောင်း မဆန့်ကျင်စေဘဲ ဆောင်ရွက်ရန်။

၂။ တိုင်းဒေသကြီး/ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသများ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရန် ပြည်တွင်းနှင့် နိုင်ငံတကာ ရင်းနှီးမြှပ်နှံမှုလုပ်ငန်းများ မြှင့်တင်ရေးအတွက် ဥပဒေများနှင့်အညီ ဆီလျော်သင့်မြတ်သည့် ဆွဲဆောင်မှုရှိသော အစီအစဉ်များ ရေးဆွဲချမှတ်အကောင်အထည်ဖော်ရန်။

## (၃) လူမှုရေးကဏ္ဍမူဝါဒ သဘောတူညီချက်

၁။ လက်နက်ကိုင်ပဋိပက္ခများကြောင့်လည်းကောင်း၊ လူတို့၏ ပြုမူဆောင်ရွက်မှုနှင့် သဘာဝဘေးအန္တရာယ်များကြောင့်လည်းကောင်း၊ ဒုက္ခသည်များနှင့် ပြည်တွင်း နေရပ်စွန့်ခွာရသူများကို ခွဲခြားဆက်ဆံမှုမရှိစေဘဲ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ လူ့အခွင့်အရေးကို လေးစားလိုက်နာပြီး ရေရှည်ရှင်သန် ရပ်တည်နိုင်ရေး (Durable Solution) ကိုဦးတည်၍ စနစ်တကျ အစီအစဉ်များ ချမှတ်ဆောင်ရွက်ရန်။

၂။ လက်နက်ကိုင်ပဋိပက္ခများကြောင့်လည်းကောင်း၊ လူတို့၏ ပြုမူဆောင်ရွက်မှုနှင့် သဘာဝဘေးအန္တရာယ်များကြောင့်လည်းကောင်း၊ ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်စွန့်ခွာသူများသည် မိမိနေရပ်နှင့် မိမိသွားလိုရာ အခြားဒေသသို့ လူ့ဂုဏ်သိက္ခာနှင့်အညီ ဘေးကင်းလုံခြုံစွာ အခြေချနေထိုင်နိုင်ရန်။

၃။ သက်ကြီးရွယ်အိုများ၊ မသန်မစွမ်းသူများ၊ အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ အခြေခံရပိုင်ခွင့်နှင့် အခွင့်အရေးများကို လူမျိုးရေး၊ ဘာသာရေး၊ ဆင်းရဲ၊ ချမ်းသာစသည်ဖြင့် ခွဲခြားမှုမရှိဘဲ ထိရောက်စွာ ကာကွယ်စောင့်ရှောက်နိုင်ရန်နှင့် လူမှုဘဝမြှင့်တင်မှုကို ဆောင်ရွက်ရန်။

၄။ မူးယစ်ဆေးဝါးဆိုင်ရာ ကိစ္စများကို အမျိုးသားရေးပြဿနာ၊ နိုင်ငံရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ပြဿနာအဖြစ် သတ်မှတ်၍ ထိရောက်စွာ တားဆီးကာကွယ်၊ တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တရပ်အဖြစ် စီမံချက် ချမှတ်ဆောင်ရွက်ရန်။

## (၄) မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍ မူဝါဒ သဘောတူညီချက်

၁။ နိုင်ငံလုံးဆိုင်ရာ ဘက်ညီမျှတသည့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေသည့် ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်မှု မြေယာမူဝါဒ ဖြစ်စေရန်။

၂။ သင့်တော်မျှတ၍ တရားနည်းလမ်းကျမှုကို အခြေခံစေရန်။

၃။ ဗဟိုထိန်းချုပ်မှု လျော့ချသည့် မူဝါဒများ ဖြစ်စေရန်။

၄။ မြေယာမူဝါဒရေးဆွဲရာတွင် လူ့အခွင့်အရေးစံနှုန်းများ၊ နိုင်ငံတကာစံနှုန်းများ၊ ဒီမိုကရေစီနှင့် ဖက်ဒရယ် စံနှုန်းများကို ထည့်သွင်းစဉ်းစားရေးဆွဲရန်။

၅။ မြေယာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပွင့်လင်းမြင်သာမှုနှင့် ရှင်းလင်းသည့် မူဝါဒများဖြစ်စေရန်။

၆။လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက်မူဝါဒများ ချမှတ်ဆောင်ရွက်ရာတွင်ဒေသခံများ၏ လိုလားချက်များကို ဦးစားပေး၍ တောင်သူလယ်သမားများ၏ အဓိကလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်။

## ပိုင်ဆိုင်ခွင့်

၇။ နိုင်ငံသားတိုင်းသည် မြေယာဥပဒေနှင့်အညီ မြေယာပိုင်ဆိုင်ခွင့်နှင့် စီမံခန့်ခွဲပိုင်ခွင့်ရှိသည်။ အမျိုးသားနှင့် အမျိုးသမီး တန်းတူညီမျှမှု ရှိရမည်။

## စီမံခန့်ခွဲခွင့်

၈။ မြေယာပိုင်ဆိုင်းခြင်းဆိုင်ရာ စီမံခန့်ခွဲမှု ပြုရာတွင် ဥပဒေနှင့်အညီ အမျိုးသားနှင့် အမျိုးသမီး အခွင့်အရေး တန်းတူညီမျှမှု ရှိရမည်။

၉။ ပိုင်ဆိုင်ခွင့် ချထားပေးသော မြေယာကို မူလရည်ရွယ်ချက်အတိုင်း သတ်မှတ်ကာလအတွင်း လုပ်ကိုင်နိုင်ခြင်းမရှိလျှင် နိုင်ငံတော်က ပြန်လည်ရယူရန်နှင့် အမှန်တကယ် လုပ်ကိုင်လိုသူများအား ပြန်လည်ချထားပေးရေး ဆောင်ရွက်ရန်။

### အကာအကွယ်ပြုရေးဆိုင်ရာ အစီအမံများ

၁၀။ လူမှုရေး၊ ယဉ်ကျေးမှု၊ သမိုင်းဝင်အမွေအနှစ်နှင့် တိုင်းရင်းသားလူမျိုးများ အထွဋ်အမြတ်ထားသော မြေများ ထိခိုက်ပျက်စီးမှုများ မရှိစေရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး ကို ဦးတည် ကြိုးပမ်းဆောင်ရွက်ရန်။

အထက်ဖော်ပြပါ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍဆိုင်ရာ မူဂါဒများ သဘောတူညီချက် (၃၇) ချက်ကို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- ၂၁ ရာစု ပင်လုံ (ဒုတိယအစည်းအဝေး) သို့ တက်ရောက်သည့် အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီ အစုအဖွဲ့များကိုယ်စားလှယ်များကိုယ်စား အောက်ဖော်ပြပါ ခေါင်းဆောင်များနှင့် အသိသက်သေများက ပြည်ထောင်စုသဘောတူစာချုပ်၏ အစိတ်အပိုင်းတရပ်အဖြစ် လက်မှတ်ရေးထိုးခဲ့ကြသည်။

(၁) ဒေါက်တာတင်မျိုးဝင်း (အစိုးရအစုအဖွဲ့ ကိုယ်စားလှယ်)
(၂) ဦးထွန်းထွန်းဟိန် (လွှတ်တော်အစုအဖွဲ့ ကိုယ်စားလှယ်)
(၃) ဒုတိယဗိုလ်ချုပ်ကြီး တင်မောင်ဝင်း (တပ်မတော်အစုအဖွဲ့ ကိုယ်စားလှယ်)
(၄) ပဒိုစောကွယ်ထူးဝင်း (တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအစုအဖွဲ့ ကိုယ်စားလှယ်)

## အသိသက်သေအဖြစ် လက်မှတ်ရေးထိုးသူများ

(၁) ဦးထုံဖူးဒဂုဏ် (တိုင်းရင်းသားကိုယ်စားလှယ်၊ အစိုးရအစုအဖွဲ့)
(၂) ဦးကျော်ဝင်း (ပါဝင်သင့်ပါဝင်ထိုက်သူများ ကိုယ်စားလှယ်၊ အစိုးရအစုအဖွဲ့)
(၃) Rev. Tluang Ceu (ပါဝင်သင့်ပါဝင်ထိုက်သူများကိုယ်စားလှယ်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အစုအဖွဲ့)
၄။ ခွန်သန်းမြင့် (ပါဝင်သင့်ပါဝင်ထိုက်သူများကိုယ်စားလှယ်၊တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အစုအဖွဲ့)
၅။ ဦးထွန်းအောင်ကျော် (တိုင်းရင်းသားကိုယ်စားလှယ်၊ နိုင်ငံရေးပါတီများအစုအဖွဲ့)
၆။ မိုင်းထွန်းမြိုင် (ပါဝင်သင့်ပါဝင်ထိုက်သူများကိုယ်စားလှယ်၊ နိုင်ငံရေး ပါတီများအစုအဖွဲ့)

## ဝေဖန်သုံးသပ်ချက်

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- ၂၁ ရာစုပင်လုံ (ဒုတိယအစည်းအဝေး) မကျင်းပခင်တွင် ထွက်ပေါ်ခဲ့သည့် သတင်းများအရ ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖယ်ဒရယ်ကောင်စီ (UNFC) အဖွဲ့ဝင် (၅) ဖွဲ့သည် NCA ကို လက်မှတ်ရေးထိုးတော့မည်ဟု နိုင်ငံတော်အတိုင်ပင်ခံရုံး

က ကြေညာထားသည်ကို အားလုံး သိရှိကြပြီးဖြစ်ပါသည်။ သို့သော် လက်မှတ်ထိုးခြင်းမရှိသည်သာမက ယခုကျင်းပသည့် ၂၁ ရာစုပင်လုံညီလာခံ ဒုတိယအစည်းအဝေးကို တက်ရောက်လာခြင်းမရှိဘဲ၊ NCA လမ်းကြောင်းမဟုတ်သော အခြားလမ်းကြောင်းဖြင့် ငြိမ်းချမ်းရေးတည်ဆောက်မည်ဟု ဆိုထားသော မြောက်ပိုင်းစစ်ရေးမဟာမိတ် (၇) ဖွဲ့ တက်ရောက်လာသည်ကို စိတ်ဝင်တစား တွေ့ရပါသည်။

မြောက်ပိုင်းစစ်ရေးမဟာမိတ်အဖွဲ့များသည် မေလ (၂၅) ရက်တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က KIO သီးသန့်၊ UWSA, SSPP, NDAA သီးသန့်၊ TNLA, AA, MNDAA တို့အား သီးသန့်စီ သုံးဖွဲ့ခွဲ၍ ၎င်းနေအိမ်၌ တွေ့ဆုံခဲ့သည်။ အဆိုပါ တွေ့ဆုံမှုနှင့် ပတ်သက်၍ ဂပြည်နယ်ပြင်ပဆက်ဆံရေး အကြီးအကဲ ကျောက်ကော့အန်း၏ မီဒီယာများနှင့် တွေ့ဆုံပြောကြားချက်အရ "သူတို့ပြောတဲ့ NCA နဲ့ ကျွန်တော်တို့ ပြန်ပြင်ထားတာ မတူကြောင်း၊ ယခု NCA နဲ့ ကျွန်တော်တို့ လက်မှတ်ရေးထိုးမှာမဟုတ်ဘူး၊ ကျွန်တော်တို့ ပြန်ပြင်ဆင်မှသာ လက်မှတ်ထိုးမှာဖြစ်ကြောင်း၊ ဒီတစ်ခေါက် ဒေါ်အောင်ဆန်းစုကြည် တရုတ်ပြည်ကို သွားတဲ့ အချိန်က One Belt, One Road ပေါ်လစီကို တရုတ်သမ္မတနဲ့ ဆွေးနွေးဖြစ်တယ်။ ဒါကြောင့် တရုတ်ပြည်က ကျွန်တော်တို့ကို တွန်းအားပေးပြီး မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ထဲ ရောက်အောင် သူတို့ရဲ့အကျိုး၊ မြန်မာပြည်ရဲ့အကျိုး၊ နှစ်ဖက်အကျိုးအတွက် ပြောပြီး မြန်မာပြည် ငြိမ်းချမ်းရေးလမ်းစဉ်ထဲ ပါဝင်လာအောင် လုပ်တာပါ" ဟု ထုတ်ဖော်ပြောကြားခဲ့သည်။ မြောက်ပိုင်းစစ်ရေးမဟာမိတ်အဖွဲ့၏စာတမ်းကိုလည်းအစိုးရနှင့်သတင်းမီဒီယာများကိုပေးအပ်ခဲ့ရာ ထိုစာတမ်းတွင် အဓိကအားဖြင့် ညီလာခံကို တက်လာရခြင်းမှာ တရုတ်အစိုးရ၏ ဖိအားပေးမှုကြောင့် ဖြစ်သည်ဟု ဖော်ပြထားသည်။

တစ်ဖက်တွင် UNFC အဖွဲ့ဝင် ငါးဖွဲ့ကို UPDJC မှ အထူးဖိတ်ကြားသူအဖြစ် တရားဝင်ဖိတ်ကြားထားသည့်အပေါ် UNFC အနေဖြင့် ဆွေးနွေးဆုံးဖြတ်ချက်ချနိုင်မည့် အနေအထားမျိုးမဟုတ်ပါကတက်ရောက်မည်မဟုတ်ကြောင်းတရားဝင်ထုတ်ပြန်ခဲ့သည်။ UNFCအဖွဲ့ဝင်များ NCAလက်မှတ်ထိုးရေး/မထိုးရေးကိစ္စနှင့် ပတ်သက်၍ DPN မှ NCA ကို နောက်ထပ်ဖြည့်စွက်သည့် အချက်ကိုးချက်ကို လက်ခံခြင်းမရှိပါက လက်မှတ်ရေးထိုးရန် မဖြစ်နိုင်ကြောင်း၊ DPN မှ ဖြည့်စွက်ထားသည့် အချက် (၉) ချက်တွင် နိုင်ငံရေးဆွေးနွေးမှု မူဘောင်များ ပါဝင်သကဲ့သို့ အချို့သော အချက်များမှာ ချက်ချင်းသဘောတူနိုင်မည့် အချက်များဖြစ်ပြီး အချို့သောအချက်များမှာ ဖြည်းဖြည်းချင်း ဆွေးနွေးရမည့်အချက်များဖြစ်ကြောင်း၊ သို့ဖြစ်၍ Deed of Commitment ကို အရင်လက်မှတ်ထိုးနိုင်ပါက NCA ထိုးသွားမည်ဖြစ်ကြောင်း UNFC အထွေထွေအတွင်းရေးမှူးက ဆိုသည်။

ယခုညီလာခံအတွင်း ကဏ္ဍအလိုက် ဆွေးနွေးပွဲများတွင် အားနည်းချက်တစ်ခုရှိသည်မှာ NCA လက်မှတ်ရေးထိုးပြီးသော အချို့လက်နက်ကိုင်အဖွဲ့များနယ်မြေအတွင်း NCA လမ်းပြမြေပုံ အတိုင်း လူမျိုးအလိုက် (သို့မဟုတ်) ဒေသအလိုက်၊ အကြောင်းအရာအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကို မပြုလုပ်နိုင်ခြင်းကြောင့် နိုင်ငံရေးကဏ္ဍများကဲ့သို့သော အရေးကြီး သည့် အခန်းကဏ္ဍများ ဆွေးနွေးရာတွင် အခက်အခဲနှင့် ရင်ဆိုင်ကြုံတွေ့ရသည်။ ဥပမာ- နိုင်ငံရေးကဏ္ဍတွင် UPDJC က အဆိုပြုသည့် အချက် (၂၁) ချက်အနက် (၁၂) ချက်ကိုသာ ဆွေး နွေးသဘောတူနိုင်ခဲ့သည်။

ကဏ္ဍအလိုက်ဆွေးနွေးပွဲများတွင် အကြိတ်အနယ်ဆွေးနွေးပြီး၊ hot အဖြစ်ဆုံးသော ကဏ္ဍ မှာ နိုင်ငံရေးကဏ္ဍမှ ခွဲထွက်ခွင့်ကိစ္စနှင့် လုံခြုံရေးကဏ္ဍမှ တစ်ခုတည်းသော တပ်မတော်ထား ရှိရေးကိစ္စဖြစ်သည်။ နိုင်ငံရေးကဏ္ဍတွင် ခွဲထွက်ခွင့်ကိစ္စမှာ အပြင်းထန်ဆုံးဆွေးနွေးချက်ဖြစ် ပြီး သဘောတူညီမှု မရရှိနိုင်ခဲ့သည့်အတွက် ပြည်နယ်များ ကိုယ်ပိုင် ဖွဲ့စည်းပုံအခြေခံဥပဒေ ကိစ္စ၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အကြောင်းအရာများပါ တချို့အချက်များကို ချန်လှပ် ထားခဲ့သည်။ ထို့အတူ လုံခြုံရေးကဏ္ဍမှ တစ်ခုတည်းသော တပ်မတော်ထားရှိရေးကိစ္စတွင် မည် သည့် နိုင်ငံတွင်မဆို တပ်မတော်တရပ်ကိုသာ ထားရှိလေ့ရှိသည်မှာ အမှန်ပင်ဖြစ်သည်။ သို့ သော် တပ်မတော်တရပ်ကို မည်သို့မည်ပုံ ဖွဲ့စည်းရမည်ဟူသည့်အပိုင်းတွင် အမြင်မတူနိုင်ခဲ့ သဖြင့် ဤအချက်ကိုလည်း နောင်တွင် ဆက်လက်ဆွေးနွေးရန် ချန်ထားခဲ့သည်။

မည်သို့ပင်ဖြစ်စေ UPDJC မှ ဆွေးနွေးရန် အဆိုပြုတင်သွင်းသည့် ကဏ္ဍကြီး (၅) ခုမှအချက် (၄၁) ချက်အနက် (၃၇) ချက်ကို ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၁) အဖြစ် သဘောတူလက်မှတ်ရေး ထိုးနိုင်ခဲ့ပြီးဖြစ်သည်နှင့် ဆက်လက်ဆွေးနွေးရမည့် အကြောင်းအရာ များ ဆွေးနွေးမှု လွယ်ကူချောမွေ့စေရန်အတွက် (NCA) လမ်းပြမြေပုံနှင့်အညီ လူမျိုးအလိုက်၊ ဒေသအလိုက်၊ အကြောင်းအရာအလိုက် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများကို ဒေသ အသီးသီး၊ လူမျိုးအသီးသီး၊ အကြောင်းအရာများအလိုက် မဖြစ်မနေ ပြုလုပ်သွားရန် အထူးလို သည်ဟု သုံးသပ်တင်ပြအပ်ပါသည်။

**********************

## ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) ဥက္ကဋ္ဌ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ကျေးဇူးတင်စကား

(၂၉-၅-၂၀၁၇ ရက်နေ့၊ ညီလာခံခန်းမ၊ MICC-II ၊ နေပြည်တော်)

လေးစားအပ်ပါသော အလှည့်ကျ သဘာပတိကြီးနှင့်တကွ သဘာပတိအဖွဲ့ဝင်များ၊ ညီလာခံကိုယ်စားလှယ်တော်ကြီးများ၊ အကျိုးဆောင်များ၊ အထောက်အကူပြု အဖွဲ့ဝင်များနဲ့ လေ့လာသူများရှင့်

အခုဆိုရင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ၊ ဒုတိယအစည်းအဝေးရဲ့ သဘောတူညီချက်တွေကို ပြည်ထောင်စုသဘောတူစာချုပ် (Union Accord)ရဲ့ အစိတ်အပိုင်းအဖြစ် ညီလာခံ တက်ရောက်လာကြတဲ့ အစုအဖွဲ့အသီးသီးရဲ့ ခေါင်းဆောင်တွေက လက်မှတ်ရေးထိုးနိုင်ခဲ့ကြပြီ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ တစ်နှစ်ကျော်ကာလအတွင်း ဆွေးနွေးညှိနှိုင်းမှုတွေကြိမ်ဖန်များစွာ ပြုလုပ်ခဲ့ကြပြီးတဲ့နောက် နောက်ဆုံး ဒီညီလာခံကြီးမှာ သဘောတူညီချက်တွေလက်မှတ်ရေးထိုးတဲ့အဆင့်ကို စတင်ရောက်ရှိခဲ့ပါပြီ။

ပထမဆုံးအနေနဲ့ ပြောချင်တာကတော့၊ ဒီကနေ့ လက်မှတ်ရေးထိုးနိုင်ခဲ့တဲ့ သဘောတူညီချက်တွေဟာ "အမျိုးသားရင်ကြားစေ့ရေး၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ပေါ်ထွန်းရေး လမ်းကြီးအပေါ် လျှောက်လှမ်းလိုက်တဲ့ အရေးကြီးတဲ့ ခြေလှမ်းကြီး" ဖြစ်ပါတယ်။ ဒီခြေလှမ်းလှမ်းနိုင်ဖို့၊ သဘောတူညီချက်တွေကို လွယ်လွယ်ကူကူ ရရှိခဲ့တာတော့ မဟုတ်ပါဘူး။ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ စိတ်ဓါတ်ကျစရာတွေ၊ စိတ်တက်ကြွစရာတွေ ကျော်ဖြတ်ပြီးမှ အခုလို ရရှိလာခဲ့တာ ဖြစ်ပါတယ်။

သဘောထားကွဲလွဲမှုတွေ၊ ရှုမြင်ချက် ကွာခြားမှုတွေ အမျိုးမျိုးရှိခဲ့ကြပေမဲ့လည်း ဘုံတူညီတဲ့သဘောထားအမြင်တွေ ဖြစ်လာအောင် ဆွေးနွေးငြင်းခုန် ညှိနှိုင်းနိုင်ခဲ့ကြတာဟာ အင်မတန်မှ အားတက်ဖွယ်ရာ ကောင်းလှပါတယ်။ တွေ့ဆုံဆွေးနွေးခြင်းမှတစ်ဆင့် အနာဂတ် မျိုးဆက်သစ်တွေအတွက် အရေးကြီးလှတဲ့ ဒီမိုကရေစီနဲ့ဖက်ဒရယ် အခြေခံအုတ်မြစ် တည်ဆောက်တဲ့ လုပ်ငန်းစဉ်ကို စတင်နိုင်ခဲ့တာဖြစ်တဲ့အတွက်လည်း ဂုဏ်ယူဖွယ်ရာ ကောင်းလှပါတယ်။ တိုင်းရင်းသားပြည်သူတွေ နှစ်ပေါင်းများစွာ မျှော်လင့်ခဲ့ရတဲ့ ငြိမ်းချမ်းရေးအိပ်မက်ဟာ ပထမဆုံး

အနေနဲ့ ကောက်ကြောင်းတွေ စတင်ရေးဆွဲနိုင်ခဲ့ပါပြီလို့ ပြောနိုင်ပါတယ်။

ဒုတိယအနေနဲ ပြောလိုတာကတော့ ကျွန်မတို့ဟာ "မတူကွဲပြားမှုတွေကြားက စည်းလုံးညီညွတ်မှု ဘယ်လို ရယူနိုင်မလဲဆိုတာကို စပြီး သင်ယူနိုင်ခဲ့ကြပါတယ်"။ တာတိုခရီးတွေမှာ ခွန်အားကြီးသူတွေက သာလွန်တတ်ကြပေမဲ့ တာဝေးခရီးတွေမှာ စိတ်ဓါတ်ခိုင်မာသူတွေက အဓိက အောင်ပွဲဆင်လေ့ရှိကြပါတယ်။ ရှေ့ဆက်လျှောက်လှမ်းရဦးမယ့် ငြိမ်းချမ်းရေးခရီးရှည်ကြီးမှာ ကျွန်မတို့အားလုံးအတွက် ဒီစိတ်ဓါတ်ဟာ ခွန်အား ဖြစ်လာပါလိမ့်မယ်။ ဒီညီလာခံကြီးမှ ကျွန်မတို့ရခဲ့တဲ့ အတွေ့အကြုံများက ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ်မှာ ရှိနေကြတဲ့ သံသယစိတ်တွေကို ဖယ်ရှားပေးနိုင်မယ့် စစည်းညီညွတ်မှု ရရှိရေးဘက်ကို ပို့ဆောင်ပေးနိုင်လိမ့်မယ်လို့ ယုံကြည်ထားပါတယ်။

ကျွန်မတို့အားလုံးမှာ အတိတ်ရဲ့ ဒဏ်ရာဒဏ်ချက်တွေ ကိုယ်စီကိုယ်စီ ရှိကြပါတယ်။ ဒါပေမဲ့ ဒီကနေ့မှာတော့ ကျွန်မတို့အားလုံးဟာ ဒီဒဏ်ရာဒဏ်ချက်တွေကို နောင်လာမယ့် မျိုးဆက်သစ်တွေဆီ လက်ဆင့်ကမ်းလိုခြင်း မရှိတော့ဘဲ ကုစားနိုင်မယ့်နည်းလမ်းကို ရှာဖွေမှုစတင်ခဲ့ပါပြီ။ ကွဲလွဲမှုတွေအကြားက တူညီမှုတွေ ရှာဖွေနိုင်ဖို့ဆိုတာ အမှန်တစ်ကယ်တော့ မလွယ်ကူလှပါဘူး။ ကျွန်မတို့နိုင်ငံလို လက်နက်ကိုင်ပဋိပက္ခတွေ နှစ်ပေါင်း(၇၀)နီးပါး ကြာရှည်ခဲ့ပြီးဖြစ်တဲ့ နိုင်ငံမှာ ပိုမိုပြီး ခက်ခဲနေခဲ့တယ်ဆိုတာ အားလုံးအသိပဲ ဖြစ်ပါတယ်။

ဒီကနေ့မှာတော့ မတူကွဲပြားမှုတွေအကြားမှာ ဘုံတူညီမှုတွေ ရှိနေတတ်တယ်ဆိုတာ သေချာသွားခဲ့ပြီ ဖြစ်သလို ဘုံတူညီမှုတွေကို ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ညှိနှိုင်းဆွေးနွေးရှာဖွေနိုင်တယ်ဆိုတာကို လက်တွေ့ မှတ်ကျောက်တင်နိုင်ခဲ့ပါပြီ။ ပြည်တွင်းစစ်ရဲ့ ဒဏ်ရာဒဏ်ချက်တွေကို မှန်ကန်တဲ့စိတ်ဓါတ်နဲ့ ကုစားပေးနိုင်တယ်ဆိုတာ စိတ်ကူးယဉ်တာ မဟုတ်ဘူးဆိုတာကို ဒီကနေ့ ညီလာခံကိုယ်စားလှယ်ကြီးတွေက လမ်းပြပေးနိုင်ခဲ့ပြီလို့ ဆိုနိုင်ပါတယ်။

တတိယအနေနဲ့ "ငြိမ်းချမ်းရေးခရီးလမ်းမှာ ရှေ့ကိုမျှော် အနာဂတ်ကို အာရုံပြုလို့ သွက်သွက်လက်လက် ဆက်လက်လျှောက်လှမ်းကြဖို့" တိုက်တွန်းချင်ပါတယ်။ ပြည်ထောင်စုသဘောတူညီချက်ရဲ့ အစိတ်အပိုင်းလို့ ဆိုရမယ့် သဘောတူညီချက်တွေကို ဒီကနေ့ လက်မှတ်ရေးထိုးနိုင်တဲ့ ဖြစ်စဉ်ကို စဉ်းစားလိုက်ရင် အတွေးတွေ ဆက်ပေါ် လာပါတယ်။ ဒီပြည်တွင်းစစ်ကို ကျွန်မတို့ စတင်ခဲ့ကြတာ မဟုတ်ပေမဲ့လည်း အဆုံးသတ်နိုင်အောင် ကြိုးစားနေကြတာ ဘယ်သူတွေ

အတွက်လဲ။ ပြည်တွင်းစစ်မှာ အတိဒုက္ခရောက်နေကြရတဲ့၊ ကိုယ်ရောစိတ်ပါ လုံခြုံအေးချမ်းစွာ နေချင်တဲ့ ပြည်သူတွေအတွက်ပဲ ဖြစ်ပါတယ်။ ကျွန်မတို့ ပြည်သူပြည်သားများရဲ့ စိတ်ချမ်းသာမှု အတွက် ရှေ့ကိုဆက်ပြီး လျှောက်လှမ်းကြရဦးမှာ ဖြစ်ပါတယ်။

အာဃာတတွေ၊ နာကျည်းချက်တွေ၊ အနာတရတွေကိုပဲ အာရုံထားနေမယ်ဆိုရင် ခြေထောက် မှာ သံလုံးဆွဲပြီး လမ်းလျှောက်တဲ့သူလို ဖြစ်နေမှာပါ။ ကျွန်မတို့ရဲ့ ခြေလှမ်းတွေကို နေးကွေး လေးလံယိုင်နဲ့စေမယ့် အဲ့ဒီ အာဃာတတရားတွေကို စွန့်ပစ်နိုင်မှသာ ကျွန်မတို့အနေနဲ့ သွက် သွက်လက်လက် အားမာန်အပြည့်နဲ့ ရှေ့ကို လျှောက်လှမ်းနိုင်မှာ ဖြစ်ပါတယ်။

ကျွန်မတို့ ဘယ်အထိလျှောက်ရဦးမလဲ မသိနိုင်သေးပါဘူး။ နေ့စဉ်နေ့တိုင်း စွန့်စားမှုတွေနဲ့ ရင် ဆိုင်နေရတဲ့ ကျွန်မတို့တွေ ငြိမ်းချမ်းရေးရရှိဖို့ ဘယ်လို စွန့်စားမှုမျိုးကိုမဆို ကြောက်ပြီး နောက် တွန့်နေလို့ မဖြစ်ပါဘူး။ ကမ္ဘာကြီးက ကျွန်မတို့ နိုင်ငံကို စောင့်နေမှာ မဟုတ်ပါဘူး။ နိုင်ငံ တကာ တိုးတက်ပြောင်းလဲမှုတွေက ကျွန်မတို့ပြည်ထောင်စုရဲ့ မျိုးဆက်သစ်တွေကို စောင့်ဆိုင်း ငံ့ညှာနေမှာ မဟုတ်ပါဘူး။ ကျွန်မတို့ ဒီကနေ့ စိုက်ပျိုးသမျှ နောင်လာနောက်သားတွေ အသီး အပွင့် ခံစားကြရမှာ ဖြစ်ပါတယ်။ သူတို့တွေရဲ့လက်ထဲမှာ ကျွန်မတို့နိုင်ငံကို ပြည်တွင်းစစ်နဲ့ပဲ ထားခဲ့ကြမှာလား စဉ်းစားကြဖို့ လိုပါတယ်။

ကျွန်မတို့ လက်ထက် စွန့်လွှတ်မှု၊ စွန့်စားမှုတွေနဲ့ ချလိုက်တဲ့ အုတ်မြစ်ပေါ်မှာ နောင်လာမယ့် သား၊ သမီး၊ မြေး၊ မြစ်တွေက ခိုင်မာတင့်တယ်တဲ့ နိုင်ငံကြီးကို ဆက်လက်တည်ဆောက်၊ မွမ်းမံသွားကြနိုင်စေချင်ပါတယ်။ ဒီညီလာခံကြီးထဲကိုမရောက်ရှိကြသေးတဲ့ အဖွဲ့အစည်းတွေ၊ လူ ပုဂ္ဂိုလ်တွေကိုလည်း ကျွန်မတို့နဲ့ အတူတကွ လက်တွဲပူးပေါင်းပြီး သမိုင်းတွင်ကျန်ခဲ့မယ့် လုပ် ငန်းကြီးမှာ ပါဝင်ကြဖို့ အလေးအနက် ဖိတ်ခေါ်ပါကြောင်း ပြောကြားလိုပါတယ်။

ကျွန်မတို့ရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်တစ်ခုလုံးမှာ ကျွန်မတို့နဲ့အတူ ရပ်တည်ပေးခဲ့ကြတဲ့ ကျွန်မတို့ ရဲ့ပြည်သူပြည်သားများ၊ ဘုံသဘောတူညီချက်တွေရရှိလာအောင် အပင်ပန်းခံပြီးပါဝင်ပေးခဲ့ကြ တဲ့ ငြိမ်းချမ်းရေး ဆွေးနွေးဖက် အစုအဖွဲ့ဝင်များ၊ ညီလာခံကိုယ်စားလှယ်များနှင့် ပံ့ပိုးကူညီခဲ့ ကြသူအားလုံး၊ ကျွန်မတို့အပေါ် ယုံကြည်မှု၊ နားလည်မှုနဲ့ ထောက်ခံရပ်တည်ပေးခဲ့ကြတဲ့ မိတ် ဆွေများအားလုံးကို ကျေးဇူးအထူး တင်ရှိပါကြောင်း ပြောကြားလိုပါတယ်။

နိုင်ငံတည်ဆောက်ခြင်းဆိုတာဟာအဆုံးမရှိတဲ့လုပ်ငန်းစဉ်ပါ။တစ်ဆင့်ပြီးမြောက်တာနဲ့နောက် တစ်ဆင့်ကို စရပါတယ်။ ဒီပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ၊ ၂၁-ရာစုပင်လုံ ဒုတိယအကြိမ် အစည်းအဝေးကနေ ကျွန်မတို့ရဲ့ ငြိမ်းချမ်းရေးရာပုံတော် လမ်းကြောင်းပေါ်မှာ နောက်တစ်လှမ်း လှမ်းခဲ့ပါပြီ။ ဒီအစည်းအဝေး ပြီးဆုံးခြင်းက ငြိမ်းချမ်းတဲ့ ဖယ်ဒရယ်ပြည်ထောင်စုဆီသို့ ဦးတည် တဲ့ နောက်ခြေတစ်လှမ်းရဲ့အစကို သတ်မှတ်လိုက်ခြင်းပဲ ဖြစ်ပါတယ်။

တိုင်းပြည်တစ်ပြည်ရဲ့ ငြိမ်းချမ်းတိုးတက်မှု ကျောရိုးကတော့ ပြည်သူတွေရဲ့ တည်မြဲတဲ့ သန္နိဋ္ဌာန် ပဲ ဖြစ်ပါတယ်။

ကျွန်မတို့ပြည်ထောင်စုရဲ့ သားသမီးအပေါင်းကို မေတ္တာရပ်ခံချင်တာကတော့- ငြိမ်းချမ်းရေးကို လိုလားတမ်းတကြောင်း စိုးစိမ့်ချ သံသယ မရှိနိုင်ရလောက်အောင် ပြသကြပါစို့။
ငြိမ်းချမ်းရေးအတွက် နှလုံးသားများကို ခိုင်မာစွာအပ်နှံကြပါစို့။

ကျွန်မတို့တွေဟာ ပြည်တွင်းမှာသာမက၊ နိုင်ငံနယ်နိမိတ်ပေါင်းများစွာ ကျော်ဖြတ်ပြီး ငြိမ်းချမ်း ရေးရဲ့ မိတ်ဆွေတွေဖြစ်တယ်၊ ငြိမ်းချမ်းရေးအတွက် မိတ်ဆွေဖွဲ့နိုင်တယ်ဆိုတာ ပြသကြပါစို့။

ကျွန်မတို့တွေဟာ ငြိမ်းချမ်းရေး ဖန်တီးရှင်တွေ ဖြစ်လာဖို့ သန္နိဋ္ဌာန်ချကြပါစို့လို့ ပြောရင်းနဲ့ နိဂုံး ချုပ်အပ်ပါတယ်။
အားလုံးကို ကျေးဇူးတင်ပါတယ်။

**(ချင်းအမျိုးသားတပ်ဦး၊ သတင်းနှင့်ပြန်ကြားရေးဌာနမှ စုစည်းတင်ဆက်သည်)**

**************************

# တပ်မတော်၏ ငြိမ်းချမ်းရေး အခြေခံမူဝါဒ (၆)ချက်

၁။ ငြိမ်းချမ်းရေးရယူရန် အမှန်တကယ်ဆန္ဒရှိရန်
၂။ သဘောတူစာချုပ်များ၌ ကတိတည်ရန်
၃။ ငြိမ်းချမ်းရေး သဘောတူညီချက်များကို အမြတ်မထုတ်ရန်
၄။ ဒေသခံ ပြည်သူများအပေါ် ဝန်ထုပ်ဝန်ပိုး မဖြစ်စေရန်
၅။ နိုင်ငံတော်က ထုတ်ပြန်သည့် တည်ဆဲဥပဒေများကို တိတိကျကျ လိုက်နာရန်
၆။ ဒို့တာဝန်အရေးသုံးပါးနှင့် ဒီမိုကရေစီ အနှစ်သာရများကို လက်ခံပြီး ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေဖြင့် ဒီမိုကရေစီကို လျှောက်လှမ်းရာတွင် လိုက်ပါဆောင်ရွက်ရန်

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) တွင် ပါရှိသည့် နိုင်ငံရေးလမ်းပြမြေပုံ အဆင့် (၇) ဆင့်

၁။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်- NCA လက်မှတ်ရေးထိုးခြင်း။

၂။ အစိုးရကိုယ်စားလှယ်များနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများက "နိုင်ငံရေး ဆွေးနွေးမှုဆိုင်ရာ မူဘောင်"(The Framework for Political Dialogue) ကို ရေးဆွဲ သဘောတူညီမှု ရယူခြင်း။

၃။ ထိုမူဘောင်ကို အခြေခံ၍ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပခြင်း၊ လုံခြုံရေး ဆိုင်ရာ ပြန်လည်ပေါင်းစည်းခြင်း ကိစ္စရပ်များ၊ လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးခြင်းနှင့် နစ်ဖက် သဘောတူညီသော ကြိုတင်ဆောင်ရွက်ဖွယ်ရာများကို လုပ်ဆောင်ခြင်း။

၄။ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ ကျင်းပခြင်း။ (၂၁ ရာစုပင်လုံ)
၅။ ပြည်ထောင်စုသဘောတူစာချုပ် ချုပ်ဆိုခြင်း။
၆။ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်း၍ အတည်ပြုချက် ရယူခြင်း။

၇။ "ပြည်ထောင်စုသဘောတူစာချုပ် (Pyidaungsu Accord)" ပါ သဘောတူညီချက်များကို အကောင်အထည်ဖော်ခြင်းနှင့် လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းခြင်း လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။

###########